
# မိုးကျော်သူ

## ကျွန်းကလေး၏လျှို့ဝှက်ချက်



စာမူ ခွင့်ပြု အမှတ် ၅၂၃/၉၆(၉)
မျက်နှာဖုံး ခွင့်ပြု အမှတ် ၆၁၀/၉၆(၁၁)

ပထမအကြိမ်
၁၉၉၇ ခုနှစ်
တန်ဖိုး ၉၀/- အုပ်ရေ [၄၀၀]

ထုတ်ဝေသူ ဦးတင်အုန်း (မြဲ ၀၉၄၃)
မိုးမင်းစာပေ
အမှတ် ၉၃၊ ရိပ်သာလမ်း၊ လေးဒေါင့်ကန်၊
သင်္ဃန်းကျွန်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ ဒေါ်ကျင်ငွေ (မြဲ-၀၃၁၄၆)
ဇမ္ဗူအောင်ပုံနှိပ်တိုက်
အမှတ် (၁၀)၊ ဧပယ်ခြံ (၃) လမ်း၊
ကမာရွတ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးရိုက် ဦးကျော်မိုးစိန် (မြဲ ၀၃၁၃၇)
အောင်သာပုံနှိပ်တိုက်
၁၇၂၊ ၃၁ လမ်း၊
ရန်ကုန်မြို့။

9 JAN 1997

# မိုးကျော်သူ

## ကျွန်းကလေး၏ လျှို့ဝှက်ချက်

( ၂ အုပ်တွဲ သိုင်းစာစဉ် )

## မိုးကျော်သူ

# ကျွန်းကလေး၏လျှို့ဝှက်ချက်

(ဒုတိယပိုင်း ဇာတ်သိမ်း)

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသောတာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။



ဝေလီဝေလင်းအချိန်ဖြစ်သည်။

မြေပိုင်ရှင်တိကျူ၏ဧည့်ခန်းသည် ညာဘက်အိပ်ခန်းများ၏ အစွန်ဆုံးအခန်းဖြစ်သည်။

သူသည် အိပ်ပျော်နေစဉ် ရုတ်တရက် 'ချောက်'ခနဲဟူသော အသံကို ကြားလိုက်ရသည်။

သူက လန့်နိုးသွားပြီး မျက်လုံးဖွင့်ကြည့်လိုက်သည်။

အခန်းတစ်ခုလုံးမှောင်နေသော်လည်း မှောင်ထုကိုကျော်၍ သားရှုတစ်ယောက်ဖြစ်ရာ အသံလာရာသို့ လှမ်းကြည့်လိုက်သည်။

ယင်းအသံမှာ သူ့အခန်းတံခါး၏ အသံဖြစ်၏။

တစ်စုံတစ်ယောက် သူ၏ အခန်းတံခါးကို ဖော ရောက်ဖို့ ရန် ကြံစည်နေခြင်းဖြစ်သည်ကို သူသည် ချက်ချင်းသိရှိလိုက်လေ သည်။

ပထမတွင် သူသည်မေးရန် ပါးစပ်ဟလိုက်သည်။

သို့သော် မိမိ၏လူများမဟုတ်မှန်း ချက်ချင်းဆင်ခြင်မိလေ သည်။

အကယ်၍ မိမိ၏လူများထဲမှ တစ်ယောက်ယောက်ဖြစ်နေ လျှင် သူတို့က တံခါးခေါက်မည်သာ ဖြစ်သည်မဟုတ်ပါလော။

သူသည် ယင်းသို့ဆင်ခြင်သုံးသပ်မိရင်း နောက်ထပ်အတွေး တစ်ခုတွေးမိလိုက်လေသည်။

သူတို့သုံးယောက်မှာ တစ်ယောက်ယောက်က လူသတ်သမား ဖြစ်ကောင်း ဖြစ်လိမ့်မည်ဟု သူကယုံကြည်ထား၏။

ထို့ကြောင့် ယခုကဲ့သို့ တံခါးမခေါက်ဘဲ တံခါးကိုတိတ် တဆိတ်ဖွင့်ရန် ကြိုးစားသည်မှာ လူသတ်သမားဖြစ်ရမည်ဟု သူက ယုံကြည်မိလေသည်။

ထို့ကြောင့် သူသည်အသံမပြုတော့ဘဲ ခုတင်ပေါ်မှတိတ် တဆိတ်ဆင်းလိုက်သည်။

အရေးကြုံလျှင် ကာကွယ်နိုင်ရန် ခုတင်ခေါင်းတွင် ထောင် ထားသောတုတ်ကို ဆွဲကိုင်လိုက်သည်။



ထို့နောက် တံခါးရှိရာသို့ တစ်လှမ်းချင်း လျှောက်သွား လေသည်။

ထို့နောက် တံခါးရှေ့တွင် ရပ်လိုက်သည်။

အကယ်၍ လူသတ်ကောင်က တံခါးမင်းတုပ်ကိုဖြုတ်၍ ဝင် ရောက်လာပါလျှင် သူက ရိုက်ချနိုင်ရန် အသင့်ပြင်ထားလေ သည်။

သူသည်အသက်ရှူသံမထွက်မိအောင် အတတ်နိုင်ဆုံးအောင့် ထားလေသည်။

တံခါးမင်းတုပ်ကို ချွန်ထက်သော အရာတစ်ခုဖြင့် အပြင် ဘက်မှနေ၍ ကလန့်နေကြသည်ကို သိလိုက်ရလေသည်။

သူသည် ရင်ခုန်မြန်လာလေသည်။

တုတ်ကိုလက်နှစ်ဖက်ဖြင့် တင်းတင်းဆုပ်ကိုင်ထားပြီး မြှောက် လိုက်လေသည်။

သူသည် စိတ်လှုပ်ရှားနေသဖြင့် တုတ်ကိုမြှောက်လိုက်သော အခါ တံခါးကိုပွတ်မိသွားလေသည်။

သို့တိုင်အောင် အသံအကျယ်လောင်စွာ ထွက်ပေါ်လာ ခြင်းမရှိပါ။

သို့သော် မင်းတုပ်ကလန့်နေခြင်းမှ ရုတ်တရက်ရပ်တန့်သွား သည်။

ထို့နောက် အသံလုံးဝတိတ်ဆိတ်သွားလေသည်။

သူသည် အတန်ကြာစောင့်နေသော်လည်း တံခါးကလန့်
သော အသံမကြားရတော့ပါ။

သူက လက်တစ်ဖက်ကို တုတ်ကိုင်သားပြီး ကျန်လက်တစ်
ဖက်ဖြင့်တံခါးမင်းတုပ်ကို ဖြုတ်လိုက်ပြီးတံခါးကို တွန်းဖွင့်လိုက်
လေသည်။

အခန်းအပြင်ဘက်မှာ မှောင်မည်းနေသော်လည်း လူသူတစ်
ယောက်မှ မရှိသည်ကိုကောင်းစွာ တွေ့နိုင်လေသည်။

သူသည် အရှေ့ဘက်သို့ တစ်ချက်လှည့်ကြည့်လိုက်သည်။
ပြီးနောက် နောက်ဘက်သို့ လှည့်ကြည့်လိုက်လေသည်။

နောက်ဘက်ပေါက်တံခါးပွင့်နေသည်ကို တွေ့ရလေသည်။

မည်းမည်းသဏ္ဍာန်လူရိပ်တစ်ခုသည် ထိုတံခါးပေါက်မှ လှစ်
ခနဲထွက်သွားသည်ကို တွေ့မြင်လိုက်ရလေသည်။

သူသည် ကျန်ရှိသောအဖော်များကို အော်ခေါ်ရန်မေ့
လျော့သွားသည်။

တုတ်ကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ထားပြီး ပြေးလိုက်
သွားလေသည်။

သူသည် တံခါးအပြင်ဘက်သို့ထွက်လိုက်မိသည်နှင့် ကောင်း
ကင်ပေါ်၌ ကြယ်ကလေးများပြည့်နှက်နေ၏။

ကြယ်ကလေးများ၏ အလင်းရောင်အောက် သူနှင့်ပေ
တစ်ရာခန့်အကွာတွင် မည်းမည်းသဏ္ဍာန်လူရိပ်တစ်ခုသည် ပြေး



သွားထွက်ပြေးသွားခြင်းမရှိဘဲ မလှုပ်မယှက်ရပ်နေသည်ကို တွေ့
ရလေသည်။

မြေပိုင်ရှင်တိကျူသည်ထိုလူ့ထံသို့ တစ်လှမ်းချင်းလှမ်းထွက်
သွားသည်။

ထိုလူက ထွက်ပြေးသွားခြင်းမပြုပါ။ ရပ်မြဲရပ်နေ၏။

မြေပိုင်ရှင်တိကျူက ခြေလှမ်းရပ်တန့်လိုက်သည်။

ထိုမည်းမည်းသဏ္ဍာန် လူရိပ်အား သေချာစွာစိုက်ကြည့်
လိုက်သည်။

လူ့အော.... ဝိညာဉ်လော။

သူ၏စိတ်ထဲတွင် သံသယ ဖြစ်လာလေသည်။

ထိုလူက အသံမထွက်ဘဲ သူ့အား လက်ယပ်ခေါ်နေ၏။

သူသည် စိတ်ကိုတင်းလိုက်ပြီး ရှေ့ကို ဆက်လျှောက်သွား
သည်။

ထိုလူရိပ်နှင့် မြားတစ်ပစ်ခန့်အကွာသို့ ရောက်ရှိလာသော
အခါ သူ၏ခြေလှမ်းသည် ရုတ်တရက် ရပ်တန့်သွားလေသည်။

သူ၏မျက်လုံးအစုံသည် မယုံကြည်စွာဖြင့် မျက်လုံးပြူးခြဲ
နေ၏။

ထိုလူရိပ်က သူ့အား ပြုံးပြလိုက်သည်။

ထို့နောက် သူ့ထံသို့ တစ်လှမ်းချင်းလှမ်းနေသည်။

မြေပိုင်ရှင်တိကျူသည် မှင်တက်မိသွားသည်။ အသားအရေး ထိုလူ၏ မျက်နှာကို ထိတ်လန့်အံ့ဩစွာဖြင့် ကြည့်နေ၏။

သူသည် ထိုလူ၏မျက်နှာကို ပီပြင်စွာ တွေ့မြင်သွားလေသည်။ သူ၏မျက်လုံးအစုံသည် ခါတိုင်းထက် သုံးဆခန့်စိုင်းစက် ပြူးကျယ်သွားသည်။

ထို့နောက် တုန်တုန်ယင်ယင်ဖြင့် အသံထွက်လာလေသည်။

'ခင်ဗျား...'

သူက စကားမဆက်နိုင်ခင် ထိုလူက လျှပ်တစ်ပြက် သူ့ရှေ့သို့ ရောက်ရှိလာလေသည်။

သူ့လက်ထဲမှ ဓားတစ်လက်သည် မြေပိုင်ရှင်တိကျူ၏ရင်ဝသို့ ထိုးစိုက်လိုက်လေသည်။

ထိုလူ၏ ဓားအသုံးပြုပုံမှာ အလွန်ကျွမ်းကျင်လှပေသည်။

ဓားတစ်ချက်တည်းနှင့် မြေပိုင်ရှင်တိကျူ၏အသက်ကို ခြွေလိုက်လေသည်။

မြေပိုင်ရှင်တိကျူ အသံပင် မထွက်နိုင်တော့ဘဲ ရုပ်သေးကြိုးပြတ်ပမာ မြေပေါ်သို့ ခွေလဲ ကျသွားလေတော့သည်။

* * *



မိုးစင်စင်လင်းသာပြီ ဖြစ်သည်။

ရဲမက်မှူးဟောင်းက အိပ်ရာမှ နိုးလာလေသည်။

သူသည် အိပ်ရာနိုးလာလျှင် မြေပိုင်ရှင်၏ အခန်းတံခါးကို ခေါက်၍ နှိုးတတ်ပေသည်။

ယနေ့သည်း ခါတိုင်းနံနက်ကဲ့သို့ သူသည် အခန်းထဲမှထွက်လာသည်နှင့် မြေပိုင်ရှင်တိကျူ၏ အခန်းတံခါးကို ခေါက်ရန် လျှောက်သွားလေသည်။

မြေပိုင်ရှင်တိကျူ၏ အခန်းတံခါးမှာ ပွင့်နေ၏။

သူက အခန်းထဲသို့ လှမ်းကြည့်လိုက်သည်။

မြေပိုင်ရှင်တိကျူကို မတွေ့ရပါ။

သူက တစ်ချက်ပြုံးလိုက်သည်။

'ဒီအဘနေ့တော့ ဝါလူဘာစိတ်ကူးပေါက်မှန်းမသိဘူး၊ စောစောစီးစီး အိပ်ရာအနိုးနေပါလား'

သူက ယင်းသို့ မှတ်ချက်ချလိုက်ပြီး မီးဖိုဆောင်ဘက်သို့ လျှောက်သွားသည်။ သူချက်နှာသစ်ပြီးသောအခါ၌ ဗိုလ်မှူးဟောင်းနှင့် လုလုချန်းတို့သည် နံနက်စာ ချက်ပြုတ်ရန် ရောက်လာကြလေသည်။

လုလုချန်းက နှုတ်ဆက်လိုက်သည်။

'မင်္ဂလာရှိသောနံနက်ခင်းပါ'

ရဲမက်မှူးဟောင်းက ပြုံးလိုက်လေသည်။

'မင်္ဂလာရှိပါစေ'

သူသည် ချက်ပြုတ်ရန် ပြင်ဆင်နေသော ဗိုလ်မှူးဟောင်းအား မေးလိုက်လေသည်။

'ဒီနေ့မနက်စာ စားဖို့ ဘာတွေစီစဉ်ထားသလဲ'

လုလုချန်းက ရယ်မောရင်း ပြန်ပြောလိုက်လေသည်။

'အမဲခြောက် ထမင်းကြော်၊ ရေနွေးကြမ်း'

ရဲမက်မှူးဟောင်းက နှာခေါင်းရှုံ့သွားလေသည်။

'ဒီထမင်းကြော် အမဲသားခြောက်ကနေ ဘယ်တော့မှလွတ်မှာလဲဗျာ။ ထမင်းစားရမှာတောင်ကြောက်လာပြီ'

ဗိုလ်မှူးဟောင်းက ရယ်မောလိုက်သည်။

'သိင်လဲ စိတ်ပူပါနဲ့ ရဲမက်မှူး၊ အချိန်နီးလာပါပြီ'

ရဲမက်မှူးဟောင်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်၊ သည်းခံရမှာပေါ့ဗျာ'

ရဲက မျက်နှာကိုသုတ်ရင်း မီးဖိုဆောင်ခန်းထဲမှ လှမ်းထွက်လိုက်လေသည်။

လုလုချန်းက လှမ်းမေးလိုက်သည်။

'ဒါနဲ့ မြေပိုင်ရှင်ကြီးတော့ အိမ်ရာက မထသေးဘူးလား'



ရဲမက်မှူးဟောင်းက ရယ်မောလိုက်လေသည်။

'ထပါပြီဗျာ၊ လူတော ကျုပ်ထက်တောင် စောသေးတယ်'

ဗိုလ်မှူးဟောင်းက ရယ်မောလိုက်သည်။

'ဒီလိုပေါ့ဗျာ—သူ့အလှည့် ကိုယ့်အလှည့်ဆိုတာ အမြဲတမ်းရှိတာပဲ'

ရဲမက်မှူးဟောင်းက ရယ်မောလိုက်ပြီး....

'ဟုတ်ပါတယ်ဗျာ'

သူသည် ဧည့်ခန်းရှိရာသို့ လျှောက်သွားလေသည်။

## သူဘယ်သူ့ကိုတွေ့ခဲ့လို့လဲ

လုလုချန်းနှင့် ဗိုလ်မှူးလေးဟောင်းတို့သည် နံနက်စာနှင့် ရေခွေးကြမ်းကရားကို ဧည့်ခန်း၏ စားပွဲပေါ်သို့ ဆောင်ချပေးနေ၏။

ရဲမက်မှူးဟောင်းက ဖတ်ပြီးသားပေစာကို ထပ်မံဖတ်ရှု လိုက်၏။

ဗိုလ်မှူးလေးဟောင်းက လှမ်းအော်လိုက်သည်။

'ထမင်းကြော် ရပြီဗျို၊ ပူပူနွေးနွေး စားလိုက်ဦး'

ရဲမက်မှူးဟောင်းက စာစောင်များကို ပြန်ချထားလိုက်သည်။ သူက ရေနွေးကြမ်းကိုငှဲရင်း မျက်မှောင်ကုတ်သွားလေသည်။



'မြေပိုင်ရှင်ကြီးက မရောက်သေးပါလား'

ယခုမှ ဗိုလ်မှူးလေးဟောင်းက သတိရလာလေသည်။

'အေး....ဟုတ်သားပဲ၊ သူ မရောက်သေးပါလား'

လုလုချန်း မျက်မှောင်ကုတ်သွားလေသည်။

'သူဘယ်ကိုသွားနေပါလိမ့်'

သူက ဗိုလ်မှူးလေးဟောင်းနှင့် လုလုချန်းတို့အား လှမ်းကြည့်လိုက်သည်။

'ခင်ဗျားတို့ချက်ပြုတ်နေတာ သူ့ကို မတွေ့ခဲ့ဘူးလား'

ဗိုလ်မှူးလေးဟောင်းနှင့် လုလုချန်းတို့က ပြိုင်တူခေါင်းခါယမ်းလိုက်သည်။

'မတွေ့မိဘူးဗျ'

ရဲမက်မှူးဟောင်း မျက်နှာကွက်ခနဲ ပျက်သွားလေသည်။

'သူဘယ်ကိုများ သွားနေပါလိမ့်'

သူသည် နောက်ဘက်တံခါးပွင့်နေသည်ကို ပြန်လည်သတိရလာလေသည်။

'နောက်ဘက်တံခါးကို ခင်ဗျားတို့က ဖွင့်လိုက်တာလား'

ဗိုလ်မှူးလေးဟောင်းနှင့် လုလုချန်းတို့က ပြိုင်တူခေါင်းခါယမ်းလိုက်သည်။

'မဟုတ်ဘူး'

ရဲမက်မှူးယောင်းက ဝုန်းခနဲထရပ်လိုက်ခဲ့သည်။

ထို့နောက် တစ်ဟုန်ထိုး မီးဖိုဆောင်ဘက်သို့ ပြေးလွှားသွားလေသည်။

ဗိုလ်မှူးလေးယောင်းနှင့် လုလုချမ်းတို့သည် တစ်ယောက်မျက်နှာတစ်ယောက် အပြန်အလှန် ကြည့်လိုက်ပြီးနောက် ထိုင်ရာမှ ပြိုင်တူထလိုက်ပြီး ရဲမက်မှူးယောင်းနောက်သို့ ပြိုင်တူပြေးလိုက်သွားကြလေသည်။

* * *

ဗိုလ်မှူးလေးယောင်းနှင့် လုလုချမ်းတို့သည် အနောက်ဘက် တံခါးပေါက်မှ လှမ်းထွက်လာပြီးသည်နှင့် ခပ်လှမ်းလှမ်းတွင် ရပ်နေသော ရဲမက်မှူးယောင်းအား တွေ့မြင်မိလိုက်လေသည်။

တစ်ဆက်တည်းမှာပင် ရဲမက်မှူးယောင်းရှေ့တွင် လဲကျနေသော လူတစ်ယောက်အား တွေ့လိုက်ရလေသည်။

ထိုလူအား သေသေချာချာ မတွေ့မြင်ရသေးသော်လည်း မြေပိုင်ရှင်တိကျူ ဖြစ်ရမည်ဟု သူတို့က သိရှိလိုက်လေသည်။



သူတို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ သက်ပြင်းပြိုင်တူ ချလိုက်ကြလေသည်။

ထို့နောက် ရဲမက်မှူးယောင်းရပ်နေသည့်နေရာသို့ လေးလံသော ခြေလှမ်းများဖြင့် တစ်လှမ်းချင်း လှမ်းသွားလေတော့သည်။

* * *

မြေပိုင်ရှင်တိကျူသည် ပက်လက်လှန် လဲလျောင်းနေ၏။ သူ၏မျက်လုံး အစုံသည် အလွန်အံ့သြပြီး ကြောက်မက်ဖွယ်ရာ ကောင်းသော အရာဝတ္ထုအား တွေ့မြင်လိုက်သည့်အလား ပြူးကျယ်နေ၏။

သူ၏ ရင်ဘတ်ပေါ်တွင် ဓားတစ်လက်စိုက်နေ၏။

မြေပိုင်ရှင်တိကျူအား သတ်သွားသောလူမှာ သမားတော်ကြီးအား သတ်သွားသောလူပင်ဖြစ်သည်ကို သူတို့က မမေးဘဲ သိလိုက်လေသည်။

လူသတ်သမားက ဓားကို အလွန်ကျွမ်းကျင်စွာ အသုံးပြုတတ်သည်ကို တွေ့ရှိရလေသည်။

ဓားတစ်ချက်တည်းနှင့် အသတ်ခံရသည့်လူသည် အသံပင်ထွက်နိုင်ဘဲ သေဆုံးသွားသည်မှာ လူသတ်သမား၏ ဓားကျွမ်း

ကျင်ပုံမှာ မည်သို့ လက်ရာပြောင်မြောက်သည်ကို ပြသနေခြင်း ဖြစ်လေသည်။

တစ်နည်းဆိုရလျှင် လူသတ်သမားသည် ကျွန်ရှိသောလူများအား၊ စိတ်တုန်လှုပ်ချောက်ချားစေရန် အစွမ်းပြလိုက်ခြင်းဖြစ်လေသည်။

သူတို့သုံးယောက်သည် မြေပိုင်ရှင်၏အလောင်းကိုကြည့်ကာ မလှုပ်မယှက် ရပ်နေကြသည်။

အတန်ကြာသောအခါ....

ရဲမက်ချုပ်ဟောင်းက မြေပိုင်ရှင်ကျူ၏ ရင်ဝမှဓါးကို ဆွဲနှုတ်လိုက်သည်။

ထင်းခွေးသည် သမားတော်ကြီးအား သတ်သွားသော ဓါးနှင့် တစ်ပုံစံတည်းဖြစ်နေ၏။

သူတို့အညည် စကားတစ်ခွန်းမှ မပြောကြတော့ပါ။

မြေပိုင်ရှင်၏ အလောင်းကို မြေအောက်ခန်းထဲရှိ လွတ်နေသော အခေါင်းထဲသို့ ထည့်လိုက်လေသည်။

သူတို့သည် ဤကျွန်းပေါ်သို့ ရောက်ရှိပြီး ဤမြေအောက်ခန်းထဲသို့ ပထမဆုံးအကြိမ် ရောက်ရှိလာသည့်အချိန်၌ ဤနေရာတွင် လွတ်နေသော ခေါင်းကိုးလုံး အစီအရီ ချထားသည်ကို တွေ့မြင်ခဲ့ကြရသည်။



ယခုမူ ခေါင်းခြောက်လုံးမှာ အလောင်းများကိုယ်စီ ရှိနေကြပြီဖြစ်သည်။

လွတ်နေသောခေါင်း သုံးလုံးသာကျန်တော့သည်။

ယင်းခေါင်းသုံးလုံးမှာ သူတို့အတွက် ဖြစ်ရမည် မဟုတ်ပါလော။

သူတို့သုံးယောက်မြေပိုင်ရှင်၏ အလောင်းကိုနောက်ဆုံး အရိုအသေပြုပြီးနောက် မြေအောက်ခန်းထဲမှ ထွက်လာကြလေသည်။

သူတို့သည် ညေ့ခန်းရှိရာသို့ ပြန်လည်ရောက်ရှိကြပြီး ထိုင်ကြလေသည်။

စားပွဲပေါ်မှ ထမင်းကြော်ပန်းကန် ဈေးပန်းကန်ကိုကြည့်ကာ သူတို့မှာ ရင်အလိုလိုပြည့်လာပြီး မစားနိုင်ကြတော့ပါ။

* • •

ယနေ့သည် အစသာယားယာရှိသော ရာသီဥတု ဖြစ်နေသည်။

နေရောင်ခြည်သည် ညေ့ခန်းထဲသို့ ထိုးကျနေ၏။

လုလုချွန်းက အတန်ကြာ ထိုင်နေရာမှ ထ၍ရပ်လိုက်သည်။

သူမသည် ချိတ်ထားသော ကဗျာရှိရာသို့ လျှောက်သွားပြီးလျှင် ထိုကဗျာကို အတန်ကြာ စိုက်ကြည့်နေ၏။

ဗိုလ်မှူးလေးဟောင်းက သီးသန့်ခန်းရှိသောဘက်ကို ဖွင့်ပြလိုက်သည်။

'ကြေးရုပ်အဘွားကို သွားကြည့်ချင်ကြသေးသလား'

ရဲအက်မှူးဟောင်းက သူ့ကို လှမ်းမေးလိုက်သည်။

သူသည် စကားမပြောတော့ဘဲ သီးသန့်အခန်း ရှိရာသို့ လျှောက်သွားလေသည်။

လုလုချန်းနှင့် ဗိုလ်မှူးကလေးဟောင်းတို့က သူ့နောက်မှ လိုက်သွား၏။

## ကြေးရုပ်ကလေးသုံးရုပ်

လူငယ်ကလေး ကြေးရုပ်လေးရုပ်တွင် ကြေးရုပ်တစ်ရုပ်မှာအပိုင်းပိုင်းကွဲသွားပြီဖြစ်လေသည်။

ကျန်ရှိသော ကြေးရုပ်သုံးရုပ် လူပုလေး၏ ပြုံးရောင်သမ်းနေသော မျက်နှာများသည် သူတို့အား လှောင်ပြောင်နေသည်ဟု ထင်မှတ်မိလိုက်လေသည်။

ရဲအက်မှူးဟောင်းက အနီးရှိ စုဘီဘံအပ်တံကို ကောက်ဆွဲလိုက်သည်။

သူ၏ မျက်နှာတစ်ခုလုံးမှာ ဒေါသအရှိန်လွှမ်း၍ ...သီ ...ရှိနေ၏။

သူ၏ မျက်လုံးအစုံမှာလည်း မီးခိုးမီးလျှံ တောက်ပလျက် သည့်အလား နီရဲနေလေသည်။

ဗိုလ်မှူးလေးဟောင်းက သူ့အား လှည့်ကြည့်လိုက်သည်။

'ခင်ဗျား၊ ဘာလုပ်မလို့လဲဗျာ'

ရဲမက်မှူးဟောင်းက....

'ဘာထူးတော့မှာလဲ၊ ကျွန်တော့်ကြေးရုပ်တွေကို ရိုက်ခွဲလိုက်မယ်'

ဗိုလ်မှူးလေးဟောင်းက ခေါင်းခါယမ်းလိုက်သည်။

'လုပ်ပါနဲ့ဗျာ၊ ခင်ဗျား မှားသွားမှာပေါ့'

ရဲမက်မှူးဟောင်းက သူ့အား လှည့်ကြည့်လိုက်သည်။

'ဘာဖြစ်လို့လဲ'

ဗိုလ်မှူးလေးဟောင်းက....

'ခင်ဗျားက သူတို့ကို ရိုက်ခွဲလိုက်ရင် ကျုပ်တို့မှာ စိတ်မထိန်းနိုင်တဲ့သဘောပြရာ ရောက်မှာပေါ့'

သူက စကားဆက်လိုက်သည်။

'အခုဟာ ကျုပ်တို့က ဉာဏ်များပြီး အလွန်ကြောက်စရာကောင်းတဲ့ လူသတ်သမားနဲ့ ရင်ဆိုင်နေရတယ်ဆိုတာ ခင်ဗျားလဲ သိတယ်ဗျာ'



ရဲမက်မှူးဟောင်းက....

ကြေးရုပ်များအား ရိုက်ခွဲရန် ရွယ်ထားသောလက်ကို ပြန်ချလိုက်လေသည်။

ဗိုလ်မှူးကလေးဟောင်းက စကားဆက်လိုက်သည်။

'လူသတ်သမားဟာ ကျုပ်တို့ကို စိတ်ချောက်ချားသွားအောင် အကွက်ဆင်ပြီး လုပ်နေတာဗျ'

လုလုချန်းကလည်း ထောက်ခံလိုက်လေသည်။

'ဟုတ်ပါတယ်ရှင်၊ ဒေါသကိုထိန်းထားပါ'

ဗိုလ်မှူးကလေးဟောင်းက....

'သူ့ကဗျာဟာ ရှင်းနေပါတယ်၊ ဘယ်လိုရေးထားသလဲဆိုတော့ လူပုကလေး လေးယောက်ရှင်ကဖို့၊ ဒါဟာ ကျုပ်တို့ လေးယောက် စိတ်လှုပ်ရှားနေတယ်ဆိုတာသိထားလို့ ပိုပြီးစိတ်လှုပ်ရှားအောင် လုပ်ပြလိုက်တဲ့ သဘောပါ'

သူက စကားဆက်လိုက်သည်။

'ကျန်တဲ့လူပုဂ္ဂိုလ်များက ဝိုင်းကာငိုတဲ့၊ အဲဒါဟာ ကျုပ်တို့ ကျန်တဲ့လေးယောက်ထဲမှာ ဖက်တွဲညီညီနဲ့ လက်တွဲတဲ့ကြားက မြေပိုင်ရှင်တိဘျူ ထပ်မံသေဆုံးသွားတဲ့အတွက် ကျုပ်တို့က စိတ်ဓာတ်ကျပြီး ငိုကြွေးနေရမယ်လို့ ရေးထားတာဗျ'

ရဲမက်မှူးဟောင်းက ဒေါသ အနည်းငယ် ပြေသွားပြီဖြစ်သည်။

ဆရာက ခေါင်းညိတ်၍ ဝန်ခံလိုက်သည်။

'ဟုတ်တယ်၊ ကျုပ်စိတ်ကို မထိန်းချုပ်နိုင်တဲ့ ဖြစ်သွား တယ်၊ ခင်ဗျားတားလိုက်လို့ တော်သေးတာပေါ့၊ နို့မဟုတ်ရင် လူသတ်သမားဟာ သူ စီစဉ်ထားတဲ့ အကြံအစည် အတိုင်း အကွက်ဝင်သွားတော့မှာလို့'

ဗိုလ်မှူးကအေးဟောင်းက ခေါင်းညိတ်လိုက်သည်။

'သိပ်ဟုတ်တာပေါ့ဗျာ'

ရဲမက်မှူးဟောင်းက....

'အခု ဘာလုပ်မလဲ၊ ဒီအခန်းကို ဒီအတိုင်းပဲ ပြန်ပိတ်ထား ရမှာလား'

ဗိုလ်မှူးကအေးဟောင်းက ခေါင်းညိတ်လိုက်လေသည်။

'ဒီအတိုင်းထားတာပဲ ကောင်းပါတယ်၊ ရန်သူဟာ အဆင့် ဆင့် အောင်ပွဲခံနေပေမယ့် ဒုစရိုက်မှုဟာ ဘယ်တော့မှ ကြာ ရှည်မပုပ်တည်နိုင်ပါဘူး၊ နောက်တော့လဲ ကျုပ်တို့ အောင်ပွဲ ရလိမ့်မယ်လို့ ကျုပ် ယုံကြည်ပါတယ်ဗျာ'

ရဲမက်မှူးဟောင်းက သက်ပြင်းတစ်ချက် ချလိုက်လေသည်။

'မင်းပြောတာ မှန်တယ်'

သူတို့သည် ကြေးရုပ်ကလေးသုံးရုပ်ကို ပြိုင်တူကြည့်မိကြလေ သည်။



ရဲမက်မှူးဟောင်းက အံကိုတင်းတင်းကြိတ်လိုက်သည်။

'ဒီကြေးရုပ်သုံးရုပ်ကိုတော့ ကွဲအက်ရအောင် ကျုပ်တို့ အစွမ်းကုန် ကာကွယ်ကြမယ်'

သူတို့သည် သီးသန့်ခန်းကို သော့ပြန်ပိတ်ပြီး ထွက်ခဲ့ကြ လေသည်။

❋ ❋ ❋

ညှိခန်းတစ်ခုလုံးမှာ တိတ်ဆိတ်၍နေ၏။

လူစေ့တက်စေ့ အသင့်ချပေးထားသော ကုလားထိုင်ကိုး လုံးတို့မှာ ယခုအချိန်တွင် ကုလားထိုင်သုံးလုံးသာလျှင် လူရှိနေ၏။

ကျန်ကုလားထိုင်ခြောက်လုံးမှာ ဟာလာဟင်းလင်း ဖြစ်နေ ၏။

ကျယ်ဝန်းလှသော ညှိခန်းတွင် လူမရှိဘဲ လွတ်နေသော ကုလားထိုင်ခြောက်လုံးတို့သည် လူတို့၏စိတ်များကို ချောက် ချားလာစေရန် ဖန်တီးနေသည်နှင့် တူလှပေသည်။

ရဲမက်မှူးဟောင်းတို့သုံးယောက်သည် ကုလားထိုင်ပေါ်တွင် ထိုင်နေကြ၏။

သူတို့သည် ဒေါသမဖြစ်စေရန်၊ မတုန်လှုပ်ရန်၊ လူသတ် သမားနှင့် ကြံ့ကြံ့ခံရန်ဟု အချင်းချင်း အားပေးပြောဆိုနေ

ကြသော်လည်း သူတို့၏စိတ်ထဲတွင် အမှန်အားဖြင့် စိတ်ချောက်ချားနေသည်မှာ သေချာ၏။

သူတို့အဖို့ ပို၍စိတ်ချောက်ချားစေရန်မှာ ကံတရားဟူသော အရာ ဝင်ရောက်လာနေခြင်း ဖြစ်သည်။

သူတို့သည် ဤကျွန်းပေါ်သို့ ရောက်ရှိလာသည့်အချိန်၌ လူကိုးယောက်ရှိသည်။

ယခု တစ်ဝက်ပင်မပြည့်သေးပါ။

လူတစ်ယောက်ပြီးတစ်ယောက် အသတ်ခံရ၍ သုံးယောက်တည်းသာ ကျန်တော့သည်။

လူခြောက်ယောက် သေဆုံးသွားသည့်တိုင်အောင် လူသတ်သမားကို မြေလှန်ရှာ၍ အရိပ်အယောင်ပင် မတွေ့ရပါ။

ဤကျွန်းပေါ်၌ သက်ရှိသတ္တဝါဟူ၍ ငှက်ကလေးများနှင့် သူတို့မှလွဲ၍ လူသားဟူ၍ တစ်ယောက်မျှ မတွေ့ခဲ့ရသည်မဟုတ်ပါလား။

အကယ်၍ လူသတ်သမားသည် သည်ကျွန်းပေါ်၌နေထိုင်၍ ရှိပါလျှင် သူက မည်သည့်နေရာသို့ သွားရောက်ပုန်းအောင်းနေနိုင်ပါမည်နည်း။

ကျွန်းပေါ်၌ ပုန်းအောင်းရာ နေရာဆို၍ တောအုပ်နှစ်ခုတည်းသာ ရှိသည်။



ယင်းတောအုပ်မှာ ကျိုးတိုးကျဲတဲသည်ရှိနေသဖြင့် လူတစ်ယောက်မဆိုထားနှင့် ခွေးတစ်ကောင်ပင် ပုန်းအောင်းနေနိုင်ရန် နေရာမရှိပါ။

အကယ်၍ ပုန်းအောင်းနေနိုင်မည် ဆိုကြပါစို့။ ကျွန်းကလေးမှာ မကြာခဏ လေမုန်တိုင်းကျတတ်သည်။ မိုးသဲကြီးမည်းကြီး နေ့စဉ်ရက်ဆက် ရွာတတ်သည်။

ထိုအချိန်အခါမျိုး၌ ယင်းလူသတ်သမားသည် မည်သည့်နေရာမှာ ပုန်းအောင်းမည်နည်း။

ပုန်းအောင်းနိုင်ရန်မှာ မြေအောက်ခန်းတစ်ခုသာ ရှိနေသည်။

သို့သော် မြေအောက်ခန်းမှာ လူသေအလောင်းနှင့် အရက်စည်များသာ ရှိသည်။

လူသတ်သမားက မည်မျှ သတ္တိရှိစေကာမူ နေ့ရောညပါ လူသေအလောင်းများနှင့် အတူနေနိုင်စွမ်းမည် မဟုတ်ပါ။

ထို့အပြင် ယင်းမြေအောက်ခန်းကိုလည်း သူတို့က မကြာမကြာဆင်း၍ အရက်ယူရသည် မဟုတ်ပါလော။

ထို့ကြောင့် သူတို့သည် ဤကျွန်းပေါ်တွင်လက်ရှိအခြေအနေ၌ သက်ရှိလူသားဟူ၍ သူတို့သုံးယောက်တည်းသာ ရှိသည်။

ဤသို့ဆိုလျှင် လူသတ်သမားသည် သူတို့ထဲက တစ်ယောက်ယောက် ဖြစ်ရမည်သာဖြစ်သည် မဟုတ်ပါလော။

ယင်းကဲ့သို့ သံသယဝင်ရောက်လာသည်နှင့် သူတို့သုံးယောက်သည် လူသတ်သမားကို စုပေါင်းကာကွယ်ရန်ထက် တစ်ယောက်၏လှုပ်ရှားမှုကို တစ်ယောက်က သံသယမျက်လုံးဖြင့် သတိပြုကြည့်နေကြ၏။

ရဲခက်မှူးဟောဝင်းအား လုလုချန်းနှင့်ဗိုလ်မှူးကာလေးတောင်တို့ကို မျက်ခြည်မပြတ် သတိပြုကြည့်မိနေ၏။

'လူသတ်သမားဟာ သူတို့နှစ်ယောက်ထဲက တစ်ယောက်ယောက် ဖြစ်ကိုဖြစ်ရမယ်၊ ဒါမှမဟုတ် သူတို့နှစ်ယောက်ပေါင်းပြီး လုပ်ကြတာဖြစ်ရမယ်'

သူအား ဤသို့တွေးရင်း ခေါင်းတညိတ်ညိတ်ဖြင့်—

'သူတို့နှစ်ယောက်ပေါင်းပြီး လုပ်ကြတာ ပိုပြီးဖြစ်နိုင်တယ်'

သူသည် တွေးရင်းတွေးရင်း ဗိုလ်မှူးကာလေးတောင်နှင့် လုလုချန်းတို့၏ လှုပ်ရှားမှုကို ပြန်လည် ဆင်ခြင်သုံးသပ်လိုက်ပြန်လေသည်။

'သူတို့နှစ်ယောက်စလုံးဟာ ထိပ်တန်းသိုင်းပညာ တတ်သားတွေ ဖြစ်ရမယ်၊ အဲဒါကို သူတို့ဘာဖြစ်လို့ လူမသိအောင် ဖုံးကွယ်ထားရတာလဲ၊ ဒါဟာ သံသယဖြစ်လောက်တဲ့ အချက်တစ်ချက်ပဲ'

သူကားတွေးရင်း သူ၏အတွေးသည် မှန်ကန်နေသည်ဟု ယူဆမိလာလေသည်။



'ဗိုလ်မှူးကာလေးတောင်း သိုင်းပညာတတ်တယ် ဆိုတာ ဆန်းပါဘူး၊ လုလုချန်းဟာ ကြေးတန်းစားဂေဟာမယ်တစ်ယောက်ဖြစ်တယ်၊ သူဘာအကြောင့် သိုင်းပညာကို တတ်ထားရတာလဲ၊ သူ့ကိုယ်သူကာကွယ်ဖို့ဆိုရင် ဒီလောက် အဆင့်မြင့်အောင်တော့ သင်ထားမှာ မဟုတ်ဘူး'

သူက ဆက်၍ တွေးတောနေ၏။

'လုလုချန်းဟာ ကြေးတန်းစားမယ် တစ်ယောက်၊ ဒါပေမယ့် သူ့ ဝတ်စားဆင်ယင်ပုံက ဆန်းဆန်းပြားပြား မရှိဘူး၊ သူ့ မွမ်းမံပြင်ဆင်ထားတာလဲ ကြေးတန်းစားမယ် တစ်ယောက်နဲ့ မတူဘူး၊ အထူးသဖြင့် သူ့ရဲ့ပြောဆိုဆက်ဆံပုံဟာ တည်တည်ငြိမ်ငြိမ်ရှိတယ်၊ ဉာဏ်ပညာထက်မြက်တာကိုလဲ တွေ့ရတယ်'

သူက တွေးရင်း စားပွဲကို ပုတ်လိုက်လေသည်။

'ဟုတ်တယ်၊ ငါ အစတုန်းက ဘာဖြစ်လို့ ဒါတွေ မတွေးမိတာလဲ'

'ဝုန်း'

သူက စားပွဲကို အားရပါးရပုတ်လိုက်သဖြင့် လုလုချန်းနှင့် ဗိုလ်မှူးကာလေးတို့သည် သူ့အား ပြိုင်တူ လှည့်ကြည့်မိလေသည်။

ရဲမက်မှူးဟောဝင်းက မိမိ အတွေးလွန်သွားသည်ကို သတိရလိုက်လေသည်။

သူက အားတုံ့အားနာဖြင့် ပြုံးပြုံးလိုက်မိသသည်။

လုလုချွန်းနှင့် ဗိုလ်မှူးကလေးဟောင်းတို့သည် ရယ်ရယ်ပြုံးပြုံးမရှိဘဲ သူ့အား စိုက်ကြည့်နေ၏။

သံသယစိတ်များ ဖြစ်ပေါ်နေသောကြောင့်လား မသိ၊ လုလုချွန်းနှင့်ဗိုလ်မှူးကလေးဟောင်းတို့၏အကြည့်သည် လူစိမ်းတစ်ယောက်အကြည့်မျိုး ဖြစ်နေသည်ကို သူ ခံစားမိသလေသည်။

'ဟုတ်ပါပြီ၊ သူတို့နှစ်ယောက် ပေါင်းကြံ အားဖြစ်ရမယ်၊ ငါ့ကို ကြည့်နေတဲ့ပုံဟာ စိမ်းလှချည်လား၊ သူတို့ကို သတိထားမှ ဖြစ်မယ်၊ သူတို့ကို မယုံရတော့ဘူး၊ သူတို့နဲ့ ခပ်ခွာခွာနေမှ ဖြစ်တော့မယ်'

သူသည် ယင်းသို့တွေးနေစဉ် ဗိုလ်မှူးကလေးဟောင်းကလည်း တွေးနေ၏။

'ကျွန်းကလေးပေါ်မှာတော့ ငါတို့သုံးယောက်အလွဲသို့ လူသားတစ်ယောက်မှ မရှိဘူး၊ နှစ်ယောက်ထဲက တစ်ယောက်ယောက်ကို ဖြစ်ကိုဖြစ်ရမယ်'

သူသည် တွေးရင်း ရဲမက်မှူးဟောင်းနှင့် လုလုချွန်းတို့အား တစ်လှည့်စီကြည့်မိသသည်။

'ရဲမက်မှူးဟောင်းက ဗိုဖြစ်နိုင်တယ်၊ သူဟာ မှောင်းကိုင်တွယ်လာတဲ့ပုဂ္ဂိုလ်တစ်ယောက်၊ သူဟာ လူသတ်မှုနဲ့ပတ်သက်ပြီး



အတွေ့အကြုံရင့်ကျက်နေတဲ့လူတစ်ယောက်ဖြစ်တယ်၊ ဒါကြောင့် အခုလိုပိပိရိရိ ကြံစည်တဲ့လူသတ်မှုဟာ သူကလွဲလို့ ဘယ်သူများ ဖြစ်နိုင်ဦးမှာလဲ'

သူသည် တစ်ဖန် လုလုချွန်းအား လှည့်ကြည့်မိလေသည်။

'သူ့ကိုလဲစိတ်ချလို့မရဘူး၊ သူဟာ ကြေးတန်းစားအလှမယ်တစ်ယောက်၊ ဒါပေမယ့် သူက ဘာဖြစ်လို့ ထိပ်တန်းသိုင်းပညာကိုတတ်ထားတာလဲ၊ နောက်ပြီး တတ်ထားတဲ့သိုင်းပညာကို ဘာကြောင့် လူသိမခံဘဲဝှက်ထားရတာလဲ၊ ဉာဏ်ပညာလဲ ကျူးဖိတ်ထက်သာတယ်၊ ဒါကြောင့် သူဟာ မိန်းကလေးတစ်ယောက်ပေမယ့် လျှော့တွက်လို့မရဘူး'

အလားတူပင် လုလုချွန်းကလည်း တွေးတောဆင်ချင်နေ၏။

'ငါ့အဖို့တော့ တစ်သက်နဲ့တစ်ကိုယ် ကြုံဖူးသောလူသတ်သမားနဲ့ရင်ဆိုင်နေရပြီ၊ ဒီလူသတ်သမားက ဘယ်သူလဲ၊ တခြားလူတော့ မဖြစ်နိုင်ဘူး၊ ကျွန်းပေါ်မှာဆိုရင် လူသေအလောင်းတွေလွဲလို့ ငါတို့သုံးယောက်ပဲရှိတော့တယ်၊ ဒါကြောင့် လူသတ်သမားဟာ ရဲမက်မှူးဟောင်း၊ ဒါမှမဟုတ် ဗိုလ်မှူးကလေးဟောင်းတစ်ယောက်ပဲ ဖြစ်ရမယ်'

သူမက ဆက်လက်တွေးတောနေ၏။

'ကျွန်းပေါ်ကိုရောက်ပြီး လူသတ်မှု စတင်ပေါ်ပေါက်သာတဲ့အချိန်ကစပြီး အခုအချိန်အထိ အများဆုံးလှုပ်ရှားတဲ့သူ

တာ ရဲမက်မှူးဟောင်းပဲဖြစ်တယ်၊ သူ့ရဲ့လှုပ်ရှားပုံက လူသတ်မှုကိုတာဝန်ယူပြီ ဘာ့ စုံစမ်းစစ်ဆေးနေတဲ့အရာရှိ တစ်ယောက်ရှိနေရာယူထားတယ်၊ သူက ဘာကြောင့် ဒီလောက်တောင် စိတ်ဝင်စားနေရတာလဲ'

သူမက ဆက်လက်တွေးတောနေ၏။

'ဒီလို လူသတ်မှုမှုခင်းတစ်ခု ပေါ်တိုင်းပေါ်တိုင်း သူက ရှေ့ဆုံးကနေ ဦးစီးဦးဆောင်လုပ်ပြီးပြောတယ်၊ မှတ်ချက်ချတယ်၊ ဒါဟာ သူကျူးလွန်ခဲ့တဲ့လူသတ်မှုကို အများက သူ့အပေါ်သံသယဖြစ်ရာအောင် အာရုံလွှဲပြောင်းပေးတာနဲ့ တူဘူးလား၊ နောက်ပြီး သီးသန့်အခန်းရှိနေသူဟာ သူကအများဆုံး ထိန်းသိမ်းထားရတယ်၊ ဒါကြောင့် ကြွေရုပ်ကလေးကို သူက ရိုက်ခွဲဖို့အခွင့်အရေးရှိတယ်'

သူမသည် ယင်းသို့ဆင်ခြင်သုံးသပ်တွေးတောနေစဉ် ရဲမက်မှူးဟောင်းမှာ လူသတ်သမားဖြစ်နိုင်သည်ဟု ပို၍ သံသယဖြစ်လေလေဖြစ်လာသည်။

တစ်ဖန် သူမသည် ဗိုလ်ကလေးဟောင်း ရှောင်ဖုန်းအား သံသယတစ်ချက် ဝေ့ကြည့်လိုက်သည်။

'သူ့ကိုလဲ မမေ့ထားလို့မရဘူး၊ သူဟာ လူသတ်သမားဖြစ်ဖို့ ထောက်ပြတဲ့ မသင်္ကာဖွယ်ရာ အချက်အလက်တွေအများကြီး တွေ့ရတယ်'



သူမသည် ဗိုလ်ကလေးဟောင်း၏ မသင်္ကာဖွယ်ရာ အချက်အလက်များကို စဉ်းစားနေ၏။

'ဗိုလ်ကလေးဟောင်းဟာ အဆင့်မြင့်သိုင်းပညာတတ်သားတယ်ဆိုတာ ယုံမှားစရာမရှိပါဘူး၊ အထူးသဖြင့် သူ့ရဲ့ကိုယ်ပေါ့ပညာဟာ ပိုပြီး သံသယဖြစ်စရာကောင်းတယ်၊ သူဟာ ကိုယ်ပေါ့ပညာ အလွန်ထူးချွန်တဲ့အတွက် လူတစ်ယောက်ကို သတ်ပြီးရင် သူဟာ လူအများရှိနေတဲ့နေရာကို တစ်မုဟုတ်ချင်း ရောက်နိုင်တယ် မဟုတ်လား'

သူမက ဆက်လက်တွေးတောနေ၏၊

'သူဟာ သီးသန့်ခန်းသော့ကိုလဲ အများဆုံး ထိန်းထားရတယ်၊ ဒါကြောင့် ကြွေရုပ်ကလေးကိုရိုက်ခွဲဖို့ သူ့မှာပိုအခွင့်အရေးရတယ်၊ နောက်ဆုံး ရဲမက်မှူးဟောင်းက ကြွေရုပ်ကလေးကို ရိုက်ခွဲဖို့လုပ်တုန်းက သူက ဘာကြောင့်အသေအလဲ တားနေရတာလဲ'

သူမက ဆက်လက်စဉ်းစားသည်။

'နောက်တစ်ချက်က အိမ်ကြီးထဲ သေစာထုပ်ကို ဘယ်သူတစ်ယောက်မှမတွေ့မိဘူး၊ သူတစ်ယောက်ထဲကသာတွေ့ခဲ့တယ်၊ ဒီသေစာထုပ်ကို သူဘယ်ကရလာတာလဲ၊ ဒီသေစာထုပ်ကို အားလုံးစိတ်ဝင်စားလာအောင် သူက ဘာကြောင့် ဖန်တီးလိုက်ရတာလဲ'

သူမက ဆက်လက်စဉ်းစားလိုက်သည်။

'အစတုန်းကတော့ ဒါတွေကို ငါသတိလဲမရဘူး၊ စဉ်းစားလဲ မစဉ်းစားမိဘူး။ အခုသေသေချာချာ စဉ်းစားလိုက်တဲ့အခါမှာ စိတ်ဝင်စားရာကောင်းလာတာကို တွေ့ရတယ်၊ သူတာကြောင့် ဒီပေစာထုပ်ကို အာလုံးစိတ်ဝင်စားလာအောင် လုပ်နေရတယ်ဆိုတာ နားလည်လိုက်တော့တယ်'

သူမသည် ကျိတ်၍သက်ပြင်းတစ်ချက် ချလိုက်လေသည်၊

'သူ့ရဲ့အဓိကရည်ရွယ်ချက်ကတော့ လူသတ်သမားဟာ ဒီကျွန်းပေါ်ရောက်ရှိနေတဲ့ ကိုးယောက်ထဲက မဟုတ်ဘူး။ ဒီကျွန်းပေါ်မှာ မြို့စားကြီးရဲ့သားတစ်ယောက် ရှိနေသေးတဲ့အကြောင်း။ ဒီသားဟာလဲ အခုသုံးနှစ်အတွင်းမှာ သိုင်းလောကတစ်ခုလုံး ဖိမ့်ဖိမ့်တုန်အောင် လုပ်ဆောင်သွားတဲ့ သိုင်းလောကမှ တရားသူကြီးနဲ့ရောစပ်ပြီး အာရုံရောက်ရှိသွားအောင်ရည်ရွယ်ပြီး လုပ်ဆောင်တာဖြစ်မယ်'

သူမသည် တွေးရင်းတွေးရင်း ရဲကော်မှူးဟောင်းနှင့် ဗိုလ်ကလေးဟောင်းတို့သည် လူသတ်သမားဖြစ်ရမည်ဟု ကောင်းစွာယုံကြည်လာလေသည်။

'အင်း…ငါဟာ သူတို့ကိုသတိထားရလိမ့်မယ်၊ သူတို့ကင်းအောင်နေမှ ငါအသက်ချမ်းသာနိုင်မယ်'

သို့သော် သူမသည် ယင်းသို့ တွေးနေသည်ဖြစ်သော်လည်း သူမ၏မသိစိတ်မှာမူ ဗိုလ်ကလေးဟောင်းအပေါ် သံယော[illegible]တွယ်မိနေ၏။



သူမသည် ဤကျွန်းပေါ်သို့ရောက်သည့်အချိန်မှစပြီး သူနှင့် ဗိုလ်ကလေးဟောင်းရှောင်ဖုန်းတို့သည် စိတ်တူကိုယ်တူဖြစ်သည်။ အတွေးအခေါ်အယူအဆလည်း တူညီ၏။ ဗိုလ်ကလေးဟောင်းသည် သူမအပေါ် ကြင်နာယုယနေသည်ကိုလည်း၊ သူမက သိရှိခံစားမိသည်။

သူမသည် သက်ပြင်းတစ်ချက်ချလိုက်သည်။

ရင်ထဲမှာသည်း ယင်းသို့ကျိတ်၍ ဆုတောင်းမိသေးသည်။

'လူသတ်သမားဟာ ဗိုလ်ကလေးရှောင်ဖုန်း မဟုတ်ပါစေနဲ့'

သီးသန့်ခန်း၏ လျှို့ဝှက်တံခါး

ကျယ်ဝန်းလှသော အိမ်ကြီးထဲတွင် လူသုံးယောက်တည်းသာ ရှိတော့သည်။

ယင်းလူသုံးယောက်သည် လူသတ်သမားအား တွန်းလှန်ရန် တစ်ယောက်ကိုတစ်ယောက် အကိုပြုထားကြသည် ဖြစ်သော်လည်း....

သူတို့မှာ သံသယစိတ်များ ကိုယ်စီကိုယ်ဝ ရှိနေပီသောကြောင့် တစ်ဦးပေါ်မှာတစ်ဦး သက်ာမကင်းဖြစ်နေကြ၏။

တစ်ယောက်၏ လှုပ်ရှားမှုကိုတစ်ယောက်က မျက်ခြည်မပြတ် စိုက်ကြည့်နေကြ၏။



အထူးသဖြင့် သူတို့သည် တစ်ယောက်နှင့်တစ်ယောက်အာဘတ်နှင့်ဆုံ ကင်းကင်းရှင်းရှင်း နေလိုကြသဖြင့် တစ်ဦးအပေါ်တစ်ဦး ပို၍သံသယစိတ်များ ကြီးထွားလာလေသည်။

ရဲမက်မှူးဟောင်းအာ လုလုချန်းနှင့် ဗိုလ်မှူးလေးဟောင်းတို့ကို မျက်ခြည်မပြတ် စောင့်ကြည့်နေသကဲ့သို့ ဗိုလ်မှူးလေးဟောင်းနှင့် လုလုချန်းတို့မှာလည်း ရဲမက်မှူးဟောင်းအား မျက်ခြည်မပြတ် စောင့်ကြည့်နေ၏။

ယင်းသို့ တစ်ဦးနှင့်တစ်ဦး စောင့်ကြည့်နေကြစဉ်မှာပင် သံသယမကင်းသော အကြောင်းအရာများ ပို၍တွေ့မြင်လာကြလေသည်။

ဗိုလ်မှူးဟောင်းသည် သူတို့သုံးယောက်ကြားမှ မကြာခင်ကြာ ပျောက်ကွယ်သွားတတ်သည်။

သူ့အား မေးလိုက်လျှင် အိမ်သာတက်သည်ဟု အကြောင်းပြသည်။

သို့သော် ဗိုလ်မှူးလေးဟောင်း၏ အိမ်သာ တက်သည့်အကြိမ်မှာ လေးကြိမ်တိတိ ရှိသည်ကို သူတို့က မှတ်သားထားသည်။

လုလုချန်းကလည်း တစ်ခါတစ်ရံ ပျောက်ကွယ်သွားတတ်ပြန်သည်။

သူမက ကူးတို့လှေ ရောက်လာမလာ သိလို၍ သွားရောက်မျှော်ကြည့်သည်ဟု အကြောင်းပြ ပြောဆိုလေသည်။

သူမသည်းပဲ တစ်နေ့လုံး သုံးလေးကြိမ်ခန့် ပျောက်သွားတတ်သည်။

ရဲခက်မှူးဟောင်းကလည်း ဤအတိုင်းဖြစ်သည်။

သူ၏ အကြောင်းပြချက်မှာ ဤအိမ်ကြီး၏ ရာဇဝင်အကြောင်းကို ပိုမိုသိလို၍ နောက်ထပ်ပေစာများ တွေ့ကောင်းတွေ့ငြား လိုက်လံရှာဖွေနေသည်ကို အကြောင်းပြသည်။

သူလည်းပဲ တစ်နေ့ သုံးလေးကြိမ်ခန့် ပျောက်ကွယ်သွားတတ်သည်။

ထို့ကြောင့် သူတို့သည် တစ်ယောက်အပေါ် တစ်ယောက် သံသယစိတ်များ ပို၍ပို၍ ဖြစ်ပေါ်လာလေသည်။

တစ်ယောက် ပျောက်သွားလျှင် တစ်ယောက်က လိုက်လံချောင်းမြောင်း ကြည့်ရှုတတ်သည်အထိ ဖြစ်လာရလေသည်။

တစ်နေ့....

ရဲခက်မှူးဟောင်း ပျောက်ကွယ်သွားသဖြင့် လုလုချင်း ဗိုလ်မှူးဟောင်းတို့က သူ့အား လိုက်လံရှာဖွေကြလေသည်။

သူတို့သည် အိမ်ကြီးတစ်ခုလုံးကို ရှာဖွေမိသည့်တိုင်အောင် ရဲခက်မှူးဟောင်းကို ရှာမတွေ့ပါ။



သူတို့အား နောက်မှိုင်းချ၍ ခေါ်ခန်းရှိရာသို့ ပြန်သွားရန်း သီးသန့်အခန်းထဲမှ ထွက်သွားသောအခါ သီးသန့်အခန်းထဲ၌ သဲကြားရသဖြင့် သူတို့သည် ခြေသံတိုး၍ ရပ်တန့်သွားသည်။

တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်ကြလေသည်။

သီးသန့်အခန်းထဲ၌ လူသစ်တစ်ယောက် ရောက်နေသည်ကို သူတို့က ယုံကြည်လာလေသည်။

သူတို့သည် ခြေသံမကြားရအောင် ခြေထောက်ကို ဖော့၍ နင်းပြီး သီးသန့်အခန်းအနီးသို့ ချဉ်းကပ်သွားလေသည်။

သီးသန့်အခန်း၏ဝသည် မူလအတိုင်း ပိတ်ထားလျက်ရှိသည်ကို တွေ့ရလေသည်။

သူတို့သည် အံ့သြသွားသည်။

တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်ကြသည်။

သူတို့၏ ရင်ထဲ၌လည်း မြန်းမြန်းတန်တန် လှုပ်ရှားလာကြလေသည်။

သီးသန့်အခန်းထဲ၌ မည်သူ ရောက်ရှိနေပါသနည်း။

ယင်းလူသည် လူသတ်သမားဖြစ်နေမည်လော။

သူသည် မည်သို့ ပိတ်လျက်နှင့် အဘယ်ကြောင့် အခန်းထဲသို့ ရောက်ရှိနိုင်ပါသနည်း။

ဗိုလ်မှူးကလေးဟောင်းက အိတ်ထဲမှသေနတ်ကို နှိုက်ထုတ်ယူလိုက်သည်။

လုလုချန်းအား လက်ဟန်ခြေဟန်ဖြင့် အခန်းထဲမှလူအား ဖမ်းမိနိုင်ရန် အသင့်ပြင်ထားဟု အရိပ်ပြလိုက်ခြင်း ဖြစ်သည်။

လုလုချန်းက နားလည်လိုက်သဖြင့် ခေါင်းညိတ်ပြလိုက်သည်။

ဗိုလ်မှူးဟောင်းက သော့ခလောက်ကို အသံမမြည်စေရန် သတိကြီးစွာဖြင့် ဖွင့်လိုက်လေသည်။

သော့ခလောက်ပွင့်သွားသည်နှင့် လုလုချန်းကလျှပ်တစ်ပြက် လှုပ်ရှားလိုက်သည်။

သူသည် အခန်းတံခါးကို ခြေထောက်ဖြင့် ကန်လိုက်သည်။

'ဝုန်း'

အခန်းတံခါး ပွင့်သွားသည်။

လုလုချန်းနှင့်ဗိုလ်မှူးကလေးဟောင်းတို့သည် တိုက်ခိုက်ရန် ဟန်ပြင်နေရာမှ ရပ်တန့်လိုက်လေသည်။

အကြောင်းမှာ အခန်းထဲရှိ ကုလားထိုင်တစ်လုံးပေါ်တွင် ရဲမက်မှူးဟောင်း ပုတိုက အေးဆေးစွာ ထိုင်နေသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်လေသည်။



သူသည် လုလုချန်းနှင့်ဗိုလ်မှူးလေးဟောင်းတို့ ဗြုန်းစားကြီး ဝင်ရောက်လာသည့်တိုင်အောင် ထိတ်လန့်တုန်လှုပ်ခြင်းမရှိဘဲ တည်တည်ငြိမ်ငြိမ် ရှိနေ၏။

ဗိုလ်မှူးလေးဟောင်းနှင့် လုလုချန်းတို့က စားပွဲပေါ်မှ ကြွေရုပ်ကလေးကို လှမ်းကြည့်လိုက်သည်။

ကြွေရုပ်ကလေးသုံးရုပ်မှာ ပကတိ ကောင်းမွန်နေသည်ကို တွေ့ရသည်။

ဗိုလ်မှူးလေးဟောင်း၏ မျက်လုံးအစုံသည် ကြွေရုပ်ကလေးများ၏ မျက်နှာပေါ်မှ ရဲမက်မှူးဟောင်း၏ မျက်နှာပေါ်သို့ ရွှေ့လျား ရောက်ရှိသွားသည်။

တစ်ဆက်တည်း မေးခွန်းထုတ်လိုက်လေသည်။

'အခန်းတံခါးသော့ ပိတ်ထားလျက်နဲ့ ရဲမက်မှူးက အခုလို အခန်းထဲရောက်အောင် လာနိုင်တာကို ကျုပ် အံ့ဩဆုံးပါဘူးဗျာ'

သူ၏စကားလုံးသည်ရဲမက်မှူးအပေါ် သံသယဖြစ်နေသည်မှာ ထင်ရှားလှပေသည်။

သို့သော် ရဲမက်မှူးဟောင်းသည် ဗိုလ်မှူးလေးဟောင်း၏ စကားကို နားလည်၍လား၊ သို့မဟုတ် နားလည်လျက်နှင့် မသိချင်ယောင် ဆောင်နေသည်လော။

သူက တည်တည်ငြိမ်ငြိမ်ဖြင့် ပြန်ဖြေလိုက်လေသည်။

'အုံကြွစရာမရှိပါဘူး၊ အခန်းတံခါး ခေါက်ဘောက်သားပေးလို့ ခင်ဗျားတို့မသိတဲ့ လျှို့ဝှက်တံခါး ရှိနေတာကို'

ပိုလ်မှူးလေးဟောင်းနှင့် လုလုချွန်းတို့သည် အံ့အားသင့်သွားကြလေသည်။

ပိုလ်မှူးလေးဟောင်းက...

'လျှို့ဝှက်တံခါး... ဟုတ်လား'

ရဲမက်မှူးဟောင်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ကျုပ် ဒီအိမ်ကြီးမှာ လျှို့ဝှက်တဲ့မြေအောက်ခန်း၊ မြေအောက်လမ်းများရှိနေသလားလို့သိရအောင် ပေထုတ်ကို လိုက်ရှာရင်း အမှတ်မထင် ဒီအခန်းကိုရောက်ရှိလာမိတာနဲ့ အခန်းကို ဘေးပတ်ပတ်လျက်နဲ့ ဘာကြောင့် ကြွက်ကလေးများ ကဲ့ဆက်သွားရတာလဲဆိုတာ စူးစမ်းလိုတဲ့စိတ်များ ပေါ်ပေါက်လာတယ်၊ ဒါကြောင့်ဒီအခန်းမှာ လျှို့ဝှက်တံခါးတစ်ခု ရှိရမယ်ဆိုတာ တွေးမိတယ်'

သူက အက်ပြင်းတစ်ချက်ချ၍ စကားဆက်လိုက်ပြန်သည်။

'အဲဒီလို အခန်းရဲ့ နံရံအကာလေးလံကို လျှို့ဝှက်တံခါးရှိမရှိ လိုက်ရှာရင်း ခလုတ်တစ်ခုကိုတွေ့မိတာနဲ့ ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ နှိပ်လိုက်တယ်၊ လျှို့ဝှက်တံခါး အလိုလိုပွင့်သွားတာကို တွေ့လိုက်ရတယ်၊ ကျုပ်က အခန်းထဲမှာဝင်ထိုင်ပြီး ဆက်ဆက်စဉ်းစားနေရင်း ခင်ဗျားတို့ခြေသံကို ကြားလိုက်ရတယ်လေ'



လုလုချွန်းက...

'လျှို့ဝှက်တံခါးက ဘယ်မှာလဲ'

ရဲမက်မှူးဟောင်းက ထိုင်ရာမှ ထရပ်လိုက်သည်။

ထို့နောက် ကြွက်ရူးထားရာ စားပွဲ၏နောက်ဘက်နံရံ တစ်နေရာသို့ လက်ဖြင့်နှိပ်လိုက်ရာ ထိုနေရာတွင်ရှိသော ပျဉ်ပြားနံရံသည် တစ်ရွေ့ရွေ့ဖြင့် ကြွက်ရူးကလေးရှိရာ စားပွဲနောက်သို့ ရွေ့လျားသွားလေသည်။

ထို့နောက် လူတစ်ယောက်ခင်နိုင်သော တံခါးပေါက်တစ်ခုကို တွေ့မြင်လိုက်ရလေသည်။

လုလုချွန်းက အက်ပြင်းတစ်ချက်ချလိုက်သည်။

'ဒါကြောင့် လူသတ်သမားဟာ ကျွန်မတို့သော့ခတ်ထားတဲ့ ဒီအခန်းကိုဝင်ပြီး ကြွက်ကလေးတွေကိုရိုက်ခဲ့နေတာကိုး'

သူမက ခေါင်းတစ်ချက်ခါယမ်းလိုက်ပြီး စကားဆက်လိုက်သည်။

'ဘာပဲဖြစ်ဖြစ် ဒီလူသတ်သမားရဲ့ ဉာဏ်စွမ်းထက်ပုံကိုတော့ ကျွန်မ ချီးကျူးတဲ့ မနေနိုင်ဘူးရှင့်'

ရဲမက်မှူးဟောင်းက...

'ဒီလျှို့ဝှက်တံခါးကို တွေ့ရှိတာဟာ လူသတ်သမားရဲ့ ကြံစည်တဲ့ လျှို့ဝှက်ချက်ကို သိရှိနားလည်တဲ့အပြင် လူသတ်

သားကို ဖမ်းမိနိုင်ဖို့လဲ အခွင့်အလမ်းတစ်ခုရတာပဲလို့ ပြောနိုင်ပါတယ်'

ဗိုလ်မှူးလေးဟောင်းက....

'ဘာဖြစ်လို့လဲ'

ရဲမက်မှူးဟောင်းက....

'ကျုပ်တို့ဟာ ဒီသီးသန့်ခန်းကို အလှည့်ကျဝင်ပြီး စောင့်နေမယ်ဆိုရင် လူသတ်သမားဟာ လူသတ်တော့မယ်ဆိုရင် ဒီအခန်းထဲကို လျှို့ဝှက်တံခါးကဝင်ပြီး ကြွေရုပ်ကလေးကိုရိုက်ခွဲမှာပဲ၊ သူအခန်းထဲဝင်လာမိတာနဲ့ သူ့အဖို့ကံဆိုးပြီသာမှတ်'

ဗိုလ်မှူးလေးဟောင်းနှင့် လုလုချန်းတို့သည် ရဲမက်မှူးဟောင်း၏ ဉာဏ်ကိုကြားလိုက်မိသည်နှင့် ဝမ်းသာသွားကြလေသည်။

'ဟာ... ရဲမက်မှူးရဲ့ဉာဏ် သိပ်ကိုကောင်းတယ်'

ရဲမက်မှူးဟောင်းက ပြုံးပြလိုက်သည်။

'ကဲ....ဒီနေရာမှာ ကြာကြာနေလို့ မဖြစ်ဘူး၊ တို့ဧည့်ခန်းကိုသွားကြမယ်၊ နောက်ပြီး လူသတ်သမားကို ဘယ်လိုဖမ်းရမယ်ဆိုတာ ကျုပ်စီစဉ်ပါ့မယ်'

ဤသို့ဖြင့် သူတို့သည် သီးသန့်အခန်းထဲမှ ထွက်ခွာလာကြလေတော့သည်။

• • •



ဧည့်ခန်းထဲ၌ လုလုချန်း၊ ဗိုလ်မှူးလေးဟောင်းနှင့်ရဲမက်မှူးဟောင်းတို့သည် သုံးပွင့်ဆိုင်ထိုင်၍ အခြေအနေများကို သုံးသပ် ဆွေးနွေးနေကြလေသည်။

ရဲမက်မှူးဟောင်းက အားတက်နေသော အသံဖြင့်....

'လူသတ်သမားဟာ သီးသန့်အခန်းရဲ့လျှို့ဝှက်ချက်ကို ငါတို့သိသွားပြီဆိုတာ သိချင်သိသွားလိမ့်မယ်'

သူသည် အဓိပ္ပာယ်ရှိသော အကြည့်ဖြင့် လုလုချန်းနှင့်ဗိုလ်မှူးလေးဟောင်းတို့အား တစ်ချက် ဝေ့ယမ်းကြည့်လိုက်သည်။

လုလုချန်းနှင့် ဗိုလ်မှူးလေးဟောင်းတို့မှာလည်း ရဲမက်မှူးဟောင်း၏ စကားကို ကောင်းစွာအဓိပ္ပာယ် ပေါက်သည်။

သူတို့သည် ပြိုင်တူခေါင်းညိတ်လိုက်သည်။

လုလုချန်းက ပြုံးလိုက်လေသည်။

'ကျွန်မစိတ်ထင်တဲ့အတိုင်း ပြောရမယ်ဆိုရင် ကျွန်မတို့ သီးသန့်ခန်းရဲ့လျှို့ဝှက်ချက်ကို သိရှိသွားတာကို လူသတ်သမားက သိရှိမှာ သေချာတယ်'

ရဲမက်မှူးဟောင်းက....

'မိန်းကလေးက ဘာကြောင့် ဒီလို ထင်မြင်ယူဆမိတာလဲ'

လုလုချန်းက....

'ဒါရှင်းပါတယ် ကျွန်မတို့ကသာ လူသတ်ကောင်ကို မသိတာ၊ လူသတ်ကောင်ကတော့ ကျွန်မတို့လှုပ်ရှားသမျှ အကုန်လုံး သိသားမှာရှင့်၊ ဒါကြောင့် သူ့ရဲ့ အစီအစဉ်အတိုင်း လူတွေကို စိတ်ကြိုက် သတ်သွားလို့ ရတာပေါ့'

ရဲမက်မှူးဟောင်းက မဲ့ပြုံးပြုံးလိုက်လေသည်။

'တောင်ခေါင်အတက်များလားရင် ကျားနှဲ့တွေ့တယ် ဆိုတဲ့ စကားပုံရှိပါတယ်လေ၊ လူသတ်သမားဟာ ဘယ်လောက်ပဲပိရိ ရိကြံစည်နိုင်ပါစေ၊ ဒီအခါတော့ သငါတို့ လက်ထဲက လွတ်ဖို့မလွယ်တော့ဘူးလို့ ကျုပ်မြင်ရဲတယ်'

ဗိုလ်မှူးကလေးဟောင်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ အခု ရဲမက်မှူး ချမှတ်ပေးတဲ့ အစီအစဉ်ဟာ အလွန်ကောင်းမွန်တဲ့ အစီအစဉ်ပဲ။ ဒီနေရာမှာ လူသတ်ကောင် ဘယ်သူဘယ်ဝါ ဆိုတာ ဘူးပေါ်အလိုပေါ်လာပါလိမ့်မယ်'

လုလုချွန်းက...

'ကျွန်မတို့ဒီအကြံအစည်ကို လက်တွေ့လုပ်ချင်တယ်ဆိုရင် လူသတ်ကောင် လူသတ်သမားအကြီးအကောင်လုပ်မှ အကျိုးဖြစ်ထွန်းလိမ့်မယ်လို့ထင်တယ်'

ဗိုလ်မှူးကလေးဟောင်းက ခေါင်းညိတ်လိုက်သည်။

'ဒါဟုတ်တယ်'

ရဲမက်မှူးဟောင်းက...



'အခုပွဲဟာ ဦးတဲ့လူနိုင်မှာပဲ၊ ကျုပ်တို့က ခြေတစ်လှမ်း နောက်ကျသွားရင် အားလုံး ဒုက္ခရောက်သွားနိုင်တယ်'

လုလုချွန်းက...

'ကျွန်မတို့အားလုံး အယူအဆတူတူနေမှတော့ ကျွန်မတို့ အကြံအစည်ကို ယနေ့ညစ လိုက်ရင် အကောင်းဆုံးပဲ'

ဗိုလ်ကလေးဟောင်းက...

'ကောင်းတယ်၊ ကနေ့ည ကျုပ် တာဝန်ယူလိုက်မယ်'

ရဲမက်မှူးဟောင်းက ခေါင်းခါယမ်း လိုက်သည်။

'ကနေ့ည ကျုပ်တာဝန်ယူမှုဖြစ်မယ်'

ဗိုလ်မှူးကလေးဟောင်းက ဆက်၍ ရှင်းပြလိုက်သည်။

'သီးသန့်ခန်းရဲ့ လျှို့ဝှက်ချက်ကို ကျုပ်ကအရင် ဆုံးတွေ့ခဲ့တဲ့အတွက် ကျုပ်ကို ဦးစားပေးသင့်တာပေါ့'

ဗိုလ်မှူးကလေးဟောင်းက ပါးစပ်ပိတ် ထား လိုက်လေသည်။

လုလုချွန်းက...

'ကောင်းပါပြီလေ ကျွန်မက ဖြည့်စွက် အကြံပေးချင်ပါသေးတယ်'

ရဲမက်မှူးဟောင်းက...

'ပြောပါဦးကလေး'

လုလုချွန်းက....

'ဖြစ်ပျက်ခဲ့တဲ့ မှုခင်းကို ပြန်ပြီး စစ်ဆေးကြည့်မယ်ဆိုရင် လူသတ်သမားဟာ အလွန်ကြောက်စရာကောင်းတယ်ဆိုတာ တွေ့ရှိရပါတယ်'

သူက ရဲမက်မှူးဟောင်းအား တစ်ချက်ကြည့်လိုက်သည်၊

'လူသတ်သမားဟာ အလွန် ကျွမ်းကျင်တဲ့ ဓားသမားလို့ မှတ်ချက်ချခဲ့တယ်မဟုတ်လား'

ရဲမက်မှူးဟောင်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ သူ့ရဲ့ဓားသွား ဘယ်လောက်ကျွမ်းကျင်သလဲဆိုရင် လူတစ်ယောက်ကို တစ်ချက်တည်းနဲ့ ခေါင်းနှင့်ကိုယ် အောင် သတ်ဖြတ်နိုင်တယ်'

လုလုချွန်းက ခေါင်းညိတ်လိုက်သည်၊

'ဟုတ်ပြီ၊ တကယ်လို့ ရဲမက်မှူးဟောင်းက သူနဲ့ ရင်ဆိုင်တွေ့ဆုံတိုက်တဲ့အခါမှာ သူ့ကိုနိုင်ပါ့မလား'

ရဲမက်မှူးဟောင်းက တွေဝေသွားလေသည်။

ဗိုလ်မှူးကလေးဟောင်းက....

'လုလုချွန်း ပြောတာလဲ စဉ်းစားစရာပါပဲ၊ ဒီအကြောင်းနဲ့ ပတ်သက်ပြီး ကျုပ်က ဖြည့်စွက်အကြံပေးချင်ပါတယ်'



ရဲမက်မှူးဟောင်းက....

'ပြောပါလေ'

ဗိုလ်မှူးကလေးဟောင်းက....

'အနေညဲ့ ညစာစားပြီးတာနဲ့ ကိုယ့်အိပ်ခန်းထဲကိုကိုယ် စောစောစီးစီးဝင်ကြမယ်၊ နည်းနည်းလေးမှောင်လာမှ ရဲမက်မှူးဟောင်းက သီးသန့်အခန်းကိုသွားပါ၊ တစ်ခဏအကြာမှ ကျုပ်နဲ့ လုလုချွန်းတို့က သီးသန့်အခန်းရဲ့အနီးမှာ အခြေအနေကို သွားပြီး စောင့်ကြည့်ပါမယ်၊ ဒါဆိုရင် လူသတ်သမားရောက်လာတာနဲ့ ကျုပ်တို့သုံးယောက် ဝိုင်းပြီး ဖမ်းလိုက်ရုံပါပဲ'

ရဲမက်မှူးဟောင်းက ခေါင်းခါယမ်းလိုက်သည်။

'ခင်ဗျားရဲ့အကြံ ကောင်းပါတယ်၊ ဒါပေမယ့် အသုံးမဝင်ပါဘူး'

ဗိုလ်မှူးကလေးဟောင်းက....

'ဘာဖြစ်လို့လဲ'

ရဲမက်မှူးဟောင်းက....

'ငါတို့ရင်ဆိုင်ရမယ့် လူသတ်သမားဟာ ကြောက်စရာကောင်းတဲ့အပြင် ဉာဏ်လဲ အလွန်များတယ်ဆိုတာ မမေ့သင့်ဘူး၊ ခင်ဗျားတို့နှစ်ယောက် သီးသန့်အခန်းတွင်းမှာ လာပြီး စောင့်ကြပ်နေမယ်ဆိုရင် သူ တွေ့သွားမှာပေါ့'

ဗိုလ်မှူးကလေးဟောင်းက ပါးစပ်ပိတ်ထားလိုက်လေသည်။

လုလုချန်းက....

'ဒီလိုလုပ်ကြရင် ကောင်းမယ်ထင်တယ်၊ ညှော်ခန်းထဲမှာ ကြေးမောင်းတစ်လုံးရှိတယ်၊ အဲဒီကြေးမောင်းကို ရဲဘက်မှူးက တစ်ပါတည်း ယူသွားပါ၊ လူသတ်သမားဝင်လာတာနဲ့ မောင်းကိုတီးလိုက်ပါ၊ ကျွန်မတို့ တစ်ညလုံးမအိပ်ဘဲ စောင့်နေမယ်၊ မောင်းသံကြားလိုက်တာနဲ့ ကျွန်မတို့ ချက်ချင်းရောက်လာမယ်လို့ ပြောရပါတယ်'

ရဲမက်မှူးဟောင်းက ပြုံးလိုက်လေသည်။

'ခင်ဗျားတို့နှစ်ယောက်စလုံး ကိုယ်ဖော့ပညာ အလွန်တော်မှန်း ကျုပ်သိထားပါတယ်ဗျာ'

ဗိုလ်မှူးကလေးဟောင်းနှင့် လုလုချန်းတို့၏ မျက်နှာများသည် ကွက်ခနဲပျက်သွားကြလေသည်။

ရဲဘက်မှူးဟောင်းက တဟားဟားရယ်မောလိုက်လေသည်။

'မိန်းကလေးပေးတဲ့အကြံ အလွန်ကောင်းပါတယ်၊ ဒီအတိုင်းပဲစီစဉ်ကြတာပေါ့လေ'

✲ ✲ ✲



ထိုည သူတို့သည် ညစာစားပြီးသည်နှင့် မိမိတို့အိပ်ခန်းရှိရာသို့ ထွက်ခွာသွားကြလေသည်။

သူတို့သည် မိမိအခန်းထဲ၌ တိတ်ဆိတ်စွာထိုင်၍ အချိန်ကို စောင့်ဆိုင်းနေကြ၏။

ညမှောင်လာပြီဖြစ်သည်။

ရဲမက်မှူးဟောင်းက သီးခြားအခန်းသို့ ရောက်ရှိနေပြီဖြစ်သည်ကို လုလုချန်းနှင့် ဗိုလ်မှူးကလေးဟောင်းတို့က ခန့်မှန်းထားမိလေသည်။

ထို့ကြောင့် သူတို့သည် အိပ်ရာပေါ်၌ထိုင်၍ အတွင်းအားကျင့်စဉ်ကို ကျင့်နေကြ၏။

ယနေ့ည လူသတ်သမားနှင့် ရင်ဆိုင်ကောင်း ရင်ဆိုင်ရလိမ့်မည်ဟု သူတို့က ယုံကြည်ထားကြလေသည်။

လူသတ်သမားနှင့် တွေ့ဆုံမိလျှင် သူသေကိုယ်သေ တိုက်ခိုက်ကြရမည် မဟုတ်ပါလော။

လူသတ်သမားသည် လူခြောက်ယောက်အား အလွယ်တကူ သတ်နိုင်ခဲ့သည်ကို ကြည့်ခြင်းအားဖြင့် လူသတ်သမားက သိုင်းပညာ ကျွမ်းကျင်သူတစ်ဦး ဖြစ်နေမည်ဟု သူတို့က မှတ်ချက်ချထားပြီး ဖြစ်လေသည်။

ထို့ကြောင့် သူတို့သည် အတွင်းအားကျင့်စဉ်ကို ကျင့်နေရင်း အရေးပေါ်မောင်းသံ ထွက်လာမည်ကို နားစွင့်နေကြ၏။

သီးသန့်အခန်းရှေ့ သူတို့၏ အိပ်ခန်းသည် ပေါ်ဆယ်ခန့် မျှသာ ကွာဝေးမည်ဟု ခန့်မှန်းထားခဲ့သည်။

ယင်းပေါ်ဆယ်ခန့် အကွာအဝေးကို သူတို့က ကိုယ်ဖော့ ပညာဖြင့် ပြေးလွှားသွားပါလျှင် မျက်စိတစ်မှိတ် လျှပ်တစ်ပြက် အချိန်တွင် မုချရောက်နိုင်မည်ဖြစ်သည်။

ထို့ကြောင့် သူတို့သည် စိတ်ရှည်သက်ရှည်ဖြင့် နားစွင့်နေ ကြ၏။

အချိန်သည် တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

ရဲမက်မှူးဟောင်း၏ အရေးပေါ်ခေါင်းသံကို မကြား သေးပါ။

လူသတ်သမား ရောက်မလာသေးခြင်းမှာ ထင်ရှားနေ

သူတို့သည် စိတ်ရှည်သက်ရှည်ဖြင့် ဆက်သက်စောင့်နေ၏၊

သန်းခေါင်ယံပင် ကျော်လွန်သွားပြီဖြစ်လေသည်။

ခေါင်းသံကို မကြားရသေးပါ။

အခန်းတစ်ခုလုံးမှာ တိတ်ဆိတ်၍နေ၏။

အချိန်သည် တဖြည်းဖြည်းကုန်ဆုံးသွားရာ သူတို့ အိပ်ခန်း ပြတင်းပေါက်မှ အရုဏ်းရောင်ပင် မြင်တွေ့လိုက်ရပြီဖြစ်သည်

နံနက်ခင်း၏ အလင်းရောင်သည် စတင် ထွန်းပေါ်လာ မဟုတ်ပါလော။



ဗိုလ်မှူးကလေးဟောင်းက စိတ်ပေါက်ကျသွားသည်၊

'အင်း... ခင်ဗျားတော့ ခေါင်းတဲ့ လူသတ်သမား၊ ငါတို့စောင့်နေမှန်းသိလို့ သူမလာတော့ဘူးထင်တယ်'

သူက တစ်ချက်ညည်းညူလိုက်ပြီး အိပ်ရာပေါ်မှ ဆင်းလိုက်သည်။

သီးသန့်ခန်းသို့ သွားရောက်ရန် အခန်းတံခါးကို တွန်းဖွင့်လိုက်သည်။ ထို့နောက် လူလုချန်း၏ အခန်းသို့သွားရောက်၍ တံခါးကို ခေါက်လိုက်လေသည်။

'လူလုချန်း... ရဲမက်မှူးဟောင်းကို သွားကြည့်ကြရအောင်'

အခန်းထဲ၌ လူလုချန်း၏အသံ မကြားလိုက်ရပါ။

သူ တစ်ချက်ပြုံးလိုက်သည်။

'မိန်းမဟာ မိန်းမပါပဲ၊ အိပ်ပျော်သွားပြီနဲ့တူတယ်'

သူက တံခါးကို ခပ်ပြင်းပြင်း ခေါက်လိုက်သည်။

'အိပ်ပျော်သွားပြီလား လူလုချန်း'

သူက ပြင်းပြင်းထန်ထန် ခေါက်လိုက်သောကြောင့် အခန်းတံခါး ဟ သွားလေသည်။

ဗိုလ်မှူးဟောင်းက အနည်းငယ် အံ့အားသင့်သွားသည်။

'ကြည့်စမ်း... ပေါ့လျော့လိုက်တာ၊ အခန်းတောင် မစီးထုပ် ချမထားဘူး'

သူသည် အခန်းတံခါးကို တွန်းဖွင့်လိုက်လေသည်။

အခန်းထဲ၌ လုလုချန်းကို မတွေ့ရတော့ပါ။

သူ၏ရင်ထဲ၌ တစ်ချက်လှုပ်ရှားသွားသည်။

သီးသန့်ခန်းရှိရာသို့ ပြေးလွှားသွားလေသည်။

သီးသန့်ခန်း လျှို့ဝှက်တံခါးပွင့်နေ၏။

သူသည် တံခါးဝသို့ ရောက်ရှိသွားသောအခါ လုလုချန်း ရောက်ရှိနေသည်ကို တွေ့လိုက်ရလေသည်။

ရဲကော်မှူးဟောင်းမှူးမူ အခန်းထဲ၌ ငြိမ်သက်စွာလဲလျောင်း နေ၏။

သူ၏ရင်ဝတွင် ဓားတစ်လက်စိုက်ဝင်နေ၏။

● ● ●

ဗိုလ်မှူးအလေးဟောင်းသည် လုလုချန်းအား အတန်ကြာ အကဲခတ် ကြည့်လိုက်သည်။

လုလုချန်း၏မျက်နှာတစ်ခုလုံးမှာ ဖြူဖပ်ဖြူရော် ဖြစ်နေ သည်ကို သတိပြုမိလိုက်လေသည်။



သီးသန့်ခန်း၏ စားပွဲပေါ်၌ ဖယောင်းတိုင်ကြီး တစ်တိုင် ထွန်းထားသည်ကို တွေ့ရသည်။

ယင်းဖယောင်းတိုင်သည် သုံးချိုးနှစ်ချိုးခန့် လောင်ကျွမ်း ခဲ့ပြီ ဖြစ်လေသည်။

အခြား ဖယောင်းတိုင်ထွန်းထားသော ခွက်ထဲတွင် ကုန်ခန်း ပြီး ငြိမ်းနေသော ဖယောင်းတိုင်ကိုသာ တွေ့ရလေသည်။

ရဲမက်မှူးဟောင်းသည် ဤသီးသန့်ခန်းထဲတွင် ဖယောင်း တိုင်ထွန်း၍ ထိုင်စောင့်နေသည်မှာ ရှင်းနေ၏။

စားပွဲပေါ်မှ လူပုံကြွချပ်အသေးမှာ နှစ်ရှုံဘည်းသာ ကျန်တော့သည်။

ဗိုလ်ကလေးဟောင်းသည် ရဲမက်မှူး၏ရင်ဝပေါ်၌ စိုက် နေသောဓားဝယ်ကိုဆွဲနှုတ်ရန် ဟန်ပြင်လိုက်သည်။

လုလုချန်းက သူ့ထက်ဦးစွာ လှမ်းနှုတ်ယူလိုက်လေသည်။

ဗိုလ်ကလေးဟောင်း၏မျက်နှာ ကွက်ခနဲ ပျက် သွား လေ သည်။

လုလုချန်းမှာ ဓားကိုကျွမ်းကျင်စွာ အသုံးပြုတတ်သော မိန်းကလေးတစ်ယောက် ဖြစ်သည်ကို သိရှိ နားလည်လိုက်လေ သည်။

အတွေးတစ်ခုက သူ၏ဦးခေါင်းထဲကို တိုးဝင်လာလေသည်။

ကြေးတန်းစားဂေဟာမှ အလုမယ်တစ်ယောက်သည် မည်သည့်နည်းနှင့်မှ ဤမျှလျင်မြန်စွာကျက်လာပြီး ဓားကို ကျွမ်းကျင်စွာ ကိုင်တွယ်နိုင်မည် မဟုတ်ပါ။

သူ၏ရင်ထဲ၌ ဒေါသထွက်လာလေသည်။

သို့သော် သူက စိတ်ကို ထိန်းချုပ်လိုက်လေသည်။

ထို့နောက် အသံကိုလည်း အတတ်နိုင်ဆုံး ထိန်းချုပ်လိုက်လေသည်။

'လုလုချန်း၊ ဒီကိုရောက်နေတာ ကြာပြီလား'

လုလုချန်းက သူ့အား မကြည့်ဘဲ ပြန်ဖြေလိုက်သည်။

'ရှင့်ထက် နည်းနည်းဦးသွားတယ်'

ဗိုလ်ကလေးဟောင်းက...

'ခင်ဗျားတစ်ညလုံးမအိပ်ဘဲ စောင့်နေသလား'

လုလုချန်းက ခေါင်းညိတ်ပြလိုက်လေသည်။

ဗိုလ်ကလေးဟောင်းက...

'မိုးလင်းလာလို့ အခြေအနေသိရအောင်လို့ သူ့ဆီကိုလိုက်လာတယ်ဟုတ်လား'

လုလုချန်းက ခေါင်းခါယမ်းလိုက်သည်။

'မဟုတ်ဘူး'



ဗိုလ်ကလေးဟောင်းက...

'ဒါဖြင့်'

လုလုချန်းက ကြားဖြတ်ပြောလိုက်လေသည်။

'ကျွန်မအနေနဲ့ ရှေ့က ဖြတ်ကျော်သွားတဲ့ ခြေသံကို ကြားလိုက်တယ်၊ ခြေသံကတော့ ကြားရအောင် ကြိုးစားထားပါတယ်၊ ဒါပေမယ့် ကျွန်မရဲ့နားအာရုံဟာ တခြားလူထက်တော့ ကြားနိုင်စွမ်းရှိပါတယ်'

ဗိုလ်ကလေးဟောင်းက မျက်မှောင်ကုတ်သွားလေသည်။

'ဒါကြောင့် ခင်ဗျားက လိုက်သွားတယ်ပေါ့ ဟုတ်လား'

လုလုချန်းက...

'ကျွန်မ ချက်ချင်းလိုက်မသွားသေးပါဘူး'

ဗိုလ်ကလေးဟောင်းက...

'ဘာဖြစ်လို့လဲ'

လုလုချန်းက...

'ရှင်က အခြေအနေကိုသိချင်လို့ ရဲကက်မှူးဟောင်းဆီကို သွားတယ်လို့ ထင်မိလိုက်တယ်လေ'

ဗိုလ်ကလေးဟောင်းက...

'ခင်ဗျားဘယ်လောက်ကြာတော့မှ လိုက်သွားတာလဲ'

လုလုချန်းက...

'အဲဒီအချိန်တုန်းက ကျွန်မက အတွင်းအားသေ့ ကျွန်းစုကို တစ်ပတ် ပြန်သော့ ကျော်လိုက်တာ ပြီးခါနီးလေးမှ ပြန် အောင်စော့ပြီးမှ လိုက်လာတာပါ၊ ဘယ်လောက် ကြာတယ် ဆိုတာ သတိမထားမိပါဘူး'

ဗိုလ်ကလေးဟောင်းက...

'ခင်ဗျားဒီရောက်လာတော့ ဘယ်သူ့ကိုမှမတွေ့ခဲ့ဘူးလား'

လုလုချန်းက မဲ့ပြုံးပြုံးလိုက်လေသည်။

'ကျွန်မသာအချိန်မီရောက်နိုင်ခဲ့ရင်....'

သူမသည် လက်ထဲမှဓားကို တစ်ချက်လှုပ်ခါလိုက်သည်။

'အခုဆိုရင် ဓားဟာ ရိုးဘတ်မှူးရဲ့ကိုယ်ပေါ်မှာတွေ့ရမှာ မဟုတ်ဘူး၊ လူသတ်သမားရဲ့ကိုယ်ပေါ်မှာပဲတွေ့ရမှာ'

သူမက ဗိုလ်ကလေးဟောင်းအားစိုက်ကြည့်လိုက်သည်။

'ရှင်မေးချင်တာတွေကိုမေးပြီးပြီ၊ ကျွန်မက ရှင့်ရဲ့မေးခွန်းကို တစ်ခုမှကျွန် ပြန်ဖြေခဲ့တယ်၊ ဟုတ်တယ်မို့လား'

ဗိုလ်ကလေးဟောင်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်'

လုလုချန်းက...



'အခု ကျွန်မလဲရှင့်ကို မေးစရာရှိတယ်၊ ကျွန်မမေးခွန်းကိုလဲ ရှင်က တစ်ခုမှကျွန်ပြန်ဖြေရမယ်'

ဗိုလ်ကလေးဟောင်းက သူမအားစိုက်ကြည့်ပြီးမှ ခေါင်းညိတ်လိုက်သည်။

'မေးပါ၊ မေးနိုင်ပါတယ်'

လုလုချန်းက စတင်မေးလိုက်လေသည်။

'ရှင်က ကျွန်မအိပ်ခန်းအပြင်ဘက်အနေ ဖြတ်သွားခဲ့သေးသလား'

ဗိုလ်ကလေးဟောင်းက ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်မဖြတ်ပါဘူး'

လုလုချန်းက....

'ရှင်အိပ်ခန်းထဲကိုဝင်ပြီးတဲ့နောက်မှာ အပြင်ကိုထွက်ခဲ့သေးသလား'

ဗိုလ်ကလေးဟောင်းက ခေါင်းခါယမ်းလိုက်သည်။

'မထွက်မိပါလား'

လုလုချန်းက....

'ဒါဖြင့် ရှင်အခုမှ အိပ်ခန်းထဲကထွက်လာတယ်ဆိုပါတော့'

ဗိုလ်ကလေးဟောင်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်'

သူက စကားဆက်လိုက်သည်။

'ကျုပ်လဲ တစ်ညလုံး ထိုင်စောင့်နေပါတယ်၊ မိုးလင်းတဲ့အထိ ဘာအသံမှ မကြားရလို့ လူသတ်သမားလာဖြစ်ဘူးလို့ ကျုပ်ထင်မိပြီး စိတ်အေးသွားရရှာပါသေးတယ်'

လုလုချန်းသည် သူပြောပြသည့် စကားများကို အာရုံစိုက်နားထောင်နေ၏။

ဗိုလ်ကလေးဟောင်းက စကားဆက်လိုက်သည်၊

'ကျုပ်က ခင်ဗျားအခန်းကို ဖြတ်ကျော်လာတဲ့အခါမှာ ခင်ဗျားအခန်းကို တံခါးခေါက်ကြည့်ပါသေးတယ်၊ အခန်းထဲမှာ ဘာအသံမှမကြားလို့ တံခါးတွန်းဖွင့်ကြည့်တော့ အခန်းမင်းတုပ်လဲသိုးထားတာမတွေ့ရဘူး၊ အခန်းထဲမှာလဲ ဘယ်သူမှမရှိလို့ ဒီကိုလိုက်လာတာ'

လုလုချန်းက ကြေးရုပ်ကလေးအား ထောက်ညွှန်းထိုးပြလိုက်လေသည်။

'တွေ့လား၊ ကြေးရုပ်နှစ်ရုပ်ပဲကျန်တော့တယ်'

ဗိုလ်ကလေးဟောင်း ခေါင်းညိတ်လိုက်သည်။

'တွေ့ပါတယ်'

လုလုချန်းက...



'ဒီတစ်ချိန် လူသတ်သမားက လက်ဦးသွားပြန်ပြီ'

ဗိုလ်ကလေးဟောင်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ဒါဟာ နောက်ဆုံးအကြိမ်ပဲ ဖြစ်ရမယ်'

လုလုချန်းက သူ့အား မော့ကြည့်လိုက်သည်။

'ရှင့်စကားက ဘာသဘောလဲ'

ဗိုလ်ကလေးဟောင်းက မဲ့ပြုံးပြုံးလိုက်လေသည်။

'ကျုပ် ဘာကိုဆိုလိုပါတယ်ဆိုတာ ခင်ဗျား နားလည်ပါတယ်လေ'

သူသည် ယင်းသို့ပြောပြီးနောက် ခြေလှမ်းကျဲကျဲဖြင့် အခန်းထဲမှ ထွက်ခွာသွားလေသည်။

လုလုချန်းက အတန်ကြာ တွေဝေသွားသည်။

ထို့နောက် သူမမျက်နှာတစ်ခုလုံးမှာ သုန်မှုန်သွားလေသည်။

အံကို တင်းတင်းကြိတ်လိုက်ပြီး ဗိုလ်မှူးကလေးဟောင်း နောက်သို့ လိုက်သွားလေသည်။

မင်းနဲ့ငါ

---

လုလုချန်းသည် ဧည့်ခန်းထဲသို့ လှမ်းဝင်လိုက်မိသည်နှင့် ဗိုလ်မှူးလေးဟောင်းသည် နံရံပေါ်မှာ ချိတ်ထားသည့် ကဗျာကို ကြည့်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

ဗိုလ်မှူးလေးဟောင်းသည် လုလုချန်း ဧည့်ခန်းထဲသို့ လှမ်းဝင်လိုက်မိသည်နှင့် ကဗျာတစ်ပိုဒ်ကို အသံကျယ်လောင်စွာ ဖတ်လိုက်လေသည်။

'သူတို့အချင်းချင်း မသက်သာ၊ လူပုကလေးတစ်ယောက် သေပြန်'

လုလုချန်းက ခြေလှမ်းရပ်တန့်လိုက်သည်။



ထို့နောက် ဗိုလ်မှူးလေးဟောင်းအား စိုက်ကြည့်လိုက်လေသည်။

'ဒီကျွန်းကလေးပေါ်မှာ ရှင့်နဲ့ကျွန်မ နှစ်ယောက်တည်းသာ ရှိတယ်၊ တခြားဘယ်သူမှမရှိဘူးဆိုတာ ရှင်လက်ခံသလား'

ဗိုလ်မှူးလေးဟောင်းက သူမအား မကြည့်ဘဲ ပြန်ပြောလိုက်သည်။

'ခင်ဗျားတွေ့မြင်ရတဲ့ အခြေအနေအတိုင်းပါပဲ၊ ကျုပ်က လက်မခံချင်ပေမယ့် လက်ခံရမယ့် အခြေအနေတွေပါပဲ'

လုလုချန်းက...

'ရှင့်နဲ့ကျွန်မ နှစ်ယောက်တည်းမှာ တစ်ယောက်ကတော့ လူသတ်သမားဖြစ်ဖို့ သေချာနေပြီ ဟုတ်တယ်မဟုတ်လားရှင့်'

ဗိုလ်မှူးလေးဟောင်းက ခေါင်းညိတ်လိုက်သည်။

'ကျုပ်ယုံကြည်ပါတယ်'

လုလုချန်းက...

'ဒီလိုဆိုလဲ ကိုယ့်ကိုယ်ကို ဖွင့်ဟဝန်ခံလိုက်ရင် ပိုကောင်းလိမ့်မယ်လို့ ထင်ပါတယ်'

ဗိုလ်မှူးလေးဟောင်းက သူမအား စိုက်ကြည့်လိုက်သည်။

'ကျုပ်လဲ ဒီစကားပြောမလို့ပါ'

လုလုချန်းက...

'ရှင်ကယောကျ်ားပါ၊ လုပ်ရဲရင် ခံရဲရမှာပေါ့၊ ကျွန်မကိုပဲ ကြောင်စရာမလိုဘူးမဟုတ်လား၊ ဘာကြောင့် ဝန်မခံရဲရတာလဲ'

ဗိုလ်မှူးလေးဟောင်းက....

'ကျုပ်က ဘာကိုဝန်ခံရမှာလဲ'

လုလုချန်းက မဲ့ပြုံးပြုံးလိုက်သေးသည်။

'လူသတ်သမားဆိုတာလေ'

ဗိုလ်မှူးလေးဟောင်းက မဲ့ပြုံးပြုံးလိုက်လေသည်။

'ဒေါက်တာဝေါ်ရှာ ခင်ဗျားလိုဘွဲ့ရအအေးအေးနဲ့ လူသတ်တဲ့ မိန်းကလေးမျိုး ကျုပ်ဒီတစ်ခါပဲတွေ့ဖူးတော့တယ်'

လုလုချန်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

'အင်း၊ ရှင် နဲ့ကျွန်မနဲ့ ဘက်ယောက်တော့ အတူပဲ ဒီဇာတ်ခမ်းက နိဂုံးချုပ်နိုင်မှာ'

သူမက ပြောပြီးသည်နှင့် ဧည့်ခန်းတံခါးကိုဆွဲပိတ်လိုက်ပြီး အပြင်သို့ လျှောက်သွားလေသည်။

ဗိုလ်မှူးလေးဟောင်းသည် လုလုချန်း ထွက်သွားသည်ကို ငေးကြောင်စွာ စိုက်ကြည့်ပြီးမှ သက်ပြင်းတစ်ချက် ချလိုက်လေသည်။



ထို့နောက် ခပ်လုံးသာ ခြေလှမ်းဖြင့် လုလုချန်းနောက်သို့ လိုက်သွားလေသည်။

❋ ❋ ❋

လုလုချန်းသည် သဲသောင်ပြင်သို့ ရောက်ရှိလာသောအခါ ခြေလှမ်း ရပ်တန့်လိုက်လေသည်။

သူမ၏မျက်လုံးအစုံသည် တစ်ဖက်ကမ်းသို့ လှမ်းကြည့်နေသည်။

ရေပြင်ကိုဖြတ်ကျော်၍ တိုက်ခတ်လာသောလေသည် သူမ၏ ဆံပင်များကို တလူလူ တလွင့်လွင့် ဖြစ်စေသည်။

ဗိုလ်မှူးလေးဟောင်းသည် လုလုချန်း၏ နတ်မိမယ်တမျှ လှပကြော့ရှင်းသော ခန္ဓာကိုယ်အား ငေးမောကြည့်နေရင်း သက်ပြင်းတစ်ချက်မသိမသာ ချမိလေသည်။

'လုလုချန်း၊ ဒီအမှုပြီးရင် မင်းကိုငါ လက်ထပ်ခွင့်တောင်းဖို့ ဆုံးဖြတ်လိုက်ပါတယ်၊ အခုတော့ မင်းဟာ အလွန်ရက်စက် ကြမ်းကြုတ်တဲ့ လူသတ်သမား ဖြစ်နေပါပေါ့လား'

သူ့ရင်ထဲမှ ဖြစ်ပေါ်လာသောစကားများ ဖြစ်လေသည်။

ထို့နောက် လုလုချန်းနှင့် နှစ်လံခန့်အကွာတွင် ယှဉ်၍ရပ်လိုက်လေသည်။

လုလုချန်းက တဖြည်းဖြည်း သူ့ဘက်သို့ လျှည့်လိုက်လေသည်။

ဗိုလ်မှူးဆေးဟောင်းကလည်း သူ့ဘက်သို့ လှည့်လိုက်လေသည်။

ထို့နောက် သူတို့သည် စည်သူကမှုစကားမပြောကြတော့ဘဲ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေကြ၏။

သောတစ်ခုလုံးသည် အရာရာ ရပ်တန့်သွားသည့်အလား သူတို့ရင်ထဲ၌ ငြိုငြင်တူခံစားမိကြလေသည်။

လုလုချန်း၏မျက်နှာပေါ်တွင် ခန့်မှန်း၍ရနိုင်သော အမှုအရာများ ဖြစ်ပေါ်နေ၏။

အတန်ကြာတော့မှ ဗိုလ်မှူးဆေးဟောင်း၏အသံ ထွက်ပေါ်လာလေသည်။

'ဆောကပေါ်မှာ မင်းနဲ့ငါ ဒွန်တွဲရှိနေနိုင်မယ့် မျှော်လင့်ချက်တွေဟာ ကုန်ဆုံးသွားပါပြီ၊ မင်းကိုငါ တိုက်ခိုက်ရပါလိမ့်မယ်၊ အမှန်ပြောရမယ်ဆိုရင် မင်းကို ငါမသတ်ချင်ဘူး။ ဒါပေမယ့် သေဆုံးသွားကြတဲ့ ပုဂ္ဂိုလ်ခုနစ်ယောက်အတွက် ကျုပ်က ဒီလိုမဆုံးဖြတ်လို့ မဖြစ်တော့လို့ပါ'

လုလုချန်းက မချိပြုံးပြုံးလိုက်လေသည်။

'ရှင်နဲ့ကျွန်မနဲ့ သူသေကိုယ်သေ ယှဉ်ရလိမ့်မယ်လို့ အိပ်မက်ထဲတောင် မမက်ခဲ့ပါဘူး'



သူမက အံကိုတင်းတင်းကြိတ်လိုက်သည်။

'ဒါပေမယ့် သိုင်းလောကတစ်ခုလုံးကို ဒုက္ခပေးနေတဲ့ လူသတ်သမားကိုတော့ ကျွန်မချေမှုန်းဖို့တော့ တာဝန်ရှိတယ်'

သူမသည် စကားဆုံးသွားသည်နှင့် ဗိုလ်မှူးဆေးဟောင်းအား တိုက်ခိုက်လိုက်လေသည်။

လုလုချန်းက စတင်တိုက်ခိုက်လာသည်ကို တွေ့မြင်လိုက်ရသော ဗိုလ်မှူးဟောင်း၏ရင်ထဲမှာ တစ်ချက်လှုပ်ရှားသွားလေသည်။

လုလုချန်းတိုက်ခိုက်လာသော တိုက်ကွက်သည် သိုင်းသမားများ အသုံးပြုလေ့ရှိသောသိုင်းကွက်မျိုးမဟုတ်ပါ။သူမတိုက်ခိုက်သော တိုက်ကွက်များမှာ ရန်သူကို အမြဲအရဖမ်းဆီးသော သိုင်းကွက်မျိုး ဖြစ်သည်။

ယင်းတိုက်ကွက်မျိုးသည် ရဲမက်နှင့် အာဏာသားများသာ အများဆုံး အသုံးပြုတတ်ပေသည်။

ဗိုလ်မှူးဆေးဟောင်းက ပေါ့ပေါ့တန်တန် သဘောထားပုံတော့ဘဲ ကျွမ်းတစ်ပတ်ပစ်၍ ရှောင်တိမ်းလိုက်လေသည်။

ထို့နောက် တုံ့ပြန်တိုက်ခိုက်လိုက်လေသည်။

လုလုချန်းသည် ဗိုလ်မှူးဆေးဟောင်း တုံ့ပြန်တိုက်ခိုက်သော တိုက်ကွက်ကိုမြင်သောအခါ ရင်ထဲ၌ တစ်ချက်လှုပ်ရှားသွားသည်။

အကြောင်းမှာ ဗိုလ်ချုပ်ကတော့ဟောင်း အသုံးပြုလေ့ရှိသော တိုက်ကွက်မှာ မိမိနှင့် ပုံဟန်ချင်း မတူညီသောကြောင့်၊ အကျိုးဆက်ရောက်မှုမှာ အတူတူဖြစ်နေ၏။

သူမသည် အစ်ဖက်လူကို အနိုင်ရလိုသောစိတ်များ တစ်မှုဟုတ်ချင်၊ ဖြစ်ပေါ်လာခဲ့လေသည်။

ထို့ကြောင့် သူသည် အဖမ်းအဆုပ်သိုင်း၊ သိုင်းဆယ့်နှစ်ကွက်ကို တစ်ကွက်ပြီးတစ်ကွက် အသုံးပြု၍ တိုက်ခိုက်လိုက်လေသည်။

ဗိုလ်ချုပ်ကတော့ဟောင်းသည် လုလုံချွန်း၏သိုင်းပညာမှာ မိမိထက်မညံ့ကြောင်း သိရှိနားလည်လိုက်လေသည်။

အနိုင်မခံ အရှုံးမပေးသောစိတ်များ ရုတ်ဘရက် ပေါ်ပေါက်လာခဲ့လေသည်။

သူသည် သူ၏ အထက်မြက်ဆုံးသော သိုင်းကွက် သုံးဆယ့်ခြောက်ကွက်ကို အသုံးပြု၍ တိုက်ခိုက်လိုက်လေသည်။

သူတို့ တိုက်ခိုက်မှုသည် တစ်စထက်တစ်စ ပြင်းထန်လာလေသည်။

[illegible]
အမှတ် ၁၉/၁၃၈၊ ၆ ဝေါ
ဇောင်း ၄ ခြံ
ရန်၊ ၂၁၇၇၇/

ကြိုးကွင်း

နေလုံးကြီးသည် အနောက်ဘက်ကောင်းကင်ပေါ်သို့ ရောက်ရှိနေပြီဖြစ်သည်။

တောင်ပေါသာ နေရောင်ခြည်သည် ကျွန်း တ လေ ပေါ်သို့ ထိုးကျနေ၏။

သဲသောင်ပြင်ပေါ်၌လည်း ထိုးကျနေ၏။

နေရောင်ခြည်ကြောင့် သဲပွင့်လေးများမှာ ရွှေရောင်များ တောက်ပ၍နေလေသည်။

ညှိမျှ သာယာ၍ လှပသော ရှုမျှော်ခင်းအောက်တွင် လူနှစ်ယောက်သည် ပြင်းပြင်းထန်ထန်တိုက်ခိုက်နေရုံင် မကသေး ပါ။

သူတို့တိုက်ခိုက်လိုက်သော သိုင်းကွက်တိုင်း သိုင်းကွက်တိုင်းမှာ တစ်ဖက်လူ၏အသက်ကို ခြွေနိုင်သော တိုက်ကွက်ဖြစ်သည်။

အကယ်၍သာ သူတို့၏တိုက်ခိုက်မှုကို ပွဲကြည့်ပရိသတ်များ ရှိကြမည်ဆိုလျှင် သူတို့၏တိုက်ခိုက်မှုသည် ကြောက်မက်ဖွယ်ရာ အကောင်းဆုံး၊ အပြင်းထန်ဆုံးသော တိုက်ပွဲဖြစ်သည်ကို မှတ်ချက်ချမည်သာ ဖြစ်လေသည်။

သို့သော် ဤသဲသောင်ပြင်ပေါ်တွင် ပွဲကြည့်ပရိသတ်တစ်ယောက်မှ မရှိပါချေ။

သဲသောင်ပြင်ပေါ်၌ ပွဲကြည့်ပရိသတ်များ မရှိသော်လည်း အိမ်ကြီးထဲတွင် ပွဲကြည့်ပရိသတ်တစ်ယောက် ရှိနေ၏။

ထိုပွဲကြည့်ပရိသတ်သည် ကုလားထိုင်တစ်လုံးပေါ်၌ အေးဆေးစွာထိုင်၍ ပြတင်းပေါက်မှ သူတို့၏တိုက်ပွဲကို အတော[illegible]စွာ ကြည့်နေ၏။

ယင်းပွဲကြည့်ပရိသတ်မှာ မည်သူ ဖြစ်ပါသနည်း။

သူက မည်သည့်အချိန်က ဤအိမ်ကြီးထဲသို့ ရောက်နေသနည်း။

* * *

ပြင်းထန်သွက်လက်စွာ တိုက်ပွဲသည် အချိန်ကြာသည်နှင့် အတူ အရှိန်များကျလာလေသည်။



တိုက်ခိုက်မှုမှာလည်း တဖြည်းဖြည်း နှေးကွေးလာလေသည်။

မောဟိုက်လွန်း၍လား မသိ၊ တစ်ခါတစ်ခါ သူတို့သည် တိုက်ခိုက်မှုရပ်တန့်လိုက်ပြီး ဓားကိုစိုက်ထိုးနေသည်ကို တွေ့ရလေသည်။

နောက် သူတို့သည် အမောဖြေနားသည်နှင့် ပြန်လည်တိုက်ခိုက်ကြပြန်သည်။

တိုက်ပွဲမှာ ထပ်မံ ပြင်းထန်လာသည်။

အိမ်ကြီးထဲမှ အေးအေးဆေးဆေး ထိုင်ကြည့်သော ပရိသတ်သည် တိုက်ပွဲ၏ အခြေအနေကို ကြိုတင်ခန့်မှန်းနိုင်ခဲ့လေသည်။

သူသည် လုလုချန်း အနိုင်ရရှိလိမ့်မည်ဟု ယုံကြည်နေ၏။

သူယုံကြည်ထားသည့်အတိုင်း ဗိုလ်မှူးကလေးဟောင်းသည် ပြန်သည့်တိုင် ပြန်နိုင်ခြင်း မရှိတော့ဘဲ လုလုချန်း၏ တိုက်ခိုက်မှုကို အလူးအလိမ့်ခံနေရ၏။

ရုတ်တရက်...

လုလုချန်း၏ လက်သီးတစ်လုံးသည် ဗိုလ်မှူးကလေးဟောင်း၏ [illegible]သို့ ထိမိသွားရာ ဗိုလ်မှူးကလေးဟောင်း၏ ခန္ဓာကိုယ်သည် နောက်သို့ လွင့်စဉ်သွားပြီး လဲကျသွားသည်။

ထို့နောက် သူသည် ထပ်မံတိုက်ခိုက်ရန် လူးလှိမ့်၍ ထလိုက်သည်။

လုံလုချန်းက သူ၏ အထက်ကို မစောင့်တော့ဘဲ သူ့ထံသို့ ပြေးဝင်သွားပြီး ခြေထောက်ဖြင့်ကန်လိုက်ရာ ဗိုလ်မှူးကလေးဟောင်းက ထပ်မံလဲကျသွားသည်။

လုလုချန်းက ဆက်ဝါးစောင်းဖြင့် သုံးချက်တိတိ ဆက်တိုက် ခုတ်ချလိုက်ရာ ဗိုလ်မှူးအလေးဟောင်းက တုပ်တုပ်မျှမလှုပ် တော့ပါ။

အိမ်ကြီးထဲမှကြည့်နေသော ပရိသတ်သည် သူထင်ကြေး ပေးထားသည့်အတိုင်း လုလုချန်း အနိုင်ရသွားသည်ကိုတွေ့လိုက် ရသဖြင့် ပြုံးယောင်သမ်းသွားလေသည်။

လုလုချန်းက ခေါင်းကမေ့၊ ငိုက်စိုက်ချကာ ခြေကုန်လက် ပန်းကျနေသောအသွင်ဖြင့် အိမ်ကြီးရှိရာသို့ တစ်လှမ်းချင်းလှမ်း သွားလေသည်။

သူမသည် မောဟိုက်စွာဖြင့် အိမ်ကြီးထဲသို့ လှမ်းဝင်လိုက် သောအခါ ထုပ်တန်းပေါ်၌ တန်းလန်းချိတ်ထားသော ကြိုး ကွင်းတစ်ခုက သူမအား ဆီးကြိုနေသည်ကို တွေ့မြင်လိုက်ရလေ သည်။

သူမစိတ်ထဲတွင် နံရံပေါ်၌ ချိတ်ထားသောကဗျာ၏ နောက် ဆုံးအပိုဒ်ကို ရင်ထဲမှ အလိုလိုရေရွတ်မိလိုက်လေသည်။

'လူပုကလေးက အိမ်ပြန်လာ၊ ကြိုးကွင်းတစ်ခုက ကြို ဆိုနေအံ့'

## သေရွာပြန်

လုလုချန်းသည် တန်းလန်းချထားသော ကြိုးကွင်းရှေ့သို့ ရောက်ရှိသွားလေသည်။

သူမသည် ခြေစုံရပ်လိုက်ပြီး ကြိုးကွင်းအား မော့ကြည့်လိုက် လေသည်။

အတန်ကြာတော့မှ သူမသည် စားပွဲရှိရာဘက်သို့ ဖြည်းညင်း စွာ လှည့်ကြည့်လိုက်သည်။

စားပွဲရှည်၏နောက်ဖက်တွင် ကုလားထိုင်များ အစီအရီရှိနေ ကြ၏။

သို့သော် ထိုကုလားထိုင်များပေါ်တွင် ထိုင်ခဲ့ကြသော လူ များမှာ ဤလောကပေါ်မှ အပြီးအပိုင်ထွက်သွားကြပြီဖြစ်လေ သည်။

လူတစ်ယောက်သည် ပြတင်းပေါက်အနီးတွင် ထိုင်နေ၏။

သူ၏မျက်လုံးအစုံသည် လုလုချန်းအား မျက်တောင်မခတ် စိုက်ကြည့်နေ၏။

လုလုချန်း၏ မျက်နှာတစ်ခုလုံးမှာ ဖြူဖပ်ဖြူလျက် ဖြစ်နေလေသည်။

သူမသည် ထိုလူအား မမျှော်လင့်ဘဲ မြင်တွေ့လိုက်ရသောကြောင့် အလွန်အံ့ဩသွားသည် ဖြစ်သော်လည်း ကြောက်ရွံ့သည့် ဟန်အမူအရာ လုံးဝမရှိပါ။

သူမသည် မိမိမှာ မုချ သေရတော့မည်ဟု သိရှိထား၍ ကြောက်ရွံ့သောစိတ်များ ဖြစ်ပေါ်လာခြင်း မရှိသည်လော။

သူတို့နှစ်ယောက်သည် တစ်ယောက်မျက်နှာကို တစ်ယောက် စကားမပြောဘဲ အတန်ကြာစိုက်ကြည့်ပြီး နောက် ထိုလူက စ၍ ပြုံးပြလိုက်လေသည်။

သူ၏အပြုံးမှာ အေးစက်ကြမ်းကြုတ်လှသည်ဟု လုလုချန်း၏ ရင်ထဲ၌ ခံစားလိုက်ရလေသည်။

ထိုလူ၏ သူမအား ကြည့်ပုံမှာ ကြောင်တစ်ကောင်က ကြွက်တစ်ကောင်ကို မိထားပြီး ချက်ချင်း ကိုက်စားခြင်း မပြုဘဲ ဆော့ကစားနေသည့် အကြည့်မျိုး ဖြစ်သည်။

ထိုလူ၏အသံ ထွက်ပေါ်လာလေသည်။

'မင်း အောင်ခတော်အံ့ဩသွားမှာပဲနော်'



လုလုချန်းက ရဲရဲဝံ့ဝံ့ ပြန်ကြည့်လိုက်သည်။

'ဟုတ်ပါတယ်ရှင်၊ ကျွန်မ တော်တော်အံ့ဩသွားမိပါတယ်'

ထိုလူက ခေါင်းညိတ်လိုက်သည်။

'အံ့ဩရမယ်လေ၊ အစကတည်းက ကျုပ်က မင်းတို့အားလုံး အံ့ဩသွားရအောင် လုပ်တဲ့ကိစ္စပါပဲ'

လုလုချန်းက ခေါင်းညိတ်လိုက်သည်။

'လူသတ်သမားဟာ တရားသူကြီးမင်း ဖြစ်လိမ့်မယ်လို့ ကျွန်မ မထင်ထားခဲ့ပါပဲ'

ထိုလူသည် နှလုံးရောဂါဖြင့် သေဆုံးသွားသော တရားသူကြီး ယောင်းပေါ်ကျုန်းပင် ဖြစ်လေသည်။

တရားသူကြီးယောင်း ပြုံးပြလိုက်သည်။

'ထိုင်ပါဦး၊ အေးအေးဆေးဆေး ဆွေးနွေးကြတာပေါ့'

လုလုချန်းက မဲ့ပြုံးပြုံးလိုက်သေးသည်။

'ကောင်းပါပြီရှင်၊ တရားသူကြီးမင်းက ကိုယ်တိုင်အသေးစိတ်အစီအစဉ်ချပြီး လူများကို တစ်ယောက်ပြီးတစ်ယောက် သတ်ခဲ့တဲ့အကြောင်းကို ထုတ်ဖော်ဂုဏ်ယူချင်လို့ မဟုတ်လား'

တရားသူကြီးယောင်းက ရယ်မောလိုက်သည်။

'သိပ်ဟုတ်တာပေါ့ကွာ၊ ကျုပ်ရဲ့အကြံအစည်များကို ထုတ်ဖော် ဂုဏ်ယူခြင်းမပြုရင် သစ်လွင်တဲ့အကျီများဝတ်ဆင်ပြီး ည

ခေါင်မည်းတဲ့ လမ်းခရီးကိုထွက်နေတဲ့ လူတစ်ယောက်နဲ့တူတော့မှာပေါ့'

လုလုချန်းသည် တရားသူကြီးဟောင်းရှေ့သို့လျှောက်သွားပြီး စားပွဲခြား၍ မျက်နှာချင်းဆိုင် ထိုင်ချလိုက်လေသည်။

'ဟုတ်တယ်၊ ကျွန်မလဲသိပ်ပြီးတော့ နားထောင်ချင်ပါတယ်'

တရားသူကြီးဟောင်းက....

'မင်းရဲ့ကိုယ်ပေါ်မှာ ငါ့ရဲ့ဓားတစ်လက် ဝှက်ထားတယ်ဆိုတာ ငါသိပါတယ်၊ ငါ့ကိုအလစ်ချောင်းပြီး ဝင်တိုက်ခိုက်ဖို့ စိတ်ကူးမယဉ်စမ်းပါနဲ့၊ တော်ကြာ ကျုပ်ပြောပြမယ့်စကားများဆုံးအောင်နားမထောင်နိုင်ဘဲ ဖြစ်သွားရှာမယ်'

လုလုချန်းက မဲ့ပြုံးပြုံးလိုက်လေသည်။

'ကျွန်မကိုရှင်က အနိုင်ရလိမ့်မယ်လို့ အပိုင်တွက်ထားရင် မှားသွားမှာပေါ့'

တရားသူကြီးဟောင်းက ရယ်မောလိုက်သည်။

'အမှန်အတိုင်းပြောရမယ်ဆိုရင် မင်းက ဗိုလ်လေးဟောင်းကိုသတ်လိုက်တာ မဟာအမှားတစ်ခုပါပဲ'

လုလုချန်းက ပါးစပ်ပိတ်ထားလိုက်သည်။

တရားသူကြီးဟောင်းက...



'မင်းနဲ့ ဗိုလ်လေးဟောင်းနဲ့ပူးပေါင်းလိုက်မယ်ဆိုရင် ကျုပ်ကိုနိုင်လောက်နိုင်လိမ့်မယ်၊ အခုတော့ မင်းတစ်ယောက်တည်းနဲ့ ငါ့ကို သိုင်းကွက်ဆယ်ကွက်ထက်ပိုပြီး ယှဉ်လို့မရဘူးဆိုတာ ယုံကြည်စမ်းပါ'

လုလုချန်းက မဲ့ပြုံးပြုံးလိုက်လေသည်။

'အခု တရားသူကြီးမင်းက ကျွန်မကို သတ်ချင်တဲ့ဆန္ဒရှိနေသေးဘူး မဟုတ်လား'

တရားသူကြီးဟောင်းက ခေါင်းညိတ်လိုက်သည်။

'မင်းကိုငါ ချက်ချင်းသတ်လိုက်ရင် ငါ့ရဲ့ပြောင်မြောက်ပြီးပီရိတဲ့အကြံအစည်ကို ဘယ်သူ့ကိုဖွင့်ပြောဖို့ အခွင့်အရေးရှိတော့မှာလဲ'

လုလုချန်းက ...

'ကျွန်မနားထောင်နေပါတယ်'

တရားသူကြီးဟောင်းက....

'ဒီအကြောင်းပြောရမယ်ဆိုရင် အစကနေပြန်ပြောမှပြည့်စုံပါလိမ့်မယ်'

လုလုချန်းက ပါးစပ်ပိတ်ထားလိုက်သည်။

သူသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး ပြတင်းပေါက်မှနေ၍ ဧကြင်ဝှ့်တင်ရက် လှမ်းကြည့်လိုက်သည်။

ပြီးမှ လုလုချန်းဘက်သို့ လှည့်လိုက်လေသည်။

'ဒီအိမ်ကြီးအကြောင်းနဲ့ပတ်သက်ပြီး ကျုပ်ရဲ့ဖခင်ရေးသား ထားတဲ့ပေစာကို ခင်ဗျားတို့အားလုံး ဖတ်ပြီးကြပါပြီနော်၊ ဒါကြောင့် မပြောတော့ဘဲ သူ့ရဲ့ပေစာထဲမှာ မပါရှိတဲ့ အကြောင်းအရာပြီး ကျုပ်ပြောပြပါ့မယ်'

လုလုချန်းက ခေါင်းညိတ်ပြလိုက်သည်။

'ဟုတ်ကဲ့၊ ကျွန်မနားထောင်နေပါတယ်ရှင်'

အရာရှိကြီးဟောင်းက...

'ကျုပ်ရဲ့ နာမည်ရင်းကတော့ ဒေါ်ဇင်လုံ ဖြစ်ပါတယ်၊ ဒါ့ကြောင့် ကျုပ်ရဲ့ဖခင်ဟာ မြို့စားကြီး ဒေါ်ကံထွန်းပါဆိုတာ သိနိုင်ရောပေါ့'

လုလုချန်းက ခေါင်းညိတ်ပြလိုက်သည်။

'ဟုတ်ကဲ့'

အရာရှိကြီးဟောင်းက...

'ကျုပ်နဲ့ မိခင်အိမ်ဖော်များနဲ့အတူ တစ်နှစ်တစ်ကြိမ် ကိုသဲ့ ရွာနေကို ရောက်မြို့ပြန်ရပါတယ်၊ ရဲတိုက်ကြီးကံကြမ္မာကို နဲ့ကြုံတွေ့နေတာကို ကျုပ်တို့ သိခဲ့ရပါဘူး၊ ရဲတိုက်ကိုပြန်ရောက် သွားတဲ့အခါမှာ ရဲတိုက်ပျက်စီးတာကို တွေ့မြင်ခဲ့ရပါတယ်၊ ဖခင်ရေးသားထားတဲ့ ပေစာကို ဖတ်ရှုပြီး သေသွားကြတဲ့ အခါမှာ ကျုပ်ဘို့ရဲ့ဘိုးဘကိုသာရှောက်စီးနှင့်ပြီး လူသစ်သည်



ဖြစ်သွားတဲ့လူတွေဟာ သိုင်းလောကမှာ အများ ရဲ့ ယုံကြည် လေးစားမှုခံရတဲ့ အမြုံရောင်သိုင်းအကျော်အဇော်ဝမ်ဝမ်ဆွေ ဖြစ်တယ်ဆိုတာ သိရတော့ ကျုပ်က ဝမ်ဝမ်ဆွေကိုလက်စားချေ ချင်တာကတစ်ကြောင်း၊ ရဲတိုက်ကြီးကလဲ မီးလောင်ကျွမ်းပြီး ပျက်စီးသွားတဲ့အတွက် ဘယ်လိုမှနေထိုင်လို့မရတာနဲ့ တစ်ဖက် ကမ်းမှာရှိတဲ့ ရှောကွမ်းတုံဆိပ်ကမ်းမြို့ကို ပြောင်းရွှေ့သွား ရပါတယ်၊ အဲဒီကိုရောက်တော့ ကျုပ်အမိခင်အိမ်ဖော်များကို ထားရစ်ခဲ့ပြီး ဝမ်ဝမ်ဆွေကို လက်စားချေဖို့ ထွက်ခွာသွား တော့တာပဲ'

သူသည် ပြောရင်းပြောရင်း စိတ်လှုပ်ရှားလာသော ကြောင့် အသံများတုန်ခါလာလေသည်။

လုလုချန်းက တိတ်တိတ်ဆိတ်ဆိတ်နှင့်နားထောင်နေ၏။

အရာရှိကြီးဟောင်းက စကားဆက်လိုက်ပြန်လေသည်။

'ဝမ်ဝမ်ဆွေဟာ လုယန်နယ်မြို့လေးမှာ ရှိတယ်လို့သိရ တယ်၊ ဒါ့ကြောင့် ကျုပ်က မြင်းတစ်ကောင်ကိုစီးပြီး လုယန် မြို့ကိုထွက်ခွာသွားပါတယ်'

သူက ခေတ္တနားရင်းနားလိုက်ပြီးမှ စကားပြန်ဆက်လိုက် သည်။

'ကျုပ်လုယန်မြို့ရောက်တော့ တည်းခိုခန်းတစ်ခန်းမှာတည်း ခိုရင်း ဝမ်ဝမ်ဆွေနေထိုင်တဲ့နေရာကိုစုံစမ်းရပါတယ်၊ ဝမ်ဝမ်ဆွေ ဟာ ကျော်ကြားတဲ့ပုဂ္ဂိုလ်တစ်ယောက်ဆိုတော့ ဘယ်သူ့ပဲမေး

မေး အားလုံးအပြာပြန်နိုင်ပါတယ်၊ ဝမ်ဝမ်ဆွေနေရာသိရှိပြီး တာနဲ့ အဲဒီညမှာပဲ ဝမ်ဝမ်ဆွေကိုသတ်ဖို့ ကျုပ်ကအဆင်သင့်ဖြစ်ထားလိုက်တယ်လေ၊ အဲဒီအချိန်မှာ ကျုပ်က အတွေ့အကြုံအလဲ ရှိနေယ်တယ်၊ အသက်ကလဲငယ်သေးတော့ ကျုပ်က သူ့ကို နိုင်ပါ့မလားလို့ မစဉ်းစားမိပါဘူး၊ဖခင်အတွက် လက်စားချေတဲ့စိတ်နဲ့ ဘာမှမစဉ်းစားနိုင်တဲ့ အဲဒီညမှာပဲ ဝမ်ဝမ်ဆွေးရှိတိုင်တဲ့ဂေဟာကို ထွက်သွားပါတယ်'

သူသည် သက်ပြင်းတစ်ချက်ချလိုက်ပြီးမှ စကားဆက်ဆိုပြန်လေသည်။

'အဲဒီညကို အခုထိကျုပ်မမေ့နိုင်သေးပါဘူး။ အဲဒီညဟာ လမိုက်တဲ့ည၊ လေထန်တဲ့ည ဖြစ်ပါတယ်'

## ရွှေကျားသစ်ဂေဟာ

ရွှေကျားသစ်ဂေဟာသည် လှယန်မြို့၏ မြောက်ဘက်အစွန်ဆုံးနေရာတွင် တည်ရှိနေ၏။

အဆောက်အအုံမှာ အလွန်ထည်ဝါခံ့ညားလှပလေသည်။

ပေါက်လုံသည် ထိုဂေဟာအနီးသို့ ချဉ်းကပ်လိုက်ပြီး အခြေအနေကို အကဲခတ်ကြည့်လိုက်သည်။

ဂေဟာ၏ တံခါးမရှေ့တွင် အစောင့်များကို မတွေ့ရပါ။

လေပြင်းတိုက်ခတ်နေသောကြောင့်လား မသိ၊အစောင့်များသည် လေကွယ်ရာသို့ သွားရောက်ပုန်းအောင်း နေမည်သာဖြစ်သည် မဟုတ်ပါလော။

ဂေဟာ၏တံစက်မြိတ်အောက်မှာ ချိတ်ဆွဲထားသော မီးလုံးကြီးသည် လေထဲ၌ယိမ်းယိုင်နေသဖြင့် မီးရောင်များသည် မှိတ်ချည်တစ်ခါ လင်းချည်တစ်လှည့် ဖြစ်နေ၏။

ပေါက်လုံက ဝမ်းသာသွားလေသည်။

'ကနေ့ည ရာသီဥတုဆိုးရွားတာ သင်းသဘောကျလို့ပဲ'

သူက ရင်ထဲ၌ယင်းသို့ကြုံးဝါးရင်း ခန္ဓာကိုယ်တစ်ချက်လှုပ်ရှားလိုက်သည်။

ဂေဟာ၏ခြံဝင်းအတွင်းသို့ ရောက်သွားလေသည်။

သူ၏လှုပ်ရှားပုံကို ကြည့်ခြင်းအားဖြင့် သူ၏သိုင်းပညာမည်မျှ မှန်း သိသာနိုင်သည်။

သူသည် ဂေဟာဝင်းထဲသို့ ရောက်ရှိသွားသည့်တိုင်အောင် မည်သူတစ်ဦးတစ်ယောက်မှ သူ့အား တွေ့၍ ဟန့်တားခြင်း မရှိပါ။

သူသည် အားတက်သရောမိလေသည်။

အပေါ်တစ်ချက် မော့ကြည့်လိုက်ပြီး ဒူးတစ်ချက်ကွေ့၍ ခြေထောက်နှစ်ဖက်ကို မြေပြင်သို့တစ်ချက်ဆောင့်လိုက်ရာ သူ၏ ခန္ဓာကိုယ်သည် အပေါ်သို့ လောင်တက်သွားလေသည်။

သူသည် လေထဲ၌ ခန္ဓာကိုယ်တစ်ချက်လှည့်၍ ပြန်ကျလာသောအခါ ဂေဟာ၏ ခေါင်မိုးပေါ်သို့ ရောက်ရှိသွားလေသည်။



သူ ခေါင်မိုးပေါ်၌ အစောင့်အကြပ်များ ရှိနေမည်လော တွေးပြီး ခေါင်မိုးပေါ်၌ ဝပ်ချလိုက်လေသည်။

ထို့နောက် ပတ်ဝန်းကျင်သို့ တစ်ချက် ဝေ့ကြည့်လိုက်သည်။

မြင်ကွင်းတစ်ခုလုံးမှာ လူရိပ်ပင် မတွေ့ရပါ။

ထိုအခါကျမှ သူသည် ဝပ်နေရာမှရုပ်တန့်လိုက်ပြီး ခေါင်မိုး၏ အလယ်သို့ လျှောက်သွားလိုက်လေသည်။

ဂေဟာ၏ အနောက်ဘက်တွင် သီးခြားအဆောင်တစ်ခု ရှိသည်ကို မြင်လိုက်သည်။

ယင်းအဆောင်မှာ နှစ်ထပ်ဖြစ်သည်။

အောက်ထပ်တွင် မှောင်မည်းနေ၏။

အပေါ်ထပ် ပြတင်းပေါက်မှ မီးရောင်များ ဖြာထွက်နေသည်ကို တွေ့မြင်လိုက်သည်။

သူသည် ထိုအဆောင်ရှိရာသို့ ပြေးလွှားသွားသည်။

အပေါ်ထပ်သို့ ခုန်တက်လိုက်လေသည်။

ထို့နောက် ပြတင်းပေါက်အနီးသို့ ချဉ်းကပ်ကာ အခန်းတွင်းသို့ ချောင်းကြည့်လိုက်လေသည်။

ယင်းအခန်းသည် ခုတင်တစ်လုံး၊ စားပွဲတစ်လုံးနှင့် စာအုပ်စာတမ်းများ ပြည့်နှက်စွာ ရှိနေသည်ကို တွေ့ရပေသည်။

အသက်လေးဆယ်ခန့်ဝန်းကျင်ရှိသော လူတစ်ယောက်သည် စားပွဲအနီးတွင်ထိုင်၍ မီးရောင်အောက်၌ စာဖတ်နေသည်ကို တွေ့မြင်လိုက်ရသည်။

ယင်းလူမှာ ဝမ်ဝမ်အဆွေဖြစ်ရမည်ဟု သူကယုံကြည်လေသည်။

သူ၏တစ်ကိုယ်လုံးမှချွေးများ ဆူပွက်လာလေသည်။

ဆက်စားချေလိုသောစိတ်များသည် တစ်မုဟုတ်ချင်း ဖြစ်ပေါ်လာလေသည်။

သူသည် စဉ်းစားဆင်ခြင်ခြင်းမပြုတော့ဘဲ သူ၏ခန္ဓာကိုယ်ဖြင့် ပြတင်းပေါက်ကို ဝင်ဆောင့်ပြီး အခန်းထဲရောက်ရှိသွားလေသည်။

ပြတင်းပေါက်ကျိုးပဲ့သော အသံသည် တိတ်ဆိတ်ခြင်းကို ဖြိုခွဲလိုက်လေသည်။

ထိုလူသည် စာဖတ်နေရာမှ အခန်းထဲသို့ လူတစ်ယောက် ဝင်ရောက်လာသည်ကို မြင်တွေ့လိုက်ရသော်လည်း စာအုပ်ကိုလျက် ဟန်မပျက်ထိုင်နေ၏။

'ခြိမ်း'

ပေါက်ကွဲသံ သူ၏ခေါင်းကို ဆွဲထုတ်လိုက်သည်။

ထိုအချိန် အခန်း၏အပြင်ဘက်၌ ခြေသံများ ဆူညံစွာ ထွက်ပေါ်လာလေသည်။



အသံတစ်သံက ခြေသံများကြားမှ ထွက်ပေါ်လာလေသည်။

'ဆရာ... ဆရာ ဂေဟာမှာ ဘာဖြစ်နေလို့လဲဆရာ'

ထိုလူက လှည့်ပင်မကြည့်ဘဲ အသံအေးအေးဖြင့် ပြန်ပြောလိုက်သည်။

'လူငယ်တစ်ယောက်က ငါ့အခန်းထဲ ရောက်နေတယ်'

အပြင်ဘက်မှအသံရှင်က...

'ဒါဖြင့် တံခါးဖွင့်ပါဆရာ၊ ကျွန်တော်တို့ဝင်ခဲ့မယ်'

ထိုလူက....

'နေပါစေ၊ မင်းတို့ပြန်သွားကြ၊ ဒီကိစ္စ ငါ့ဘာသာဝါ ရှင်းမယ်'

အခန်းအပြင်ဘက်မှ ခြေသံများ တဖြည်းဖြည်းဝေးကွာပျောက်ကွယ်သွားလေသည်။

ဝမ်ဝမ်ဆွေ

ပေါက်လုံသည် ထိုလူအား အတန်ကြာ စိုက်ကြည့်နေ၏၊ ထိုလူက သူ့အား ပြုံးပြလိုက်သည်။

'သူငယ်... မင်းကဘယ်သူလဲ၊ အချိန်မတော် အခုလို ကျူးကျော်ဝင်ရောက်လာတာ ငါ့ကိုသတ်ဖို့ ကြိုးစားမလို့လား'

ပေါက်လုံက....

'ကျုပ်က ပေါက်လုံပါ၊ ခင်ဗျား ဝမ်ဝမ်ဆွေမဟုတ်လား'

ထိုလူမှာ ဝမ်ဝမ်ဆွေပင် ဖြစ်သည်။

သူက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ် ငါကဝမ်ဝမ်ဆွေပါ၊ ငါ့ကိုဘာကြောင့် သတ်ချင်လဲဆိုတာ ပြောပဦး'



ပေါက်လုံက...

'ကျုပ်ရဲ့ဖခင်ဟာ ရှေးငှက်ကျွန်းပေါ်က ရဲတိုက်မှူးကြီး ပေါက်ထင်းပါ၊ ခင်ဗျားက ကျုပ်အဖေနဲ့အတူ ရဲတိုက်စောင့် တပ်ဖွဲ့ကိုသတ်ဖြတ်ပြီး ပစ္စည်းများကို လုယူသွားရုံသာ ရဲတိုက်ကို ပါ မီးရှို့ဖျက်ဆီးသွားခဲ့တယ်၊ ဒါကြောင့် ခင်ဗျားကို လက်စားချေဖို့ လာခဲ့တာ'

ဝမ်ဝမ်ဆွေက သူ့အား ခြေဆုံးခေါင်းဆုံး တစ်ချက်ကြည့်လိုက်သည်။

ထို့နောက် ပြုံးပြလိုက်လေသည်။

'မင်းပြောတာ ငါမငြင်းပါဘူးကွာ၊ ဒီလိုဖြစ်ပျက်ခဲ့တာလဲ အထင်မှား အမြင်မှားကြောင့် ဖြစ်ခဲ့ရတာပါ၊ ဒီအတွက် ကျုပ်စိတ်မကောင်းမိပါဘူး'

ပေါက်လုံက မဲ့ပြုံး ပြုံးလိုက်လေသည်။

'ခင်ဗျားဟာ သိပ်ပြီးဟန်ဆောင်ကောင်းတယ်၊ ကြွက်သေလို့ ကြောင်ငိုတယ်ဆိုတာ ထုံးစံမရှိပါဘူး'

ဝမ်ဝမ်ဆွေက...

'မင်းမယုံဘူးဆိုတာ ငါသိပါတယ်ကွာ၊ ဒါပေမယ့်...'

ပေါက်လုံက...

'ဒါပေမယ့် ဘာဖြစ်သလဲ'

ဝမ်ဝမ်ဆွေက....

'မင်း ငယ်ပါသေးတယ်၊ ငါ့ကိုသက်စားချေဖို့ အရည်အချင်း မပြည့်စုံသေးဘူး၊ ဒါကြောင့် မင်းပြန်သွားပါ၊ သိုင်းပညာရှင် တစ်ယောက်ဆောက်ဆိုက သိုင်းပညာအသင်ပါ၊ မင်းကိုယ်မင်း ငါနဲ့ယှဉ်ပြိုင်နိုင်ပြီလို့ ယုံကြည်မှ ငါ့ဆီကိုပြန်လာခဲ့ပါ၊ မင်းကို ငါကြိုဆိုနေပါမယ်'

ပေါက်လုံတ မဲ့ပြုံးပြုံးလိုက်လေသည်။

'ကျုပ် ကလေးမဟုတ်တော့ဘူးဗျ၊ ခင်ဗျားရဲ့စကားဟာ ခင်ဗျားကိုယ်ခင်ဗျား ပြောဖို့ကောင်းတယ်'

ဝမ်ဝမ်ဆွေက....

'မင်းမယုံဘူးလား'

ဝမ်ဝမ်ဆွေက ခေါင်းညိတ်လိုက်သည်။

'မင်းယုံလာရွာပါ'

သူက ထိုင်ရာမှထလိုက်သည်။

ထို့နောက် ပေါက်လုံရှေ့သို့ လျှောက်သွားလေသည်၊

ပေါက်လုံနှင့် မျက်နှာချင်းဆိုင် ရပ်လိုက်ပြီးသည်နှင့်—

'ကျုပ်ဟာ ဘာစကားနက်မှမပါဘူး၊ မင်းက ဓားနဲ့ကျုပ်ကို သိုင်းကွက်သုံးကွက်နဲ့ တိုက်ခိုက်ခွင့်ပေးလိုက်မယ်၊ မင်းရဲ့ သိုင်းကွက်သုံးကွက်ကို ကျုပ်ကတုံ့ပြန်မှာ မဟုတ်ဘူး၊ သိုင်းကွက်



သုံးကွက် ပြီးဆုံးသွားတာနဲ့ ခင်းရပ်တန့်လိုက်ပါ၊ ဆက်ပြီး တိုက်မယ်ဆိုရင် ကျုပ်ကို အဆိုးမဆိုနဲ့'

ပေါက်လုံအ မဲ့ပြုံးပြုံးလိုက်သည်။

'ခင်ဗျား ဘာဏယ်ပြောနေတာလား'

ဝမ်ဝမ်ဆွေက ပြုံးလိုက်သည်။

'ကျုပ် ကတိတစ်ခုကို ဘယ်တော့မှ မဖျက်ပါဘူး'

ပေါက်လုံအ....

'ကောင်းပြီ'

သူသည် စကားဆုံးသွားသည်နှင့် ဝမ်ဝမ်ဆွေအား တိုက်ခိုက်လိုက်လေသည်။

သူ၏သိုင်းကွက်သည်သူ့အရွယ်နှင့်မလိုက်အောင် အားမာန်ပြင်းထန်လှပေသည်။

သို့သော် ဝမ်ဝမ်ဆွေက အနည်းငယ်မျှ လှုပ်ရှားလိုက်သည်နှင့် ပေါက်လုံ၏တိုက်ကွက်သည် အချည်းနှီး ဖြစ်သွားရလေသည်။

ပေါက်လုံသည် အံကိုတင်းတင်းကြိတ်ပြီး အရှိန်းကုန် တိုက်ခိုက်လိုက်လေသည်။

သူသည် သိုင်းကွက်သုံးကွက်ကို တစ်ဆက်တည်း တိုက်ခိုက်ပြီးသွားသည့်တိုင်အောင် ဝမ်ဝမ်ဆွေ၏ အင်္ကျီစကိုပင် မထိမိပါ။

ဝမ်ဝမ်ဆွေက ဆက်အစဖြိုလိုက်သည်။

'မင်း ရပ်အန်းက ရပ်လိုက်တော့'

ပေါက်လုံက သူ၏စကားကို နားမထောင်ဘဲ ဆက်၍တိုက်ခိုက်လိုက်လေသည်။

ဝမ်ဝမ်ဆွေက လှုပ်ရှားလိုက်လေသည်။

သူ၏ညာဘက်လက်ဝါးသည် စက်စိုင်းတစ်ခုပမာ လှုပ်ရှားလိုက်သည်။

တစ်ဆက်တည်းမှာပင် သူ၏ ဘယ်ဘက်လက်ဝါးသည် ထိုစက်ဝိုင်းပုံသဏ္ဌာန် လက်ဝါးထဲမှ ထိုးဖောက် ဆန့်ထွက်လာပြီး ပေါက်လုံ၏ရင်ဝထဲသို့ ထိုးသွင်းလိုက်လေသည်။

ပေါက်လုံ၏ခန္ဓာကိုယ်သည် နောက်သို့လွင့်စဉ်သွားပြီး ဖင်ထိုင် ကျသွားလေသည်။

သူသည် လူးလိမ့်၍ ထရပ်လိုက်သောအခါ ရင်ထဲမှ ပျို့လာပြီး သွေး ပါးစပ်ဟလိုက်ရာ....

'ဝေါ့'

သွေးများ အန်ထွက်လိုက်လေသည်။



သူ၏မျက်နှာတစ်ခုလုံးမှာ သွေးရောင်မရှိ ဖြူဖပ်ဖြူရော် ဖြစ်သွား၏။

မိမိမှာ ပြင်းထန်သော ဒဏ်ရာရရှိလိုက်သည်ကို နားလည်လိုက်လေသည်။

ဝမ်ဝမ်ဆွေက ဆက်အတိုက်ခိုက်ခြင်း မပြုပါ။

သက်နှစ်ဖက်ကို နောက်ပစ်ကာ သူ့အား ကရုဏာသက်သော အကြည့်ဖြင့် ကြည့်လိုက်လေသည်။

'ကျုပ်ရဲ့အကြံပြုချက်ကို နားမထောင်ဘဲကိုး၊ ဒါတောင် ကျုပ်ရဲ့ ဘယ်လက်မို့လို့၊ ညာဘက်လက်ဝါးသာဆိုရင် အခု လောက်ဆို မင်းအသက်ရှိတော့မှာ မဟုတ်ဘူး'

ပေါက်လုံ၏တစ်ကိုယ်လုံးသည် ရှိအမျှခွန်အား ရုတ်တရက် ပျောက်ကွယ်သွားသည့်အသား မတ်တတ်ရပ်ရန်ပင် ခနည်း ထိန်းထားရလေသည်။

သူက အံကိုတင်းတင်းကြိတ်ကာ ဝမ်ဝမ်ဆွေ၏မျက်နှာကို စိုက်ကြည့်နေ၏။

'မထူးပါဘူး၊ ကျုပ်ကိုသတ်လိုက်ပါ'

ဝမ်ဝမ်ဆွေက ခေါင်းခါယမ်းလိုက်သည်။

'မင်းကိုငါမသတ်ဘူး၊ မင်းပြန်သွားနိုင်ပြီ'

ပေါက်လုံက....

'ခင်ဗျား ကျုပ်ကိုမသတ်တာ ကျုပ် ကျေးဇူးတင်မယ်လို့ မထင်လိုက်နဲ့၊ ကျုပ်အသက်မသေရင်ခင်ဗျား ကိုလာပြီး ဆက်စာ ချေမှာ'

ဝမ်ဝမ်ဆွေက ပြုံးလိုက်သည်။

'ရပါတယ်၊ မင်းကငါနဲ့ ပညာချင်းယှဉ်လို့ ရပြီလို့ယုံကြည်လာရင် အချိန်မရွေး ကြွခဲ့ပါ၊ ကျုပ်က ကြိုဆိုနေပါမယ်'

သူသည် နံရံပေါ်မှ ချိတ်ထားသော ခေါင်းကလေးကိုထု လိုက်လေသည်။

'ဒေါင်'

အခန်းအနီးမှ ခြေသံများကြားလိုက်ရသည်။

ဝမ်ဝမ်ဆွေသာ တံခါးကိုဖွင့်ပေးလိုက်သည်။

အခန်းဝတွင် မီးခိုးရောင်အင်္ကျီဆင်တူ ဝတ်ဆင်ထားသော လူသန်ကြီးနှစ်ယောက်က ရှိသေစွာ ရပ်နေသည်ကို တွေ့ရသည်။

ဝမ်ဝမ်ဆွေသည် ပေါက်လုံအားညွှန်ပြလိုက်သည်။

'သူ့ကို သွားလိုတဲ့နေရာ လိုက်ပို့လိုက်ပါ'

လူသန်ကြီးနှစ်ယောက်က ပြိုင်တူဦးညွှတ်လိုက်သည်။

'ဟုတ်ကဲ့ပါဆရာ'

ဝမ်ဝမ်ဆွေသည် စားပွဲပေါ်မှကြွေဘူးတစ်လုံးကို ယူလိုက်သည်။



အဖုံးကိုဖွင့်လိုက်ပြီး နို့ရှိသော ဆေးလုံးတစ်လုံးကို ပေါက်လုံအား လှမ်းပေးလိုက်သည်။

'ဒီဆေးလုံးကို မသောက်လိုက်ပါ၊ သုံးရက်အတွင်း ပကတိ လူကောင်း ဖြစ်လာပါလိမ့်မယ်'

ပေါက်လုံက သူ့အား စိုက်ကြည့်လိုက်သည်။

'ခင်ဗျား ကျုပ်ကို စိတ်လျော့သွားအောင် မလုပ်ပါနဲ့၊ ခင်ဗျားဆေးကို ကျုပ်လုံးဝလက်မခံဘူး၊ ကျုပ်အသက် မသေ မချင်း ခင်ဗျားကို အာဃာတဦးမှာပဲ'

ဝမ်ဝမ်ဆွေက ပြုံး၍ခေါင်းညိတ်လိုက်သည်၊

'ကောင်းပါပြီဗျာ'

သူ့အား လက်တစ်ချက် ဝှေ့ယမ်းပြလိုက်သည်။

လူသန်ကြီးနှစ်ယောက်သည် ပေါက်လုံ၏ ဝဲယာတစ်ဖက် တစ်ချက်မှနေ၍ သူ၏လက်မောင်းကိုဆွဲကာ တွန်းတိုက်ခေါ် ဆောင်သွားလေသည်၊

ပေါက်လုံ ထွက်ခွာသွားပြီးနောက် ဝမ်ဝမ်ဆွေ၏ပြုံးနေသော မျက်နှာသည် ခက်ထန်ပြီး အေးစက်လာလေသည်။

ခေါင်းကလေးကို နှစ်ချက်ထပ်မံထုလိုက်သည်။

'ဒေါင်... ဒေါင်'

တစ်ခဏအကြာတွင် သူ၏အခန်းဝ၌ လူတစ်ယောက်ရောက် ရှိလာလေသည်။

ယင်းလူ၏ ကိုယ်ပေါ်တွင် အနက်ရောင် ကိုယ်ကြပ်အင်္ကျီ ဝတ်ဆင်ထားသည်။

သူ၏ခန္ဓာကိုယ်မှာ ကျစ်လျစ် တောင့်တင်းသည်။

မျက်နှာမှာ အေးစက်ပြီး ကြမ်းကြုတ်သည်။

အထူးသဖြင့် သူ၏မျက်လုံးအစုံမှာမူ စူးရှတောက်ပနေ၏။

သူက ဝမ်ဝမ်ဆွေအား ရိုသေစွာ ဦးညွှတ်လိုက်သည်။

'အမိန့်ရှိပါ သခင်'

ဝမ်ဝမ်ဆွေက...

'ခုနတုန်းက ပေါက်လုံဆိုတဲ့ လူငယ်တစ်ယောက် ငါ့ကို ဆက်စားချေဖို့ ရောက်လာတယ်၊ အခုတော့ သူ့ကိုပြန်ပို့ခိုင်းလိုက်ပြီ၊ မင်းတို့ သူ့နောက်ကိုလိုက်သွား၊ ဘယ်မှာရှိတယ်ဆိုတာ သတင်းပြန်ပို့'

ထိုလူက ဦးညွှတ်လိုက်ပြီး...

'ဟုတ်ကဲ့ပါ သခင်'

သူသည် ခြေလှမ်းသုတ်သုတ်ဖြင့် ထွက်ခွာသွားလေသည်။

ဝမ်ဝမ်ဆွေက အခန်းတံခါးကို ပြန်ပိတ်လိုက်သည်။

သူ၏မျက်နှာပေါ်တွင် ရက်စက်ကြမ်းကြုတ်သည့် ဟန်အမူအရာများ ဖြစ်ပေါ်နေသည်ကို တွေ့မြင်နိုင်ပေသည်။

* * *



ဝမ်ဝမ်ဆွေ၏ လူသန်ကြီးနှစ်ယောက်သည် ပေါက်လုံအား ဂေဟာထဲမှတွဲ၍ ထွက်လာကြလေသည်။

ထို့နောက် မြင်းတစ်ကောင်ပေါ်သို့ တင်ပေးလိုက်သည်။

လူသန်ကြီးတစ်ယောက်က ပေါက်လုံအား သတိပေးစကား ပြောလိုက်လေသည်။

'ဒီမှာသူငယ်၊ ငါတို့ဆရာကြီးဟာ အလွန်သဘောထားကြီး လို့ မင်းအနေလို အသက်ချမ်းသာရာရခဲ့တယ်ဆိုတာ သဘောပေါက်ပါ၊ နောက်တစ်ခါ ဒီလိုမျိုး ထပ်လုပ်ဦးမယ်ဆိုရင် မင်း စာဖြစ်သွားမယ်ဆိုတာ စဉ်းနားထည့်မှာပေါ့'

ပေါက်လုံက စကားတစ်ခွန်းမှ မပြောဘဲ အံကိုတင်းတင်း ကြိတ်ထားလိုက်လေသည်။

အခြား လူသန်ကြီးတစ်ယောက်က...

'ကဲ... မင်းသွားလို့ရသွားပေါ့တော့'

သူက ပြောပြီး မြင်း၏တင်ပါးကို လက်ဝါးတစ်ချက်ရိုက် ရိုက်ရာ ထိုမြင်းသည် လည်ဆန့်၍ ဟီလိုက်ပြီး တစ်ဟုန်ထိုး ပြေးလွှားထွက်ခွာသွားလေသည်။

ပေါက်လုံမှာမူ မြင်းအိကျောပေါ်၌မှောက်လျက် မြင်း၏ လည်ပင်းကို သိုင်းဖက်ထားကာ မြင်းပြေးလွှားရာသို့ လိုက်ပါသွားလေသည်။

သူသည်အတန်ကြာ ဝေးဝေးသို့ရောက်ရှိသွားသောအခါ...

ဂေဟာထဲမှ အစိမ်းရောင်အင်္ကျီဝတ်ဆင်ထားသော လူလေး ယောက်သည် ခြေလှမ်းသွက်သွက်ဖြင့် ထွက်လာကြလေသည်။

ထိုသူတို့၏ခါးမှာ တစ်ပေနှင့် နှစ်လက်မခန့်ရှည်သော ဓား တစ်လက်စီ ချိတ်ထားသည်ကို တွေ့လိုက်ရလေသည်။

သူတို့၏မျက်နှာပေါ်၌ ဟန်မူဆုကင်းမဲ့ပြီး အေးစိမ့်နေလေ သည်။

သူတို့သည် အပြင်သို့ ရောက်ရှိလာသည်နှင့် မြင်းများပေါ် သို့ ရှေ့ဆင့်နောက်ဆင့် ခုန်တက်ကြလေသည်။

သူတို့၏လှုပ်ရှားပုံမှာ လျင်မြန်၍ဖျတ်လတ်လှပေသည်။

သူတို့၏ သိုင်းပညာအဆင့်များမှာ ပထမတန်းအဆင့်နီးနီး ရှိမည်ဟု ခန့်မှန်းနိုင်ပေသည်။

ထို့အပြင် သူတို့သည် မြင်းစီးအလွန်ကျွမ်းကျင်သော လူ များ ဖြစ်ကြသည်မှာ ယုံမှားဖွယ်ရာမရှိပါ။

ထိုလူလေးယောက်သည် ပေါက်လုံဦးတည်သွားရာ အရှေ့ ဘက်သို့ မြင်းကိုမောင်းနှင်၍ လိုက်ပါသွားကြလေတော့ သည်။

သွေးကြွး

---

ပေါက်လုံသည် တည်းခိုခန်းသို့ မပြန်တော့ပါ။

လဲ့ယာန်မြို့မှ ထွက်ခွာလာလေသည်။

သူသည် ဒဏ်ရာပြင်းထန်စွာ ရရှိထားသောကြောင့် မြင်းကို ဖြည်းညင်းစွာသာ မောင်းနှင်နေရသည်။

ယခုသူသည် မိခင်ထံသို့ ပြန်၍အနားယူပြီး ဒဏ်ရာကို ကုသ ရမည် ဖြစ်ပါလော။

ထို့ကြောင့် သူသည် ရှောင်ကွမ်းတုံဆိပ်ကမ်းမြို့သို့ ဦးတည် မောင်းနှင်သွားလေသည်။

သူ့နောက်တွင် အစိမ်းရောင် အင်္ကျီဆင်တူ ဝတ်ဆင်ထားသော လူလေးယောက်က သူ့နောက်သို့ တိတ်တဆိတ်လိုက်လာနေသည်ကိုမူ သူက လုံးဝ သတိမပြုမိလိုက်ပါချေ။

* * *

ပေါက်လုံသည် ရှောင်ကွမ်တုံဆိပ်ကမ်းမြို့သို့ ရောက်ရှိလာသော အချိန်မှာ မှောင်စပြုလာစအချိန် ဖြစ်သည်။

လမ်းမပေါ်၌ လူသွားလူလာများ ကျိုးတိုးကျဲတဲ ရှိတော့သည်။ ပေါက်လုံသည် ရှောင်ကွမ်တုံ ဆိပ်ကမ်းမြို့ထဲသို့ ဝင်ရောက်လာသည်နှင့် အလိုလို အားတက်မိလာသည်။

မိမိ ဒဏ်ရာပြင်းထန်စွာ ရရှိလာသည်ကို မိခင်အား အသိမပေးလိုသဖြင့် မြင်းကျောပေါ်၌ မှောက်လျက် အနေအထားမှ ခေါင်းကိုမော့လိုက်လေသည်။

ထို့နောက် မိနေအိမ်ရှိရာသို့ မြင်းကို မောင်းနှင်ဝင်ရောက်သွားလေသည်။

ခြံဝင်းရှေ့၌ အိမ်စောင့်ထိန်းပြုစုသူ ပေါက်ဟုတ်က တံမြက်စည်း လှည်းရင်း ပေါက်လုံပြန်လာသည်ကို တွေ့လိုက်ရသဖြင့် ဝမ်းသာသွားလေသည်။

သူသည် အိမ်ပေါက်သို့ လှည့်၍ အော်ပြောလိုက်လေသည်



'သခင်မကြီး... သခင်လေး ပြန်လာပါပြီ'

သူက မြင်းဇက်ကြိုးကို လှမ်းဆွဲလိုက်ရင်း ဝမ်းသာအားရ ဖြင့်—

'ဝမ်းသာလိုက်တာကွယ်၊ သခင်မကြီးက သခင်လေးကို စိတ်ပူနေလို့ မအိပ်နိုင် မစားနိုင်ဖြစ်နေတယ်ကွယ့်'

ပေါက်လုံမှာမူ မြင်းပေါ်မှ မဆင်းနိုင်ဘဲဖြစ်နေ၏။

ယခုမှ ပေါက်ဟုတ်သည် ပေါက်လုံ၏ရင်ဘတ် အင်္ကျီပေါ်၌ သွေးများစွန်းနေသည်ကို တွေ့လိုက်ရလေသည်။

သူက ထိတ်လန့်တုန်လှုပ်သွားသည်။

'သခင်လေး ဒဏ်ရာရလာတယ်'

ပေါက်လုံက ခေါင်းညိတ်လိုက်လေသည်။

'တိုးတိုး ပြောပါ အဘ၊ မေမေ မသိစေနဲ့၊ လဲဖို့အင်္ကျီတစ်ထည် အမြန်ဆုံး သွားယူခဲ့ပါ'

ပေါက်ဟုတ်သည် အိမ်ထဲမှ ပြေးထွက်လာသော အိမ်ဖော်တစ်ယောက်အား အင်္ကျီတစ်ထည် အမြန်ဆုံးယူခဲ့ရန် မှာကြားလိုက်လေသည်။

ထို့နောက် ပေါက်လုံကို မြင်းပေါ်မှတွဲ၍ ဆင်းစေလေသည်။

သူသည် ပေါက်လုံအား အိမ်ထဲသို့ တွဲခေါ်သွား၍ ထို့နောက် အင်္ကျီတစ်ထည်ယူ၍ ပြေးထွက်လာခဲ့လေသည်။

သူသည် ပေါက်လုံကိုယ်ပေါ်မှ သွေးစွန်းနေသော အင်္ကျီကို အခြားအင်္ကျီတစ်ထည်နှင့် လဲပေးလိုက်လေသည်။

အင်္ကျီဝတ်ပေးပြီးသော အချိန်တွင် မိခင်ဖြစ်သူ တာလျှံသည် မိန်းကလေးဖော်နှစ်ယောက် ခြံရံလျက် ရောက်ရှိလာလေသည်။

သူမသည် ပေါက်လုံ ပြန်လည်ရောက်ရှိလာသည်ကို တွေ့လိုက်ရသောအခါ ဝမ်းသာသွားလေသည်။

'သား....သားလေးရယ်၊ မေမေ စိတ်ပူနေတာ အခုမှပဲစိတ်အေးရတော့တယ်'

ပေါက်လုံသည် မေမေ့နှာကို ကျိတ်၍ခံစားရင်း ပြုံးပြလိုက်လေသည်။

'မေမေ ဘာဖြစ်လို့ စိတ်ပူနေရတာလဲ'

သူမ အားတင်း၍ ဟန်ဆောင်နေသော်လည်း အသံမှာ အားအင်ချည့်နဲ့ကြောင်း ပေါ်ပြနေသည်။

'သား တစ်ညလုံး မအိပ်ဘဲ ဒီကိုအရောက်ပြန်လာရလို့ အိပ်ပျက်စားပျက် ဖြစ်ခဲ့လို့ပါမေမေ'

တာလျှံက ခေါင်းညိတ်လိုက်သည်။



"ဟုတ်တာပေါ့ကွယ်၊ ကဲ....သားလဲ အနားသွားယူလိုက်ဦး'

သူမက ပေါက်ဟုတ်အား မှာကြားလိုက်သည်။

'သားလေးကို တစ်ခုခု အရင်ကျွေးဦးနော်'

ပေါက်ဟုတ်က ဦးညွတ်လိုက်သည်။

'ဟုတ်ကဲ့ပါ သခင်မကြီး'

ထိုအချိန်မှာပင် အေးစိမ့်သောအသံတစ်ခု ထွက်ပေါ်လာလေသည်။

'စိတ်မပူပါနဲ့၊ သူ ထမင်းစားစရာမလိုတော့ပါဘူး'

တာလျှံနှင့်တကွ အားလုံးသောလူများသည် အဖြင်ဘက်သို့ ပြိုင်တူလှည့်ကြည့်လိုက်လေသည်။

ခြံဝင်းအဝ၌ လူလေးယောက် ပခုံးချင်းယှဉ်၍ ရပ်နေလေသည်။

ညမှောင်နေပြီဖြစ်ရာ ထိုလူများ၏ ကိုယ်ပေါ်တွင် အစိမ်းရောင်အင်္ကျီ ဆင်တူဝတ်ဆင်ထားသည်ကို တွေ့မြင်လိုက်ရသည်မှအပ သူတို့၏မျက်နှာကို ပီပြင်စွာ မတွေ့ရပါ။

သို့သော် ပေါက်လုံက ယင်းလူများမှာ ဝမ်ဝမ်ဆွေ၏လူများဖြစ်သည်ကို ခန့်မှန်းမိလေသည်။

မိမိသည် သတိထားမိ၍ ထိုလူများက နောက်ယောင်ခံလိုက်လာသည်ကို နောင်တကြီးစွာ ရရှိလိုက်လေသည်။

တာလျှံက ရှင်ထိတ်သွားပြီး လှမ်းမေးလိုက်လေသည်။

'မင်းတို့က ဘယ်သူတွေလဲ၊ ဘာကြောင့် အခွင့်မတောင်းဘဲ ကျုပ်တို့ခြံဝင်းထဲကို ကျူးကျော်ဝင်ရောက်လာရတာလဲ'

ထိုလူလေးယောက်အနက် အရပ်ပိန်ပိန်ရှည်ရှည်ရှိသောလူက ရယ်မောလိုက်လေသည်။

'ဟား... ဟား... ဟား'

တာလျှံက မျက်မှောင်ကုတ်သွားသည်။

'မင်းတို့က ဘာလို့ရယ်နေရတာလဲ'

ထိုလူက...

'ခင်ဗျားတို့ကို ရယ်ချင်လို့ပါ'

တာလျှံက...

'ကျုပ်တို့ဟာ ရယ်စရာမို့လို့လား'

ထိုလူက...

'ကျုပ်က ခင်ဗျားတို့အိမ်ထဲ ကျူးကျော် ဝင်ရောက်လာတယ်လို့ ခင်ဗျား ပြောခဲ့တယ်မဟုတ်လား'

တာလျှံက...

'ဟုတ်တယ်... ဒါ ကျုပ်အိမ်လေ'

ထိုလူက ခေါင်းခါယမ်းလိုက်သည်။



'ဒါ ခင်ဗျားတို့အိမ် မဟုတ်တော့ဘူး'

တာလျှံ မျက်မှောင်ကုတ်သွားလေသည်။

'ဘာဖြစ်လို့လဲ'

ထိုလူက...

'သေတဲ့လူက ဘယ်လိုလုပ် အိမ်ကိုပိုင်ဆိုင်နိုင်မှာလဲ'

ပေါက်ဟုတ်၏မျက်နှာ ကွက်ခနဲ ပျက်သွားလေသည်။

'ကျုပ်တစ်ခေါက်ကို မစော်ကားနဲ့'

အရပ်ပိန်ပိန်ရှည်ရှည်ရှိသောလူက...

'မင်း သေချင်လို့လား'

ပေါက်ဟုတ် မနေနိုင်တော့ပါ။

'ယား'

သူသည် အားနှင့်မာန်နှင့်အော်ရင်း အရပ်ပိန်ပိန်ရှည်ရှည်ရှိသော လူထံသို့ ခုန်အုပ်လိုက်လေသည်။

ပိန်ပိန်ရှည်ရှည်ရှိသောလူက အသာအယာ ရှောင်တိမ်းလိုက်ရာ ပေါက်ဟုတ်က လွဲချော်သွားလေသည်။

ထိုအချိန် တာလျှံသည် ပေါက်ဟုတ်မှာ ယခုလူများနှင့် ယှဉ်ပြိုင်နိုင်မည်မဟုတ်ဟု နားလည် သဘောပေါက်လိုက်လေသည်။

ထို့ကြောင့် သူမက ပြန်ခေါ်လိုက်သည်။

'ပေါက်ဟုတ် နေဦးဆိုတော့'

သို့သော် သူမက နောက်ကျသွားလေပြီ။

အရပ်ပိန်ပိန်ရှည်ရှည်ရှိသောလူက တုံ့ပြန် တိုက်ခိုက်လိုက်ရာ....

'အား'

ပေါက်ဟုတ်သည် စူးရှစွာအော်ဟစ်ရင်း မြေပေါ်သို့ ထိုးကျသွားလေသည်။

တခဏ၏ရင်ထဲ၌ လေးလံလာလေသည်။

သူမသည် ကျန်ရှိသော အိမ်ဖော်တစ်ယောက်အား အမိန့်ပေးလိုက်လေသည်။

'ငါ့ရဲ့တောင်ဝှေးယူခဲ့စမ်း'

အိမ်ဖော်က ဦးညွတ်လိုက်သည်။

'ကောင်းပါပြီ သခင်မကြီး'

သူသည် အိပ်ခန်းထဲသို့ ပြေးဝင်သွားလေသည်။

ပိန်ပိန်ရှည်ရှည်ရှိသောလူက သူ၏ အဖော် များ ဘက်သို့ လှည့်၍—



'ဟေ့...အမျိုးသမီးက တောင်ဝှေးကို ယူခိုင်းနေပါလား၊ ငါတို့ကို အန်တုလိမ့်မယ်လို့ထင်တယ်'

သူ၏အဖော်များက ရယ်မောကြလေသည်။

'သေချင်လို့ပေါ့ကွာ'

ထိုအချိန်အိမ်ဖော်တစ်ယောက်က တောင်ဝှေးတစ်ချောင်းကို ပခုံးပေါ်ထမ်း၍ ရောက်ရှိလာလေသည်။

ထိုအိမ်ဖော်က မနိုင့်တနိုင်ထမ်းလာသည်ကို မြင်တွေ့လိုက်သည်နှင့် ထိုလူလေးယောက်တို့က ရယ်မောခြင်း မပြုတော့ပါ။

အကြောင်းမှာ ထိုတောင်ဝှေးသည် အလွန်လေးလံနေသည်ကို တွေ့မြင်လိုက်ရသောကြောင့် ဖြစ်သည်။

အမျိုးသမီးတစ်ယောက်က ဤမျှလေးလံသော တောင်ဝှေးတစ်ချောင်းအား လက်နက်အဖြစ် အသုံးပြုနိုင်လျှင် အမျိုးသမီး၏ သိုင်းပညာမှာ မည်မျှအဆင့်ရှိမည်ကို သူက ခန့်မှန်းသိနိုင်လေသည်။

တခဏ အိမ်ဖော်ထမ်းလာသော တောင်ဝှေးကို လှမ်းဆွဲလိုက်သည်။

အလွန်ထွားကျိုင်းသန်မာသော အိမ်ဖော်တစ်ယောက်က ပါးကုန်းမတတ်ထမ်းလာခဲ့သော တောင်ဝှေးသည် တခဏ၏ လက်ထဲသို့ ရောက်ရှိသွားသောအခါ ကောက်ရိုးတစ်မျှင်ကဲ့သို့ ပေါ့ပါးသွားသည်ကို တွေ့လိုက်ရလေသည်။

တာလျှံက တောင်ဝှေးကို တစ်ချက်ဝှေ့လိုက်ပြီး မြေပေါ်သို့ ထောက်လိုက်လေသည်။

'ရှင်တို့အခုနေ ကျွန်မခြံဝင်းထဲက ထွက်သွားမယ်ဆိုရင် ကျုပ်က သည်းခံလိုက်မယ်၊ နို့မဟုတ်ရင် ကျုပ်ကသည်းမခံဘဲ မင်းတို့ကို မောင်းထုတ်ရပါလိမ့်မယ်'

အစိမ်းရောင်အင်္ကျီ ဆင်တူဝတ်ဆင်ထားသော လူလေးယောက်တို့သည် အချင်းချင်း တစ်ချက်ကြည့်လိုက်ပြီးနောက် ခေါင်းကိုယ်စီ ဆဲထုတ်လိုက်ကြသည်။

'ခြွမ်း...ခြွမ်း...ခြွမ်း'

တာလျှံက သူတို့အား တစ်ချက်ဝှေ့ကြည့်ပြီး ပြုံးပြလိုက်လေသည်။

'မင်းတို့က တဝင်မြင့်ကြမယ်ဆိုရင် မြင့်နိုင်ပါတယ်ကွယ်၊ သို့သော်လည်း တစ်ခုနဲ့နှင်းခက်မရှည်ဘဲခေါ်ကို အသုံးပြုနည်းပါသေးတယ်'

ပိန်ပိန်ရှည်ရှည်ရှိသောလူက မဲ့ပြုံးပြုံးလိုက်သည်။

'ခင်ဗျားနားလည်ရင် ပြီးတာပါပဲ'

သူတို့သည် အချက်ပြလိုက်ပြီး၊ တာလျှံအားဝိုင်းရံဘိုက်နိုင်လိုက်ကြသည်။

တာလျှံက တုတ်တုတ်မျှပင် မလှုပ်ပါ။



တောင်ဝှေးကို အသအားဝှေ့ယမ်းလိုက်ရုံနှင့် ထိုလူလေးယောက်၏ ဓားများသည် လွင့်စဉ်သွားကြလေသည်။

အစိမ်းရောင် အင်္ကျီဆင်တူ ဝတ်ဆင်ထားသော လူလေးယောက် ထိတ်လန့်အံ့ဩသွားကြလေသည်။

သူတို့သည် မကြောင်အမ်းအမ်းဖြစ်၍ ရပ်နေကြလေသည်။

တာလျှံက သူတို့အား တစ်ချက်ဝေ့ကြည့်လိုက်သည်။

'မင်းတို့ကို ကျုပ်ကြိုတင်သတိပေးခဲ့တယ်၊ ကျုပ်စကားနားမထောင်တဲ့အတွက်....'

လူမကြီး စကားတစ်ပိုင်းတစ်စဖြင့် ရပ်တန့်လိုက်ပြီး မျက်နှာတစ်ခုလုံး သုန်မှုန်ခက်ထန်လာလေသည်။

'မင်းတို့ လမ်းတစ်လမ်းပဲ ရှိတော့တယ်'

သူသည် တောင်ဝှေးကို ဖြည်းဖြည်း မြှောက်လိုက်လေသည်။

ပေါက်လုံက ဟန့်တားလိုက်လေသည်။

'မေမေ....သူတို့ကို ခွင့်လွှတ်ပါနော်'

တာလျှံက အံ့သြစွာဖြင့် ပေါက်လုံအား လှည့်ကြည့်လိုက်သည်။

'ဘာဖြစ်လို့လဲ သား'

ပေါက်လုံက....

'သူတို့ဟာ ဝမ်ဝမ်ဆွေ့ရဲ့လူများ ဖြစ်ကြတယ်၊ ဝမ်ဝမ်ဆွေ့ သားကိုမသတ်ဘဲ ပြန်လွှတ်ခဲ့ပါတယ် ဒါကြောင့်...'

တာလျှံက ခေါင်းညိတ်လိုက်သည်။

'မေမေသဘောပေါက်ပါပြီ'

သူမသည် ထိုလူလေးယောက်အား စိုက်ကြည့်လိုက်သည်။

'မင်းတို့ ကြားကြတယ်မဟုတ်လား၊ မင်းတို့ဆရာဝမ်ဝမ်ဆွေ့ကို ပြန်ပြောပြလိုက်၊ ငါ့သားဟာ သူ့ကို ကျေးဇူးတင်စရာမလိုတော့ဘူးလို့'

ထိုလူလေးယောက်သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး မည်သို့လုပ်ရမည်ကိုမသိ ဖြစ်နေ၏။

တာလျှံက တောင်ဝှေးတစ်ချက် ထောက်လိုက်သည်။

'မင်းတို့ဘာလုပ်နေတာလဲ၊ မင်းတို့ဓားကို ပြန်ကောက်ပြီး ထွက်သွားကြတော့၊ ကျုပ်စိတ်တိုလာရင် မင်းတို့အသက်ရှိကြတော့မှာ မဟုတ်ဘူး'

ထိုလူတို့သည် သူတို့၏ဓားများကို ကောက်ယူကာ ခြံဝင်းထဲမှ ပြေးထွက်သွားလေတော့သည်။

မြင်းခွာသံများ ဆူညံစွာထွက်ပေါ်လာပြီးနောက် တဖြည်းဖြည်း ဝေး၍ဝေး၍သွားလေတော့သည်။

■ ■ ■



တာလျှံသည် သားဖြစ်သူပေါက်လုံ၏ဒဏ်ရာကို ကုသပေးရင်း ပေါက်လုံက အဖြစ်အပျက် အကြောင်းတွေ ပြန်ပြောပြနေသည်ကို နားထောင်နေ၏။

ပေါက်လုံ၏စကား ဆုံးသွားသောအခါ သူမသည် ဆိတ်ဆိတ်နေ၍ မျက်မှောင်ကုတ်ကာ တွေးတောနေလေသည်။

အတန်ကြာတော့မှ သူမက ခေါင်းထောင်လိုက်လေသည်။

သူမ၏မျက်လုံးအစုံသည် ပေါက်လုံအား စိုက်ကြည့်လိုက်၏။

'မင်းပြောတဲ့အတိုင်းဆိုရင် ဝမ်ဝမ်ဆွေ့ရဲ့ သိုင်းပညာဟာ မေမေ့ထက်တောင် အဆင့်မြင့်နိုင်တယ်လို့ မေမေထင်တယ်'

ပေါက်လုံက ခေါင်းညိတ်လိုက်သည်။

'သားလည်း ဒီလိုထင်မြင်ပါတယ်'

တာလျှံက သက်ပြင်းတစ်ချက် ချလိုက်လေသည်။

တာလျှံက....

'ငါတို့ကိုလာပြီး တိုက်ခိုက်တဲ့ လူလေးယောက်ကို လွှတ်ပေးလိုက်တာ မေမေတို့ တော်တော်မှားသွားတယ်'

ပေါက်လုံက....

'ဘာဖြစ်လို့လဲ မေမေ'

တာလျှံက....

'သူတို့ကိုမသတ်ဘဲ ပြန်လွှတ်လိုက်တဲ့အတွက် သူတို့က ရှေ့ဆရာကိုပြန်တောင်းပို့မှာပဲ မဟုတ်လား'

ပေါက်လိုက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်မေမေ'

တာလျှံက...

'ဝမ်ဖေဆွေက သားနဲ့မေမေ မသေသေးတာ သိသွားရင် သူစိတ်အနှောင့်ယှက်ပါလိမ့်မယ်၊ ဒါကြောင့် မေမေ့အသက်လွတ်ဖို့ ဆိုရင် အခုနေ့အမြန် သူ့ကို အမြန်ကိုသိ တာဝင်သာမှ သေချာတယ်'

ပေါက်လိုက တွေဝေသွားလေသည်။

တာလျှံက...

'မေမေတို့ကသာ ဒီလူ့သားလေးယောက်ကိုသတ်လိုက်ရင် မေမေတို့ ဒီမှာရှိနေတာကိုသာ သူသိမှာမဟုတ်တော့ဘူး၊ ဒါကြောင့် မေမေတို့နောက်ကို လိုက်လာလို့မရဘူးပေါ့'

ပေါက်လိုက စိတ်မကောင်းဖြစ်မိလေသည်။

'မေမေ...မေမေက ဝမ်ဖေဆွေနဲ့ယှဉ်ပြိုင်မယ်ဆိုရင် ဘယ်သူအနိုင်ရမှာလဲ'

တာလျှံက...

'သူကမေမေ့ထက်သာနေပါတယ်'



ပေါက်လိုက...

'ဒါဖြင့် သားနဲ့မေမေနဲ့ ပူးပေါင်းတိုက်ရင် သူ့ကိုကြောက်စရာဘယ်ရှိမလဲ'

တာလျှံကခေါင်းခါယမ်းလိုက်သည်။

'စိတ်ကူးမယဉ်စမ်းပါနဲ့၊ မဖြစ်နိုင်တာ'

ပေါက်လိုက ဆက်မပြောဘဲ ပါးစပ်ပိတ်ထားလိုက်လေသည်။

တာလျှံသည် အတန်ကြာတွေးလိုက်ပြီးမှ ပေါက်လိုအား စိုက်ကြည့်လိုက်သည်။

'သားဒီမှာနေလို့ မဖြစ်တော့ဘူး'

ပေါက်လိုက...

'ဘာဖြစ်လို့လဲမေမေ၊ ဝမ်ဖေဆွေလာမှာကို စိုးရိမ်လို့လား'

တာလျှံက....

'ဟုတ်တယ်သား'

သူမက ဆက်ပြောလိုက်သည်။

'သားရဲ့ဒဏ်ရာနည်းနည်းလေး သက်သာသွားပြီလား'

ပေါက်လိုက ခေါင်းညိတ်လိုက်လေသည်။

'တော်တော်အေး သက်သာသွားပါပြီ၊ ဘာလုပ်မလို့လဲမေမေ'

တာလျှံသည် တစ်စုံတစ်ရာကို ဆုံးဖြတ်ချက်ချရင်း အံကို တင်းတင်းကြိတ်လိုက်လေသည်။

ထို့နောက် သူမ၏လက်မှ ကျောက်စိမ်းလက်ကောက်တစ်ကွင်းကိုချွတ်၍ လှမ်းပေးလိုက်သည်။

'သားမနက်ဖြန်စောစော ဝူဘန်းတောင်ကို အမြန်ဆုံးရောက်အောင်သွားပါ၊ ဒုတိယဂိုဏ်းချုပ် ကျောင်းကျောင်းကျုံနဲ့တွေ့ရင် ဒီလက်ကောက်ကိုပြလိုက်ပါ၊ ပြီးရင်သားကို သိုင်းပညာသင်ပေးပါလို့ တောင်းဆိုလိုက်ပါ'

ပေါက်လုံအား ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

'သားမသွားချင်ဘူး'

တာလျှံက....

'ဘာဖြစ်လို့လဲ'

ပေါက်လုံက....

'မေမေတစ်ယောက်တည်း ထားခဲ့ရမှာကို သားစိတ်မချဘူး'

တာလျှံကသူ့အား စိုက်ကြည့်လိုက်လေသည်။

'မေမေ့အတွက် စိတ်မပူနဲ့၊ ဝမ်ဝမ်ဆွေကို မေမေနိုင်ပါသေးတယ်'



ပေါက်လုံက....

'သားစိတ်မချဘူး၊ မေမေလဲတစ်ခါတည်းလိုက်ခဲ့ပါလား'

တာလျှံက ခေါင်းခါယမ်းလိုက်လေသည်။

'မေမေလိုက်လို့မဖြစ်သေးဘူး'

ပေါက်လုံက....

'ဘာဖြစ်လို့လဲမေမေ'

တာလျှံက....

'မေမေ့ယူဆချက်မလွဲဘူးဆိုရင် ဒီရက်ထဲမှာ ဝမ်ဝမ်ဆွေကိုယ်တိုင် လိုက်လာလိမ့်မယ်လို့ထင်တယ်'

ပေါက်လုံက....

'ဒီလိုဆိုရင် သားဘာဖြစ်လို့သွားရမှာလဲ၊ မေမေနဲ့အတူ ပူးပေါင်းပြီး သူ့ကိုလက်စားချေလိုက်မှာပေါ့'

တာလျှံက....

'ဝမ်ဝမ်ဆွေကို အထင်မသေးလို့မရဘူး၊ ယနေ့ဝမ်ဝမ်ဆွေအရွယ်လိုသိုင်းလောကမှာ လျှမ်းလျှမ်းတောက် နာမည်ကြီးအောင်နိုင်တာဟာ သိုင်းပညာထူးချွန်ရုံသာမကဘူး၊ ဉာဏ်ပညာလဲ အဆင့်အတန်မြင့်မယ်ဆိုတာ နားလည်ထားရလိမ့်မယ်၊ သားနဲ့မေမေနဲ့ပူးပေါင်းရုံမက သားဖေဖေ အသက်ထင်ရှားရှိနေတာတောင် သူ့ကိုနိုင်ဖို့မလွယ်ပါဘူး'

ပေါက်လုံက...

'ဒါဖြင့် ကျွန်တော်တို့မိသားစုတစ်ခုလုံး တစ်နေရာမြို့ပြောင်း ရွှေ့သွားကြရင် မကောင်းဘူးလား၊ သားပညာရေးကောင်း ကောင်းတတ်လာတော့မှ သူ့ကိုလက်ထပ်ပေးချမယ်လေ'

တာလျှံက ခေါင်းခါယမ်းလိုက်သည်။

'ငါတို့မိသားစုအတွက် ပြေးဖို့ဆိုတာ မလွယ်ကူတော့ပါ ဘူး'

ပေါက်လုံက...

'ဒါအရေးကြီးပါဘူး၊ သားတို့ နောက်ကိုလိုက်လာရင် သူ့ကိုနှုတ်ပိတ်လိုက်ရုံပေါ့'

တာလျှံက သက်ပြင်းတစ်ချက်ချလိုက်သည်။

'သားဟာ သိုင်းလောကအတွေ့အကြုံ ကောင်းသော်လည်း နည်းပါသေးတယ်၊ ငါတို့နောက်ကို နောက်ယောင်ခံတဲ့သူ ဟာ ဘယ်သူဘယ်ဝါဆိုတာ သားဘယ်လိုလုပ်သိနိုင်မှာလဲ'

ပေါက်လုံက ပါးစပ်ပိတ်သွားလေသည်။

တာလျှံက...

'ကဲသား...စောစောအိပ်တော့၊ မနက်ဖြန် ခရီးသွားဖို့အသင့် ပြင်ထားနော်'

ပေါက်လုံက ခေါင်းခါယမ်းလိုက်သည်။



'မေမေ ကျွန်တော်မသွားဘူးလို့ ဆုံးဖြတ်လိုက်ပြီ'

တာလျှံက အံ့သြသွားလေသည်။

'ဘာပြောတယ် သား'

ပေါက်လုံက...

'မေမေပြောသလိုဆိုရင် ကျွန်တော်လဲ ပြေးလိုတယ်လတ် မလဲ၊ သူတို့က လူလွှတ်ပြီး ကျွန်တော့်နောက်ကို လိုက်လာမှာ ပေါ့၊ ခုတိုင်းဆိုရင် သူတို့ကိုမမှုပေမယ့် အခုတော့ ကျောမှာ ဓားရာရလာတယ်ဆိုတော့'

တာလျှံက ပါးစပ်ပိတ်ထားလိုက်သည်။

သူသည် အတန်ကြာ ငြိမ်သက်စွာစဉ်းစားပြီးမှ အိမ်ဖော် စင်ယောင်ကအား လှမ်းခေါ်လိုက်လေသည်။

'ပေါက်ဝေ... အိမ်တော်ထိန်းရဲ့အလောင်းကို မြှုပ်ဖို့စီစဉ် ပြီးပြီလား'

ပေါက်ဝေအမည်ရှိသော အိမ်ဖော်က ခေါင်းညိတ်လိုက် သည်။

'ဟုတ်ကဲ့၊ အားလုံးအသင့်ဖြစ်နေပါပြီ'

တာလျှံက...

'ကောင်းပြီ၊ သူ့ကို နောက်တက်ခြံမှာ မြေတူးပြီးမြှုပ်လိုက်ပါ၊ ပြီးတာနဲ့ ဝါတို့ခရီးထွက်ဖို့ အသင့်ပြင်ထားကြမယ်'

ပေါက်လုံးက မိခင်အား လှမ်းကြည့်လိုက်သည်။

'မေမေ ဘယ်သွားမလို့လဲ'

တာလျှံက...

'သားရဲ့ဖခင်ဆုံးတာ မပျောက်သေးဘူး၊ ဒါကြောင့် မေမေ စိတ်မချဘူး၊ ကိုယ်တိုင်လိုက်ပို့မယ်'

ပေါက်လုံးက ဝမ်းသာသွားလေသည်။

'ကောင်းပါပြီ မေမေ၊ ဒါနဲ့ ဘယ်တော့သွားဖို့ စီစဉ်ထားလဲ'

တာလျှံက...

'အချိန်မရှိတော့ဘူး၊ ညတွင်းချင်းပဲ သွားတာကောင်းပါတယ်'

သူမသည် ယင်းသို့ပြောပြီး ပစ္စည်းများ သိမ်းဆည်းရန် အခန်းထဲသို့ ဝင်သွားလေသည်။



တစ်ခဏအကြာတွင် သူတို့အားလုံးသည် ခရီးထွက်ရန် အသင့်ရှိနေပြီ ဖြစ်သည်။

## ထွက်ပြေးခြင်း

ကောင်းကင်ပေါ်၌ လဝန်းမရှိပါ။

ကြယ်အလေးများသာ ပြည့်နှက်၍နေ၏။

ကြယ်ကလေးများ၏ အလင်းရောင်သည် ဝန်းကျင်တစ်ခုလုံးကို မိုးတဝါးမြင်တွေ့နိုင်စေသည်။

ကုယ်ဝန်းပြီး မြောင်ပြူးပြူးဝဲသော မင်းလမ်းပေါ်၌ ထိုအချိန်တွင် လူငယ်စုက ရေးမြန်နှင်နေသည်ကို တွေ့ရှိရဖြစ်ပေသည်။

ထိုလူစုမှာ မြင်းနှစ်ကောင်နှင့် ရထားလုံးတစ်စီးများ ဖြစ်သည်။



ရှေ့ဆုံးမှသွားနေသော မြင်းပေါ်၌ ပေါက်လုံပါရှိနေ၏။

ရထားလုံးထဲတွင် ထောလျှံနှင့် လူဆိုးအိမ်ဖော်နှစ်ယောက်ပါရှိသည်။

ရထားလုံး၏နောက်မှ ပေါက်စိုးသာ မြင်းစီး၍ လိုက်နေသသည်။

ယခုအချိန်မှာ ထန်းခေါင်ယံအချိန်ဖြစ်သည်။

သူတို့သည် ရှောင်ကွမ်းတုံဆိပ်ကမ်းမြို့မှ ထွက်ခွာလာသည်မှာ လီပေါင်းနှစ်ဆယ်ခန့်ရှိပြီဖြစ်လေသည်။

သို့တိုင်အောင် သူတို့ကအရှိန်ကိုမလျှော့သေးပါ။ ဆက်လက်လျင်မြန်စွာမောင်းနှင်သွားနေ၏။

သူတို့သည် နောက်ထပ်လီပေါင်းနှစ်ဆယ်ကျော်ဖြတ်သွားပြီးသောအခါ မိုးစင်စင်လင်းနေပြီ ဖြစ်သည်။

သူတို့ရှေ့တွင် လမ်းဆုံလမ်းခွတစ်ခုရှိနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလမ်းဆုံလမ်းခွနေရာတွင် အဝေးသွား ခရီး သည် များအတွက် စားသောက်ရန်အမင်းဆိုင်၊ နားခိုရန် အပေါ်ဘားတည်းခိုခန်းများ ရှိကြလေသည်။

ပေါက်လုံက မြင်းကိုအရှိန်လျှော့လိုက်သည်။

သူက အရှိန်လျှော့လိုက်သည်နှင့် ရထားလုံးလည်း အရှိန်လျှော့လိုက်လေသည်။

ပေါက်လုံသည် ရထားလုံး၏နံဘေးသို့ ရောက်ရှိလာလေသည်။

'မေမေ ရှေ့မှာလမ်းဆုံလမ်းခွတစ်ခုရှိတယ်၊ စားသောက်ဆိုင်များလဲရှိတယ်၊ တစ်ထောက်နားကြရင် ကောင်းမလား မေမေ'

တာလျှံက....

'ငါတို့ထွက်လာတာ ခရီးဘယ်လောက်ရောက်နေပြီလဲ'

ပေါက်လုံက...

'လီပေါင်းတစ်ရာ့လေးငါးဆယ်လောက်ရှိပြီ မေမေ'

တာလျှံက လေပူတစ်ချက်မှုတ်ထုတ်လိုက်သည်။

'ကောင်းပြီလေ၊ မြင်းတွေလဲမောရောပေါ့၊ ခဏလေးနားပြီး သူတို့တို အစားအစာကျွေးရလိမ့်မယ်'

ပေါက်လုံက ဂါရဝပြုလိုက်သည်။



'ဟုတ်ကဲ့ပါ မေမေ'

သူတို့သည် အရှိန်မှန်မှန်ဖြင့် ဆက်လက်မောင်းနှင်ထွက်ခွာလာရာ တစ်ခဏအတွင်း လမ်းဆုံလမ်းခွသို့ ရောက်ရှိသွားကြလေသည်။

* * *

ပေါက်လုံတို့လူစုသည် စားသောက်ဆိုင်ထဲသို့ ဝင်ရောက်ပြီး စားသောက်ဖွယ်ရာများ မှာကြား၍စားသောက်ကြလေသည်။

ဆိုင်လုလင်တို့ကိုလည်း မြင်းများကို အစာရေစာကျွေးရန် မှာကြားလိုက်လေသည်။

ပေါက်လုံက စားသောက်ရင်း မိခင်အား မေးလိုက်လေသည်။

'မေမေ... ဝူတန်းတောင်ရောက်ဖို့ ခရီးဘယ်လောက် လိုသေးပါသလဲ'

တာလျှံက....

'ဒီသိမ်းဆုံထမ်းခွာရောက်ရင် ရေးတစ်ခါကျိုးပါပြီ၊ ဒီအသနားနားနေ သွားကြမယ်ဆိုရင် ညနေစောင်းရင် ဝှတ်ကြီးတောင်ခြေရင်း ရောက်ပါလိမ့်မယ်'

ပေါက်လုံးက....

'မေမေက ဝှဘန်းတောင်ပေါ်အထိ လိုက်ပို့မလို့လေ'

တာလျှံက ခေါင်းခါယမ်းလိုက်သည်။

'မပို့တော့ဘူး၊ တောင်ခြေရင်းအထိပဲ ပို့ပေးမယ်'

သူမက ပြုံးလိုက်သည်။

'အမှန်အတော့ နေ့ခင်းထပ်လီပေါင်း တစ်ရာကျော်ကျော် ရောက်သွားရင် ဝှဘန်းတောင်မီ နယ်နိမိတ်ထိရောက်ပြီ၊ အဲဒီနယ်နိမိတ်ထဲ ရောက်သွားတာနဲ့ စိတ်ချရပါပြီ'

သူမက ပြုံး၍စကားဆက်လိုက်ပြန်သည်။

'အခုအချိန်ထိ ရန်ပြုမယ့်သူများ ဝှဘန်းတောင်ရဲ့နယ်နိမိတ်ကို ဘယ်သူကမှ မကျူးကျော်ဝံ့ခဲ့ပါဘူး'

ပေါက်လုံးက....

'သားအတွက်တော့ ဒီတော့ ဟုတ်ပါပြီ၊ မေမေကော ဘယ်ကိုဆက်သွားရမှာလဲ'



တာလျှံက....

'မေမေတို့တော့ မင်းကို တောင်ခြေအထိ ပို့ပြီးရင် ဒီအမ်းဆုံ လမ်းခွာထိ ပြန်လာရမှာပဲ၊ အဲဒီကနေ တောင်ဘက်ကို ခရီးဆက်ရလိမ့်မယ်၊ နှစ်ရက် ခရီးလောက်သွားရင် မေမေ့ရဲ့မွေးရပ်မြေ ကျွန်းစုရွာကို ရောက်လိမ့်မယ်၊ မေမေ အဲဒီမှာပဲ အေးအေးဆေးဆေး နေဦးမယ်'

ပေါက်လုံးက ဝမ်းသာသွားသည်။

'ဒီလိုဆိုရင် သား စိတ်အေးလက်အေး သိုင်းပညာသင်နိုင်တာပေါ့၊ ပညာတတ်ပြီးလို့ ဝှဘန်းတောင်ပေါ်က ဆင်းလာရင် မေမေ့ဆီကို အရောက်လာပြီး ဖေဖေ့အတွက် လက်စားချေဖို့ တိုင်ပင်ဆွေးနွေးမယ်နော်'

တာလျှံက ခေါင်းညိတ်လိုက်သည်။

'ကောင်းတယ်၊ မေမေက သားကိုမျှော်နေမယ်'

သူမသည် သား၏ပခုံးကို လက်နှစ်ဖက်ဖြင့် တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်သည်။

'အနာဂတ်ကာ သားရယ်၊ မင်းဟာ ဝယ်ဝယ်ရွယ်ရွယ်ပဲ ရှိသေးတယ်၊ ပျော်ပျော်ရွှင်ရွှင် နေရမယ့်အစား အခုတော့ သိုင်းပညာကို အပင်ပန်းခံပြီး သင်ရတယ်၊ ဖခင်နဲ့ကျဆုံးသွားရ

ရှာတဲ့ ရဲတိုက်က တပ်သားများအတွက် လက်စားချေရမယ့် တာဝန် ယူထားရတယ်နော်'

ပေါက်လုံက ပြုံးပြလိုက်သည်။

'ဒီအတွက် မစိုးရိမ်ပါနဲ့မေမေ၊ ကျွန်တော် ယောကျ်ားတစ်ယောက်ပါ၊ ဒီလောက်တော့ ခံနိုင်ရည်ရှိပါသေးတယ်'

အာလျှံသည် မျက်ရည်ကျသည့်ကြားမှ ပြုံးပြလိုက်လေသည်။

'သားရဲ့စကားကို ကြားလိုက်ရတာ မင်းရဲ့ကွယ်လွန်သွားတဲ့ ဖေဖေ့အတွက် အခုလို သားကောင်းတစ်ယောက် ရရှိတာ ဂုဏ်ယူပါတယ်'

သူတို့သည် စားသောက်ပြီး ခေတ္တအနားယူပြီးနောက် ခရီးဆက်ကြလေသည်။

• • •

ဝူတန်းတောင်သို့ ဦးတည်သွားရာ လမ်းမပေါ်တွင် သွားလာနေသော ခရီးသည်များ တဖြည်းဖြည်း နည်းပါးလာသည်။



နောက်ဆုံး ခရီးသည်တစ်ဦးတစ်ယောက်မှ မတွေ့ရတော့ပါ။ လမ်းကြောင်းမှာလည်း တဖြည်းဖြည်း ကျဉ်းမြောင်းလာသည်။

လီပေါင်းဝါးဆယ်ခန့် ကျော်သွားမိသည်နှင့် လမ်းအိုလေးပေါ်သို့ ရောက်ရှိကြလေသည်။

ထိုလမ်းအိုကလေးသည် ညီညာခြင်းမရှိဘဲ ခင်းထားသော ကျောက်တုံးများမှာ နိမ့်သောနေရာနိမ့်ပြီး မြင့်သောနေရာ မြင့်နေသဖြင့် ရထားလုံးတစ်ခုလုံး ယိမ်းယိုင်နေသည်။

ထို့ကြောင့် ရထားလုံးမောင်းသူသည် လျင်လျင်မြန်မြန် မမောင်းဝံ့တော့ဘဲ အရှိန်ကို လျှော့လိုက်သည်။

ရထားလုံး တိမ်းမှောက်မသွားစေရန် သတိထား၍မောင်းနှင်ရလေသည်။

ထို့ကြောင့် သူတို့သည် ခရီးမတွင်ဘဲ ဖြစ်နေ၏။

သူတို့သည် နေဝင်ချိန်မရောက်မီ ဝူတန်းတောင်ခြေရင်းသို့ ရောက်ရှိလိမ့်မည်ဟု ခန့်မှန်းထားသော်လည်း လမ်းအိုလေးအလွန်ကြမ်းတမ်းနေသောကြောင့် နေဝင်ချိန်ရောက်လာသည့်တိုင်အောင် သူတို့သည် ဝူတန်းတောင်၏ နယ်နိမိတ်အတွင်းသို့ မရောက်နိုင်သေးပါ။

တာလျှံ၏ မျက်နှာပေါ်တွင် ကာလကြာရှည်စိုးရိမ်မိသည့် အရိပ်အယောင်များ ပြန်ပေါ်လာသည်။

သို့သော် စိုးရိမ်ပူပန်နေခြင်းသာ ရှိက မည်သို့အကျိုးရှိပါဦးမည်နည်း။

ဤသို့ဖြင့် သူတို့သည် တစ်ရှု့ရှု့နှင့်သွားခဲ့ကြရာ ဥဘန်းတောင်ကို ပီပြင်စွာ မြင်တွေ့လိုက်ရသည်။

တာလျှံ၏မျက်နှာပေါ်တွင် စိုးရိမ်သော အရိပ်အယောင်များ ပျောက်သွားသည်။

သူမက လေပူတစ်ချက် မှုတ်ထုတ်လိုက်သည်။

'နောက်ထပ် ဆယ်လီလောက်ဆိုရင် ဥဘန်းတောင်ရဲ့ နယ်နိမိတ်ထဲရောက်ပါလိမ့်မယ်၊ ဥဘန်းတောင်ရဲ့ နယ်နိမိတ်ထဲ ရောက်လာရင် အားလုံးစိတ်ချရပါပြီလေ'

သူမသည် စိတ်အေးသာယာရနေစဉ်မှာပင် ရုတ်တရက် မြင်းခွာသံများ ဆူညံစွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

တာလျှံ၏ မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

ရှေ့မှာရောက်နေသော ပေါက်လုံက မြင်းကို နောက်ပြန် လှည့်လိုက်ပြီး မြင်းလှည်း၏ အနားသို့ ရောက်ရှိလာသည်။



'မေမေနောက်မှာ လူတစ်စု လိုက်လာနေပြီ'

တာလျှံက...

'ရထားလုံးကို မြန်မြန်မောင်းနိုင်လို့ မရဘူးလား'

ပေါက်လုံက...

'ရမယ်မထင်ဘူး မေမေ'

တာလျှံက...

'ရထားလုံးကို ရပ်ခိုင်းလိုက်လေ'

ရန်၊ ၂၁၄၉၉

ထို့နောက် မိန်းကလေးအိမ်ဖော် နှစ်ယောက်ကိုပါ ဆင်းခိုင်းလိုက်လေသည်။

'ကဲ... သား ရထားလုံးဆွဲတဲ့ မြင်းနှစ်ကောင်ကို ဖြုတ်လိုက်၊ မြင်းတစ်ကောင်ကို အိမ်ဖော်နှစ်ယောက်ပေးလိုက်၊ ကျန်တဲ့မြင်းတစ်ကောင်ကို မေမေ ဆောက်ဆွဲခဲ့၊ နောက်ပြီး ရထားလုံးမောင်းသမားကို ပေါက်လုံနဲ့အတူစီးပြီး အိမ်ဖော်မိန်းကလေးများကိုခေါ်ပြီးတော့ လွတ်ရာကျွတ်ရာအမြန်ဆုံးပြေးနိုင်းလိုက်တော့'

ပေါက်လုံက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ပါ မမေ"

သူနှင့်ပေါက်ဝေတို့သည် လျင်မြန်စွာ လှုပ်ရှားလိုက်ကြလေသည်။ တစ်ခဏအကြာတွင် ရထားလုံးမောင်းသမားနှင့်ပေါက်ဝေတို့ မြင်းတစ်ကောင်အတူစီး၍ မိန်းကလေးအိမ်ဖော်နှင့် ယောက်ကိုပါခေါ်၍ လွတ်ရာကျွတ်ရာသို့ ဦးတည်မောင်းနှင်ထွက်ပြေးသွားကြလေသည်။

ပေါက်လုံနှင့် တာလျှံတို့သည် မြင်းကိုယ်စီဖြင့် ဝူတန်းတောင်၏ နယ်နိမိတ်အတွင်းသို့ ဝင်ရောက်နိုင်ရန် မောင်းနှင်သွားကြလေသည်။

သို့သော် သူတို့သည် ပြင်ဆင်နေရသောကြောင့် အချိန်အနည်းငယ် ကြန့်ကြာသွားလေသည်။

လိုက်လာနေကြသောလူစုများသည် သူတို့အနီးသို့ ရောက်ရှိလာကြပြီဖြစ်လေသည်။

တာလျှံနှင့်ပေါက်လုံတို့သည် ဝူတန်းတောင်နယ်နိမိတ်ရှိရာသို့ မြင်းကို အစွမ်းကုန်မောင်း၍ ပြေးလွှားသွားလေသည်။

နောက်မှလိုက်လာနေကြသောလူစုများသည် ဩသံပေးလျက် သူတို့အား အမီလိုက်နေ၏။



တာလျှံနှင့် ပေါက်လုံတို့သည် အစွမ်းကုန်မောင်းနှင်သွားရာ ဝူတန်းတောင်၏နယ်နိမိတ်စိုက်ထူထားသောကျောက်ပြားကို မြင်တွေ့လိုက်ရပြီဖြစ်သည်။

ပေါက်လုံက အားတက်သွားပြီဖြစ်သည်။

"မမေ... မြန်မြန်၊ ရှေ့မှာနယ်နိမိတ်စိုက်ထူထားတဲ့ ကျောက်ပြားကို တွေ့ရပြီ"

တာလျှံသည် မြင်းကို အစွမ်းကုန် မောင်းနှင်နေ၏။

နောက်မှလိုက်လာသောလူစုတို့သည် သူတို့နောက်သို့တဖြည်းဖြည်း နီးကပ်လာပြီဖြစ်သည်။

ဆူညံသော အော်သံများသည် လေထဲ၌ လွင့်ပျံသွားလေသည်။

ပေါက်လုံသည် နယ်နိမိတ်ကျောက်ပြားကို ထင်ရှားစွာ မြင်တွေ့လိုက်ရပြီဖြစ်လေသည်။

သူတို့သည် အားယူ၍ တစ်ဟုန်ထိုးမောင်းလိုက်ရာ သူ၏မြင်းသည် စိုက်ထူထားသော ကျောက်ပြားကို ကျော်လွန်ပြီး ဝူတန်းတောင်၏ နယ်နိမိတ်ထဲသို့ ချဉ်းနင်းဝင်ရောက်နိုင်ပြီဖြစ်သည်။

သူက ဝမ်းသာသွားသည်။

မိခင်အားလှည့်ကြည့်လိုက်ရာ တာလျှံ၏ မြင်းသည်ကျောက်ပြား စိုက်ထူထားသော အတွင်းဘက်သို့ ရှေ့ခြေထောက် ကျော်လွှားလိုက်ပြီဖြစ်လေသည်။

ထိုတဒင်္ဂအချိန်အတွင်းမှာ တာလျှံစီးလာသော မြင်းသည် ရုတ်တရက် လဲကျသွားလေသည်။

တာလျှံ၏ခန္ဓာကိုယ်သည် အရှိန်ကြောင့် အပေါ်သို့မြောက်တက်သွားပြီး မြေပေါ်သို့ လွင့်စဉ်သွားလေသည်။

'မေမေ'

ပေါက်လုံက သည်းထိတ်ရင်ဖို အော်ဟစ်လိုက်လေသည်။

မြင်းပေါ်မှ ခုန်ဆင်းလိုက်ပြီး မိခင်ထံသို့ ပြေးလွှားသွားလေသည်။

သူသည် တာလျှံအားဆွဲထူလိုက်သောအခါ ရန်သူများက သူတို့အား ဝိုင်းရံထားလိုက်ပြီဖြစ်လေသည်။

သူတို့အား ဝိုင်းထားသည့်လူများကြားမှ ဝမ်ဝမ်ဆွေက ရှေ့ဆုံးမှရပ်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

ပေါက်လုံက ခပ်ပြင်းပြင်း အော်ပြောလိုက်သည်။



'ဝမ်ဝမ်ဆွေ ခင်ဗျားဟာ လျှမ်းလျှမ်းတောက် ကျော်ကြားတဲ့ ပုဂ္ဂိုလ်တစ်ယောက်ပါ၊ ခင်ဗျား ပေးထားတဲ့ ကတိကို မဖျက်ဘူးဆို၊ ဘာကြောင့် ကျုပ်တို့နောက်ကို လိုက်လာရတာလဲ'

ဝမ်ဝမ်ဆွေက ရယ်မောလိုက်သည်။

'ကျုပ် ကတိကို မဖျက်ချင်ပါဘူး၊ ဒါပေမယ့် မင်းဟာ ငါ့ကို ရန်မူထားမှာဖြစ်လို့ အန္တရာယ်ကို ကြိုတင်ကာကွယ်တဲ့ အနေနဲ့ မင်းကို ရှင်းပစ်မှ စိတ်အေးရမယ်၊ ဒါကြောင့် ကျုပ် ကတိကို ပြန်ရုပ်သိမ်းရတာပေါ့'

ပေါက်လုံက ရှုံ့မှုန်းစွာဖြင့် စိုက်ကြည့်လိုက်သည်။

'အံ့ပါတယ်ဗျာ၊ ခင်ဗျားကိုဘာကြောင့် လူတော်သူကောင်းလို့ မြင်ကြတာလဲ၊ သူတို့က မျက်စိမျှ ကန်းနေသလား မသိဘူး'

ဝမ်ဝမ်ဆွေက သူ၏စကားကို အမှုမထားဘဲ တာလျှံဘက်သို့ လှည့်ကြည့်လိုက်သည်။

'ကျုပ်ဘဧည့်သည်တွေကို ဆုံးမလွှတ်လိုက်တာ ခင်ဗျားသင့်ပါရဲ့'

တာလျှံက အံကိုတင်းအောင်ကြိတ်လိုက်လေသည်။

'သူတို့နှစ်ယောက်ကို မသတ်မိတာ ကျုပ်အမှားပါပဲ'

ပေါက်လုံက....

'ခင်ဗျားက ကျုပ်ကိုခွင့်လွှတ်လိုက်တဲ့အတွက် ကျုပ်တို့ကလဲ လူကြီးလူကောင်းပီပီ ကျုပ်တို့လူနှစ်ယောက်ကို သတ်သွားတာတောင် ကျုပ်တို့ ခွင့်လွှတ်လိုက်တာ၊ ဒါကို ခင်ဗျားက ကျုပ်တို့ရဲ့ စိတ်ထားကို လေးစားရမှန်းမသိဘဲ အခုလိုလိုက်လာတာ မရှက်ဘူးလားဗျ'

ဝမ်ဝမ်ဆွေက ရယ်မောလိုက်သည်။

'ခင်ဗျားတို့ဘားအမိ ကို သတ်လိုက်ရင်ဒီအကြောင်းကို ဘယ်သူက သိသွားမှာလဲ'

ပေါက်လုံက....

'ဒီနေရာဟာ အများသွားလာနေတဲ့ လမ်းတစ်ခုပါ၊ တစ်ယောက်မသိ တစ်ယောက်သိမှာပေါ့'

ဝမ်ဝမ်ဆွေက ခေါင်းခါယမ်း၍ ရယ်မောလိုက်သည်၊

'မင်း အခုမှ လူဖြစ်လာတာပေါ့၊ ဘာမှ ဗဟုသုတမရှိပါဘူး၊ ဒီလမ်းဟာ တစ်ခါတလေ ဆယ့်လေးငါးရက်အထိ လူသွားလူလာဆိုလို့ တစ်ယောက်မှတွေ့မှာ မဟုတ်ပါဘူး'



တာလျှံက သူ၏ တောင်ဝှေးကို တင်းတင်းဆုပ်ကိုင်ထားလိုက်သည်။

'ရှင်းရှင်းပြောပါ ဝမ်ဝမ်ဆွေ၊ ကျုပ်နောက်ကို လိုက်ခဲ့တာ ဘာလုပ်မလို့လဲ'

ဝမ်ဝမ်ဆွေက ရယ်မောလိုက်သည်။

'ဘာလုပ်မယ်ဆိုတာ အခုပဲ သိရမှာပေါ့'

သူသည် စကားဆုံးသွားသည်နှင့် တာလျှံအား တိုက်ခိုက်လိုက်သည်။

သူ့နောက်မှ ပါလာသော လူလေးယောက်တို့သည် ပေါက်လုံအား ဝိုင်းရံထားလိုက်လေသည်။

တာလျှံသည် ဝမ်ဝမ်ဆွေ၏ တိုက်ခိုက်မှုကို ရှောင်တိမ်းလိုက်သည်။

သူမသည် ဝမ်ဝမ်ဆွေအား တုံ့ပြန်တိုက်ခိုက်ခြင်း မပြုဘဲ ပေါက်လုံအား ဝိုင်းရံထားကြသောလူလေးယောက်အား လျှပ်တစ်ပြက် ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

သူမ၏ လှုပ်ရှားမှုမှာ လျင်မြန်လှပေသည်။

ထိုလူလေးယောက်သည်တာလျှံက ယခုကဲ့သို့ဝင်ရောက်တိုက်ခိုက်လိမ့်မည်ဟု မမျှော်လင့်ထားသဖြင့် အငိုက်မိသွားလေသည်။

တာလျ၏ တောင်ဝှေးသည် ထိုလူကလေးယောက်အနက် နှစ်ယောက်၏ ဦးခေါင်းကို ရိုက်ခွဲလိုက်လေသည်။

ဝမ်ဝမ်ဆွေက ကြောင်အမ်းအမ်းဖြစ်သွားသည်။

သူသည် တာလျက မိမိအား တုံ့ပြန်တိုက်ခိုက်လိမ့်မည်ဟု ထင်မှတ်နေရာမှ တာလျက သူ၏ တပည့်နှစ်ယောက်ကို ရိုက်သတ်လိုက်လေသည်။

သူသည် ဒေါသထွက်လွန်း၍ မျက်နှာတစ်ခုလုံး နီရဲသွားလေသည်။

'ယား'

သူက ယင်းသို့ အသံကျယ်လောင်စွာ အော်ဟစ်လိုက်ပြီး တာလျအားဖိ၍တိုက်ခိုက်လိုက်လေသည်။

တာလျက ကြောက်ရွံ့ခြင်း မရှိဘဲ တုံ့ပြန် တိုက်ခိုက်လိုက်လေသည်။

ဤသို့ဖြင့် သူတို့နှစ်ယောက်သည် ပြင်းပြင်းထန်ထန် ပြန်လှန်တိုက်ခိုက်ကြလေသည်။

အမှတ် ၁၅/၁၃၈၊
ရုံး ၂၀၄၄၃



ပေါက်လုံးသည် ခါတိုင်းဆိုလျှင် ထိုလူနှစ်ယောက်ကို မှုမည် မဟုတ်ပါ။

ထို့ကြောင့် ယခုမှာမူ သူ ရရှိသောဒဏ်ရာမှာ ပျောက်ကင်းခြင်း မရှိသေးသဖြင့် တိုက်ခိုက်လိုက်သောအခါ ဒဏ်ရာ၌ နာကျင်သောဝေဒနာကို ခံစားနေရသဖြင့် သူ၏တိုက်ခိုက်မှုမှာ အားပျော့နေ၏။

ထိုလူနှစ်ယောက်သည် မိမိအဖော်နှစ်ယောက် သေဆုံးသွားသဖြင့် အလွန် ခံပြင်းနေကြသဖြင့် ပေါက်လုံးအား ပြင်းပြင်းထန်ထန် တိုက်ခိုက်နေ၏။

ထို့ကြောင့် တင်ခဏကြာလာခဲ့သော အခါ ပေါက်လုံး၏ အခြေအနေမှာ အလွန် ဆိုးရွားလာလေသည်။

ဝမ်ဝမ်ဆွေနှင့် တိုက်ခိုက်နေသော တနလျှံသည် ပေါက်လုံး၏ အခြေအနေမှာ မဟန်မှန်းသိလိုက်သဖြင့် စိုးရိမ်ပူပန်လာလေသည်။

သူမသည် ဝင်ရောက်ကူညီရန် အကြိမ်ကြိမ်ကြိုးစားခဲ့သော်လည်း ဝမ်ဝမ်ဆွေက သူမအား ဟန့်တားနေသဖြင့် သူမ မတတ်နိုင်ဘဲ ရင်ပူနေရသည်။

သူသည် သားဖြစ်သူအား လှမ်းအော်လိုက်သည်။

'သား မြန်မြန်ပြေး၊ လွတ်အောင်သာ ပြေးပေတော့'

ပေါက်လုံက အစွမ်းကုန်ခုခံရင်း ခေါင်းခါယမ်းပြလိုက်သည်။

'ကျွန်တော် မပြေးဘူး၊ သေစရာရှိလဲ မေမေနဲ့အတူ သေမယ်'

တာလျှံက....

'မိုက်လှချည်လား သားရယ်၊ မင်း သေသွားရင် မင်းအဖေ အတွက် ဘယ်သူက လက်စားချေမှာလဲ'



ပေါက်လုံက....

'သားက မေမေတစ်ယောက်တည်း ပစ်မထားနိုင်ဘူး၊ ပြေးကြမယ်ဆိုရင် မေမေနဲ့အတူတူပြေးမယ်'

ဝမ်ဝမ်ဆွေက ရယ်မောလိုက်လေသည်။

'စိတ်ကူးယဉ်နဲ့၊ မင်းတို့သားအမိ တစ်ယောက်မှ ပြေးလို့ လွတ်ဘူးလို့သာမှတ်'

တနလျှံက သူ၏စကားကိုမမှုဘဲ ပေါက်လုံအား လှမ်းပြော လိုက်သည်။

'သား.... မင်းက ယောကျ်ားပေါ့ဘူးလား၊ ဗီလူနှစ်ယောက်ကို အနိုင်မရတောင် လွတ်အောင် မပြေးနိုင်ဘူးလား၊ မေမေက ဗီလူယုတ်မာကို တားထားမယ်၊ သားက လွတ်အောင်ပြေးနိုင်မယ်ဆိုရင် မေမေ သေရမှာတောင် စိတ်ဖြောင့်မှာ၊ မင်း စဉ်းစားသား၊ တော်ကြာ နှစ်ယောက်စလုံးသေသွားရင် ဘယ်သူက ငါတို့အတွက် လက်စားချေပေးမှာလဲ၊ ဗီလူစာ မင်းအားမျက်နှာဖုံး တပ်ထားတဲ့ ဘီလူးကြီးဖြစ်တဲ့ အကြောင်း ဘယ်သူက ဖော်ထုတ်နိုင်မှာလဲ'

ပေါက်လုံ၏မျက်ဝန်းထဲတွင် မျက်ရည်များဝဲလာလေသည်။

သူသည် မည်ကဲ့သို့ ဆုံးဖြတ်ရမည်ကို မဝေခွဲနိုင်ဘဲ ဖြစ်နေ၏။

တာလျံ၏အသံသည် ဒေါသသံ ပါလာသည်။

'ပေါက်လုံ ပြေးပါ။ မေမေ့ စကားကို နားမထောင်ဘူး ဆိုရင် မေမေ သေသွားတဲ့အထိ ခင်းကို ဘယ်တော့မှ ခွင့်လွှတ်မှာ မဟုတ်ဘူး'

ပေါက်လုံက မကာတ်နိုင်တော့ပါ။

သူ့အတွက် လွတ်မြောက်အောင် ထွက်ပြေးနိုင်မှသာလျှင် သူတို့ မိသားစုတစ်ခုလုံး၏ သွေးကြွေးကို လက်စားချေနိုင်မည် မဟုတ်ပါလော။

သူသည် ဤသို့ဆုံးဖြတ်လိုက်သည်နှင့် အဘယ်အကြောင်းနှင့် မသိ၊ သူ၏ တစ်ကိုယ်လုံးမှာ ခွန်အားပြည့်ဖြိုးလာပြီး ထိုလူနှစ်ယောက်အား ဖိ၍ တိုက်ခိုက်လိုက်လေသည်။

ထိုလူနှစ်ယောက်မှာ ဒဏ်ရာကိုယ်စီရရှိသွားကြသဖြင့် တိုက်ခိုက်အားပျော့သွားလေသည်။

ထိုအချိန် ဝမ်ဝမ်ဆွက ပေါက်လုံလွတ်မြောက်သွားမည်ကို စိုးရိမ်သဖြင့် တိုက်ခိုက်ရာမှ ရပ်တန့်လိုက်ပြီး ပေါက်လုံထံသို့ ပြေးလာလေသည်။

တာလျံက သူ့အား အနားမပေးဘဲ အစွမ်းကုန် ဖိ၍ တိုက်ခိုက်လိုက်သောကြောင့် သူသည် ပေါက်လုံအား သွား ရောက်ဟန့်တားနိုင်စွမ်း မရှိပါ။



ပေါက်လုံက ထိုလူနှစ်ယောက်အား အနိုင်တိုက်ခိုက်နိုင် သဖြင့် မိခင်ဖြစ်သူအား တစ်ချက်လှည့်ကြည့်လိုက်ပြီး ငိုကြွေး လျက်—

'မေမေ'

သူသည် မိခင်အား ကူညီရန် ပြေးလာလေသည်။

တာလျံက အော်ငေါက်လိုက်လေသည်။

'မလာနဲ့၊ ပြေး....ပြေးပါ'

ပေါက်လုံသည် ခြေလှမ်း တုံ့ခနဲ ရပ်တန့်သွားသည်။

တာလျံက ဒေါသထွက်လာလေသည်။

'တိရစ္ဆာန်... အမေ ပြောတဲ့စကားကို ခင်းနားမထောင် ဘူးလား'

ပေါက်လုံသည် အံကို တင်းတင်းကြိတ်လိုက်သည်။

သူက ဝမ်ဝမ်ဆွအား လက်ညှိုးထိုး၍—

'သူယုတ်မာ...ကျုပ်အမေ တစ်ခုခုဖြစ်သွားရင် ကျုပ်ပြန် လာတဲ့အခါမှာ ခင်ဗျားကို အစိတ်စိတ် အပိုင်းပိုင်း သတ်ပစ်မယ်

သူသည် ယင်းသို့ ကြုံးဝါးပြီးနောက် ချာခနဲ လှည့်ကာ ဝူတန်းတောင်တက်သို့ ဦးတည် ပြေးလွှားသွားလေသည်။

* * *

ပေါက်လုံသည် အစွမ်းကုန် ပြေးလွှားနေ၏။

သူသည် ခြေလှမ်းပေါင်းသုံးရာခန့် ပြေးလွှားလာမိသော အခါ သူ့နောက်တွင် တာလျှံ၏ စူးရှသောအသံ ထွက်ပေါ်လာသည်ကို ရုတ်တရက် ကြားလိုက်ရလေသည်။

သူသည် ပြေးလွှားရင်း ခြေလှမ်း တုံ့ခနဲ ရပ်တန့်သွားသည်။

နောက်သို့လှည့်ကြည့်လိုက်ရာ မိခင်ဖြစ်သူက မြေပေါ်သို့လဲကျသွားနေသည်ကို တွေ့မြင်လိုက်ရလေသည်။

သူသည် သည်းထိတ်ရင်ဖို အော်ဟစ်လိုက်ပြီး မိခင်ထံသို့ ပြေးသွားလေတော့သည်။

* * *



ထိုအခါ ဝမ်ဝမ်ဆွေက သူ့ထံသို့ ခြေလှမ်း လှမ်းလိုက်လေသည်။

ပေါက်လုံသည် ဝမ်ဝမ်ဆွေအား တွေ့မြင်လိုက်တော့မှ ကိုယ့်ကိုယ်ကို သတိရမိလိုက်လေသည်။

မိခင်ဖြစ်သူ သေဆုံးသွားပြီဖြစ်သည်။ မိမိမှာ အချိန်မီထွက် မပြေးနိုင်လျှင် ဝမ်ဝမ်ဆွေ၏ လက်ချက်ဖြင့် သေဆုံးသွားရတော့မည် ဖြစ်သည်။

မိမိ သေဆုံးသွားပါလျှင် မိသားစုတစ်ခုလုံး၏ သွေးကြွေးကို မည်သူက လက်စားချေပေးပါမည်နည်း။

ဝမ်ဝမ်ဆွေသည် မင်းသားမျက်နှာဖုံး တပ်ဆင်ထားသော လူယုတ်မာဖြစ်သည်ကို မည်သူက သိုင်းလောကတစ်ခုလုံး သိသွားစေရန် ထုတ်ဖော်နိုင်မည်နည်း။

သူသည် ယင်းသို့ တွေးမိလိုက်သည်နှင့် ချာခနဲလှည့်ကာ ထွက်ပြေးလေတော့သည်။

ဝမ်ဝမ်ဆွေသည် သူ၏တပည့်နှစ်ယောက်နှင့်အတူ ပေါက်လုံ နောက်သို့ ပြေးလိုက်သွားကြလေသည်။

ဝမ်ဝမ်ဆွေက သူ၏တပည့်များအား ယင်းသို့ အမိန့်ပေးလိုက်သည်။

'မညှာနဲ့၊ မိအောင်လိုက်ကြစမ်း မိလိုက်တာနဲ့ အသေသတ်လိုက်'

ကုန်းတပည့်လေးယောက်အနက် နှစ်ယောက်မှာ ဒဏ်ရာရရှိနေသဖြင့် မလိုက်နိုင်တဲ့ နောက်တွင် ကျန်ရစ်ခဲ့သည်။

ကျန်ရှိသော တပည့် နှစ်ယောက်တို့မှာ ဘယ်ညာအနေအထားဖြင့် ပေါက်လုံးနောက်သို့ လိုက်သွားကြလေသည်။

ဝမ်ဝမ်ဆွေမှာမူ အထည်သည်တည်တည်၍ ပြေးလိုက်သွားလေသည်။

ပေါက်လုံးသည် မိမိလွတ်အောင်မပြေးနိုင်လျှင် အသက်ခံရမည်ဟု သိထားသဖြင့် မိမိမှာဒဏ်ရာရရှိထားသော်သည်း အံကိုတင်းတင်းကြိတ်ကာ အစွမ်းကုန်ပြေးလွှားရလေသည်။

* ■ ■

ပေါက်လုံးသည် စိတ်ကိုတင်းထားပြီး ပြေးလွှားနေ၏၊ သို့တိုင် ခရီးကြာလာသောအခါ ရရှိထားသောဒဏ်ရာမှ နာကျင်သောဝေဒနာပို၍ ခံစားလာရသည်။

ခရီးနှင်လာသည်ကတစ်ကြောင်း၊ ဒဏ်ဖိုးရှိသည် အားမျှသည် တဖြည်းဖြည်းကျဆင်းလာလေသည်။



နောက်ဆုံးလူသည် မည်သို့မျှဟန်နိုင်တော့တဲ့ မြေပေါ်သို့ မှောက်လျက်လဲကျသွားလေ၏။

သူ့နောက်မှ ပြေး၍လိုက်လာသော ဝမ်ဝမ်ဆွေ၏တပည့်နှစ်ယောက်သည် ပေါက်လုံးလဲကျသွားသည်ကို တွေ့မြင်လိုက်ရသောအခါ ဝမ်းသာသွားလေသည်။

သူတို့သည် ပေါက်လုံးလဲကျသွားသော နေရာသို့ ပြေးလွှားရောက်ရှိသွားပြီး ဓားမြှောင်ပြိုင်တူခုတ်ချလိုက်လေသည်။

ထိုအချိန်မှာပင် ဝမ်ဝမ်ဆွေက ခြေလှမ်းကိုလျှော့လိုက်ပြီး အေးဆေးစွာ လျှောက်သွားနေ၏။

သူ၏ တပည့်နှစ်ယောက်က လဲကျနေသော ပေါက်လုံးအား ဓားဖြင့်ခုတ်ချလိုက်သည်ကို တွေ့မြင်ရလေသည်။

သို့သော် အဘယ်ကြောင့်မှန်းမသိ သူတို့၏ဓားနှစ်ချက်သည် ပေါက်လုံးပေါ်သို့ခုတ်ချနိုင်စွမ်းမရှိဘဲ ပို့လွင့်စဉ်သွားသည်ကို တွေ့မြင်လိုက်ရလေသည်။

သူက အံ့အားသင့်သွားသည်။ ခြေလှမ်းကိုလည်း ရပ်တန့်လိုက်သည်။ အထူးသဖြင့် သူ၏တပည့်နှစ်ယောက်သည် မိမိတို့အား တစ်စုံတစ်ယောက်က လက်နက်ပုန်းဖြင့် တိုက်ခိုက်လာသည်ကို ခံလိုက်ရသဖြင့် အံ့သြသွားလေသည်။

သူတို့သည် ပြိုင်တူလှည့်ကြည့်လိုက်သောအခါ တစ်ကိုယ်လုံး နီရဲသောအကျႌနှင့် ဘောင်းဘီဝတ်ဆင်ထားပြီး ကျစ်ဆံမြီးနှစ်ချောင်း ရင်ဘတ်ရှေ့ချထားသော မိန်းကလေးတစ်ယောက် သူတို့ရှေ့သို့ ရောက်လာသည်ကို တွေ့မြင်လိုက်ရသည်။

ထိုမိန်းကလေးသည် အသက်အားဖြင့် တစ်ဆယ့်ခြောက် တစ်ဆယ့်ခုနစ်အရွယ်မျှသာရှိမည်ဟု တွေ့ရသော်လည်း သူမ၏ ချောမောလှပပြီး နူးနယ်သော မျက်နှာတစ်ခုလုံးမှာမူအသက် လေးဆယ်ခန့်ရှိသောအမျိုးသမီးတစ်ယောက် ဟန်မူယာဖြင့်သူ တို့အား ကြည့်ရင်းလျှောက်လာနေသည်။

ထိုမိန်းကလေးသည် သူတို့အနီးသို့ ရောက်ရှိလာသောအခါ ခါးကိုထောက်၍ ပြစ်တင်လိုက်လေသည်။

'မင်းတို့က ဘယ်သူတွေလဲ၊ ဘာကြောင့်ဝူဘန်းတောင်ရဲ့နယ် နိမိတ်ထဲကို ကျူးကျော်ဝင်ရောက်ပြီး လူသတ်ချင်ရတာလဲ'

ထိုနှစ်ယောက်သည် သူတို့အား ဟန့်တားနေသူမှာ ငယ် သော မိန်းကလေးတစ်ယောက်ဖြစ်နေသည်ကို တွေ့မြင်လိုက်ရ သဖြင့် ဒေါသထွက်လာကြလေသည်။

သူတို့ထဲမှတစ်ယောက်က မိန်းကလေးအား အော်ငေါက် လိုက်သည်။

'ဝါတို့ကိစ္စဝင်ရှုပ်တာ သေချင်လို့လား'



ကျန်တစ်ယောက်က....

'ပြောမနေနဲ့၊ ဆုံးမလွှတ်လိုက်'

သူတို့နှစ်ယောက်သည် မိန်းကလေးထံသို့ ပြိုင်တူခုန်အုပ် လိုက်လေသည်။

မိန်းကလေးခန္ဓာကိုယ်တစ်ချက် လှုပ်ရှားလိုက်သည်နှင့် သူတို့ နှစ်ယောက်လုံးရှောင်တိမ်းသွားလေသည်။

တစ်ချိန်တည်းမှာပင် မိန်းကလေးမှာ လှုပ်ရှားလိုက်လေ သည်။ သူမ၏ ဖြူဖွေးနုနယ်သော လက်သီးနှစ်လုံးသည် ဗယ် ညာတစ်ပြိုင်တည်း ထိုးသွင်းလိုက်ရာ....

'ဝုန်း'

ထိုနှစ်ယောက်၏ ကျောပြင်ထဲတွင် သံတူချားထုလိုက်သည့် အလား အဝေးသို့ လွင့်စဉ်သွားပြီး ခွေခေါက်လျက်လဲကျသွား လေသည်။

ဝမ်ဝမ်ဆွေက အေးဆေးစွာ လက်ခုပ်တီးလိုက်သည်။

မိန်းကလေးအသူ့အား စိုက်ကြည့်လိုက်သည်။ ထို့နောက် ပြုံး၍ခေါင်းညိတ်လိုက်သည်။

'ဩဘာပေးတာ ကျေးဇူးတင်ပါတယ်'

ဝမ်ဝမ်ဆွေက ပြုံးလျက်...

'ကလေးမက ဘယ်သူလဲ၊ သိုင်းပညာမဆိုးပါလား'

မိန်းကလေးကပြုံး၍ ထပ်မံပြုံးပြလိုက်သည်။

'ချီးကျူးတာ ကျေးဇူးတင်ပါတယ်'

ဝမ်ဝမ်ဆွေက မှောက်လျက်လဲကျနေသော ပေါက်လုံအား လက်ညှိုးထိုးပြလိုက်လေသည်။

'သူက ဘယ်သူလဲဆိုတာ မင်းသိသလား'

မိန်းကလေးက ခေါင်းခါယမ်းလိုက်သည်။

'မသိဘူး'

ဝမ်ဝမ်ဆွေက...

'ဒီလူဟာ ဝရမ်းပြေး လူသတ်သမား၊ ကျုပ်နဲ့ အဲဒီဘေးက လေးယောက်ကတော့ ရဲမက်တွေပါပဲ၊ အထက်အာဏာပိုင်က တာဝန်ပေးချက်အရ သူ့ကိုလိုက်ဖမ်းနေတာ'

မိန်းကလေး၏ လှပသောမျက်နှာအစုံသည် ဝိုင်းစက်ပြူး ကျယ်သွားလေသည်။



'သူက ဝရမ်းပြေး လူသတ်သမားဟုတ်လား'

ဝမ်ဝမ်ဆွေက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်'

သူက စကားဆက်လိုက်သည်။

'ငါတို့က သူ့နောက်ကိုလိုက်နေတာ တစ်နှစ်ကျော်သွားပြီ၊ သူ့ကိုတွေ့တော့လဲ အဖမ်းမခံဘဲထွက်ပြေးလို့ ငါတို့က အခုလို သူ့ကို လိုက်ဖမ်းတာ၊ သူက ခုခံတိုက်ခိုက်လို့ ကျုပ်ရဲ့ တပည့်သား ရဲမက်သုံးယောက်ကျဆုံးသွားပြီး နှစ်ယောက် ဒဏ်ရာရသွားပါတယ်၊ သူလဲပဲ ဒဏ်ရာရရှိသွားလို့ အခုလို ကျုပ်တို့က သူ့ကို ဖမ်းဖို့ကြိုးစားနေတုန်း...'

မိန်းကလေးက ကြားဖြတ်လိုက်သည်။

'အားနာလိုက်တာရှင်၊ ကျွန်မက ဒီလိုဖြစ်နေမှန်း မသိလို့ပါ၊ နောက်ပြီး ဒီနေရာဟာ ဝူတန်းတောင်ရဲ့ နယ်နိမိတ် မဟုတ်လား'

ဝမ်ဝမ်ဆွေက ပြုံးပြလိုက်သည်။

'မင်း မမှားပါဘူး၊ ဒီနေရာဟာ ဝူတန်းတောင်ရဲ့ နယ်နိမိတ် ဆိုတာလဲ ကျုပ်သိပါတယ်၊ ဒါပေမယ့် ကေရာဇ်ဘုရင်ရဲ့

အမိန့်ဘာ ဘယ်နေရာမျိုးဆို သွားအခွင့်ရှိတယ်၊ ဘယ်သူကမှ တားပိုင်ခွင့် မရှိပါဘူး'

မိန်းကလေးက သူ့အား မျက်တောင် တဖျပ်ဖျပ်ခတ်၍ ကြည့်နေ၏။

ဝမ်ဝမ်ဆွေက ပြုံးပြလိုက်သည်။

'ကဲ...ကျုပ်ပြောတာ ခင်း အဘဘာပေါက်တယ် မဟုတ်လား'

မိန်းကလေးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့'

ထိုအချိန် သူ၏နောက်မှကျန်ခဲ့သော ဘော်ဒီနှစ်ယောက်လည်း ရောက်ရှိလာပြီဖြစ်သည်။

မိန်းကလေးလက်ချက်ဖြင့် လဲကျသွားသော တပည့်နှစ်ယောက်လည်း ရောက်ရှိလာပြီဖြစ်သည်။

ဝမ်ဝမ်ဆွေက သူတို့အား အမိန့်ပေးလိုက်သည်။

'မင်းတို့ ဘာကြည့်နေတာလဲ၊ တရားခံကို ကြိုးနဲ့တုပ်ပြီး ဖမ်းကြတော့လေ'



ထိုအချိန် ပေါက်လုံအား အသံကျယ်လောင်စွာဖြင့်ထ,အော်လိုက်လေသည်။

'သူတို့ပြောတာ တစ်ခုမှမဟုတ်ဘူး၊ သူတို့က ကျုပ်အဖေကို သတ်ဖို့ကိုလို့ ကျုပ်သွက်ပြေးလာတာကို လိုက်သတ်နေတဲ့ လူယုတ်မာတွေ၊ သူတို့ လက်ချက်ကြောင့် ကျုပ်အဖေလဲ သေသွားပါပြီ'

မိန်းကလေးသည် ပေါက်လုံအော်သံ ကြားရသောအခါ ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ဝမ်ဝမ်ဆွေ၏ တပည့်လေးယောက်က ပေါက်လုံအား ဖမ်းဆီးရန် ဟန်ပြင်နေသဖြင့် ဟန့်တားလိုက်လေသည်။

'နေကြဦး၊ ကျွန်မ သူ့ကို မေးရဦးမယ်'

ဝမ်ဝမ်ဆွေ၏ တပည့်တို့မှာ မဖမ်းဝံ့ကြတော့ဘဲ ရပ်ကြည့်နေ၏။

ဝမ်ဝမ်ဆွေကပြုံးလျက်....

'မိန်းကလေး...ကျုပ်တို့ဟာ ဥပဒေနဲ့ တာဝန်ထမ်းဆောင်နေတဲ့ လူတွေ၊ ဒါကြောင့် ကျုပ်တို့ကိစ္စကို ဝင်ရောက်ရှုပ်ပိုင်ခွင့် မရှိဘူး၊ ကလေးမက ဝင်ရှုပ်လာရင် ကျုပ်က အာဏာဆန့်မှုနဲ့ အရေးယူရလိမ့်မယ်'

မိန်းကလေးက…

'ရှင်တို့ ကိစ္စကို ကျွန်မ ဝင်စွက်ဖက်နေတာ မဟုတ်ဘူး၊ ဒီကနေ့ ဟာ ဒီနယ်နိမိတ်ကို စောင့်ကြပ်ဖို့ ကျွန်မ တာဝန်ယူထားတယ်၊ ဒါကြောင့် နယ်နိမိတ်ထဲမှာ ဖြစ်ပျက်နေတဲ့ ကိစ္စအားလုံးကို ကျွန်မက တာဝန်ဝတ္တရားအတိုင်း မေးမြန်းနေရတာပေါ့'

သူမက ပြောရင်း ပေါက်လုံအား စိုက်ကြည့်လိုက်သည်။

'ရှင်က ဘယ်သူလဲ၊ ရှင့်တို့ပြောတာ မဟုတ်ဘူးဆိုရင် ထက် ဆိုင်ရာမှာ သွားရှင်းလိုက်ပါလား၊ ဘာဖြစ်လို့ ထွက်ပြေးနေရ တာလဲ'

ပေါက်လုံက သက်ပြင်းတစ်ချက်ချလိုက်သည်။

'ကျုပ်မပြေးပြလဲ ခင်ဗျားက နားလည်မှာမဟုတ်ဘူး၊ ဒါ ကြောင့် ဒုတိယဂိုဏ်းချုပ်ကြီး ဆီကို ကျုပ်ကို ခေါ်သွားပေး ပါ၊ သူနဲ့တွေ့မှ ဒီကိစ္စရှင်းသွားပါလိမ့်မယ်'

မိန်းကလေးက…

'ရှင်က ဆရာကြီး၊ ကျောင်းကျောင်းကျူနဲ့ သိတယ် ဟုတ်လား'

ပေါက်လုံက ခေါင်းခါယမ်းလိုက်သည်။



'မသိဘူး၊ ကျုပ်ရဲ့မိခင်မှာသိလို့ ကျုပ်က သူ့ဆီသွားရင်း ယောဒီလူယုတ်မာတစ်စုနဲ့ တွေ့မိတာပေါ့'

မိန်းကလေးက ဝမ်ဝမ်ဆွေအား ဦးညွှတ်လိုက်လေသည်။

'သူပြောတာကို ရှင်တို့ ကြားတယ်မဟုတ်လား၊ ကျွန်မလဲ ဘာလုပ်ရမှန်းမသိဘူး၊ အဲဒီမှာ ကျွန်မဆရာ ကျောင်းကျောင်း ကျူကို တွေ့ပြီး ဘာဆက်လုပ်ရမလဲဆိုတာ ဆုံးဖြတ်ရင် မကောင်းဘူးလား'

ဝမ်ဝမ်ဆွေ၏မျက်နှာ ခက်ထန်သွားလေသည်။

'ကျုပ်က မင်းမှုထမ်းတစ်ယောက်၊ အာဏာပေးထားတဲ့ တာဝန်အတိုင်း လုပ်ဆောင်တဲ့အခါမှာ ဘယ်သူမှ စွက်ဖက်ခွင့် မရှိဘူး၊ ဒါကြောင့် ကျုပ် နောက်ဆုံး သတိပေးလိုက်မယ်၊ ဒီကိစ္စကို မင်းတာမှမစွက်ဘဲပြန်သွားပါ၊ ဝင်စွက်မယ်ဆိုရင် ကျုပ်တို့အဆိုးမဆိုနဲ့'

မိန်းကလေးက နှုတ်ခမ်းစူလိုက်လေသည်။

'ရှင်က လူကြီးတစ်ယောက်မို့ ကျွန်မက ရိုရိုသေသေပြော နေတာ၊ နို့မဟုတ်ရင် ကျွန်မတို့နယ်နိမိတ်ကို ဝင်လာတာနဲ့ ကျွန်မ ဆုံးမတာကြာပြီ'

ဝမ်ဝမ်ဆွေက ရယ်မောလိုက်သည်။

'ကဲ…ကျုပ်က တောင်းတောင်းမွန်မွန် ပြောလို့မှရဘူးဆိုရင် ဆက်တွေ့ပြရတော့မှာပဲ'

သူက ပြောရင်း မိန်းကလေးရှေ့သို့ တစ်လှမ်းချင်း လှမ်းလိုက်လေသည်။

မိန်းကလေးက မြေပေါ်မှာထိုင်နေသော ပေါက်လုံးအား တစ်ချက်ကြည့်လိုက်လေသည်။

'ရှင်…လမ်းလျှောက်နိုင်သေးရဲ့လား'

ပေါက်လုံးက ခေါင်းညိတ်လိုက်သည်။

'ဒါဖြင့် တောင်ခြေရင်းထိလျှောက်သွား၊ အဲဒီမှာ ကျွန်မတို့ ကင်းပုန်းရှိတယ်၊ အကျိုးအကြောင်း အမြန်ဆုံးသတင်းပို့'

ပေါက်လုံးသည် ကြိုးစား၍ ထရပ်လိုက်ပြီး တောင်ခြေရင်းဘက်သို့ ဦးတည် ခြေလှမ်းလှမ်းလိုက်လေသည်။

ဝမ်ဝမ်ဆွေ၏ တပည့်လေးယောက်တို့သည် ပေါက်လုံးအား တစ်ပြိုင်တည်း တိုက်ခိုက်လိုက်လေသည်။

မိန်းကလေးက တစ်ချက်လှုပ်ရှားလိုက်သည်နှင့် ထိုလူလေးယောက်သည် ရှေ့ဆင့်နောက်ဆင့် လဲကျသွားလေသည်။

ဝမ်ဝမ်ဆွေက မိန်းကလေးအား စိုက်ကြည့်လိုက်လေသည်။



'မင်းရဲ့ ကြေးပြားဆက်နက်ပုန်းပညာ ဆိုးပါဘူး၊ ဘယ်သူက အင်ပေးလိုက်တာလဲ'

မိန်းကလေးက ခေါင်းထောက်လိုက်သည်။

'ရှင့်လူလေးယောက်ကို ခေါ်ပြီး ကျွန်မတို့ နယ်နိမိတ်က အမြန်ဆုံး ထွက်သွားပါ'

ဝမ်ဝမ်ဆွေက တစ်လှမ်းချင်း လှမ်းသွားနေသော ပေါက်လုံးအား တစ်ချက် လှမ်းကြည့်လိုက်သည်။

ထို့နောက် ရုတ်တရက် မိန်းကလေးအား ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

မိန်းကလေးက ရှောင်တိမ်းလိုက်လေသည်။ ထို့နောက် တုံ့ပြန်တိုက်ခိုက်လိုက်လေသည်။

သူတို့သည် သိုင်းကွက်တစ်ကွက် ယှဉ်ပြိုင်လိုက်သည်နှင့် တစ်ယောက်အခြေအနေ တစ်ယောက် သိလိုက်လေသည်။

ဝမ်ဝမ်ဆွေသည် ထိုမိန်းကလေးမှာ အထက်အရှယ် နုနယ်သေးသော်လည်း သိုင်းပညာမှာ အဆင့်မြင့်သည်ကို နားလည်လိုက်သည်။

သူသည် အနည်းဆုံး သိုင်းကွက်ဆယ်ကွက် ယှဉ်ပြိုင်မှသာ အနိုင်ရရှိမည်ဟု ခန့်မှန်းမိလေသည်။

မိန်းကလေးကလည်း ရန်သူ၏ အခြေအနေကို အကဲခတ်ပြီ နေသည်။

မိမိသည် ထိုလူနှင့် ယှဉ်ပြိုင်ပါက အလွန်ဆုံး သိုင်းကွက်ဆယ်ကွက်မျှသာ ခံနိုင်လိမ့်မည်ဟု သိမြင်လိုက်လေသည်။

ထို့ကြောင့်သိုင်းကွက်ဆယ်ကွက်မတိုင်မီ စစ်ကူအမြန်ရောက်လာမှ ဖြစ်မည်ဟု သိလိုက်ရသည်။

ထို့ကြောင့် သူသည် အင်္ကျီအိတ်ထဲမှ အနီရောင်စက္ကူလေးကဲ့သို့ အရာဝတ္ထုတစ်ခုကို ထုတ်ယူလိုက်လေသည်။

ထို့နောက် အပေါ်သို့ ထောင်၍ပစ်တင်လိုက်လေသည်။ ထိုအနီရောင်အရာဝတ္ထုသည် အပေါ်သို့ ရောက်သွားပြီးနောက်...

'ဖောက်...'

ဟူသောအသံ ထွက်ပေါ်လာ၏။

တစ်ဆက်တည်းမှာပင် မီးခိုးတန်းများသည် လွင့်မျောသွားလေသည်။

ဝမ်ဝမ်ဆွေသည် မိန်းကလေး၏ သဘောကို နားလည်လိုက်သည်။



သူက မဲ့ပြုံးပြုံးလိုက်သည်။

'မင်း စစ်ကူခေါ်တာဟာ နောက်ကျသွားပြီ၊ စစ်ကူရောက်ခင်မင်းသေမယ်၊ ငါ့အသိုင်းရှိတဲ့ တရားခံလဲ ပြေးလို့ မလွတ်တော့ဘူး'

သူသည် စကားဆုံးသည်နှင့် မိန်းကလေးအား တိုက်ခိုက်လိုက်လေသည်။

ထိုမိန်းကလေးသည် အလွန်ဉာဏ်ကောင်းသော မိန်းကလေးတစ်ယောက်ဖြစ်သည်။

သူမသည် အဘက်နိုင်ဆုံး အချိန်ဆွဲရမည်ဟု နားလည်ထား၏။ ထို့ကြောင့် ဝမ်ဝမ်ဆွေက အင်နှင့်အားနှင့် တိုက်ခိုက်လာသည်ကို သူမက ပြန်လည် တိုက်ခိုက်ခြင်းမပြုဘဲ နောက်သို့ ရှောင်တိမ်းလိုက်သည်။

ဝမ်ဝမ်ဆွေက ဖိ၍တိုက်ခိုက်လိုက်သည်။ သူမက နောက်သို့ဆုတ်၍ ရှောင်တိမ်းပြန်လေသည်။

သူမက ငါးကြိမ်တိုတိုဆုတ်၍ရှောင်တိမ်းသွားသည်မှာအကြံရှိနေသည်ကို ဝမ်ဝမ်ဆွေက နားလည်လိုက်လေသည်။

မိန်းကလေး၏ အပြုအမူမှာ စစ်ကူ ရောက်လာသည် အထိ အချိန်ဆွဲသည့်ရင်း နောက်သို့ တဖြည်းဖြည်း ဆုတ်ခွာသွားပြီး

တောင်ခြေရင်းနှင့် ပို၍ ပို၍ နီးကပ်လာခြင်းကြောင့် စစ်ကူ ရောက်လာလျှင် ပို၍နီးကပ်သွားစေရန်ဖြစ်သည်မဟုတ်ပါလော။

သူက ခြေလှမ်းရပ်တန့်လိုက်သည်။

'မိန်းကလေး…မင်းရဲ့အကြံကို ငါနားလည်ပြီ၊ ဒါကြောင့် မင်းကို ငါသိုင်းကွက်ဝါးကွက် အတွင်းမှာ အစသတ်မယ်။ မယုံမရှိနဲ့'

သူသည် စကားဆုံးသည်နှင့် သူ၏ ကြီးမားသော ခန္ဓာကိုယ်သည် လေထဲသို့ ခုန်တက်လိုက်လေသည်။

သူ၏ လက်နှစ်ဖက်သည် သိမ်းငှက်ခြေသည်းပမာ လက်ချောင်းများကုပ်၍ မိန်းကလေးအား ခုန်အုပ်လိုက်လေသည်။

မိန်းကလေးက ရင်ထိတ်သွားသည်။

သူမသည် ထွက်ပေါက်များ ပိတ်ဆို့ထားခြင်း ခံလိုက်ရသဖြင့် မြေပေါ်၌လှဲချ၍ ခန္ဓာကိုယ်ကို မြေပေါ်မှလှိမ့်၍ရှောင်တိမ်းလိုက်ရလေသည်။

ဝမ်ဝမ်ဆွေက ရယ်မောလိုက်သည်။

'ခင်၊ ကံကောင်းလို့ လွတ်သွားတာ၊ ကဲ…နောက်တစ်ကွက် လာမယ်၊ မင်း ရှောင်နိုင်ရင် ရှောင်ပေတော့'



သူ၏စကားဆုံးသွားသည်နှင့် လျင်မြန်စွာ တိုက်ခိုက်လိုက်လေသည်။

သူ၏တိုက်ကွက်သည် ထူးဆန်းလှပေသည်။ ကြောက်မက်ဖွယ်ရာလည်း ကောင်းလှပေသည်။

အကြောင်းမှာ ဝမ်ဝမ်ဆွေက သူမ၏ လေးဖက်လေးတန်မှ နေရာပြောင်းရွှေ့၍ တိုက်ခိုက်လာခြင်းကြောင့်ဖြစ်လေသည်။

မိန်းကလေးသည် ထွက်ပေါက်မရှိတော့ပါ။

ဝမ်ဝမ်ဆွေသည် ဝဲယာရှေ့နောက် နေရာများကို လျင်မြန်စွာ ပြောင်းလဲပြီး မိန်းကလေးအား ထွက်ပေါက် မရှိရလေအောင် ပိတ်ဆို့တိုက်ခိုက်လိုက်လေသည်။

မိန်းကလေးသည် မည်သို့မှ ပြေးပေါက် ရှာမရတော့ပါ။ သူမ တစ်ကိုယ်လုံးမှာ ချွေးများ စို့ရွှဲလာသည်။

စစ်ကူများလည်း ရောက်မလာသေးပါ။ သူမတာ ကြံ့ကြံ့ခံ ရုန်းရင်း အကြံထုတ်နေ၏။

သူမသည် နုနယ်ငယ်ရွယ်သော မိန်းကလေးတစ်ယောက်ဖြစ်နေသော်လည်း အလွန် ညဏ်များသော မိန်းကလေး တစ်ယောက် ဖြစ်သည်။

သူမသည် ကြံ့ကြံ့ခံ ခုခံနေရာမှ အကြံတစ်ခု ရရှိလာလေ သည်။

သူမသည် အိတ်ထဲမှ အနီရောင်အလုံးတစ်လုံးထုတ်လိုက်၏။

ထိုအနီရောင်အလုံးသည် ခိုဥအရွယ်မျှရှိ၏။

သူမသည် ထိုဥနှင့် ပစ်ပေါက်လိုက်သည်။ ထို့နောက် သတိ ပေးလိုက်သည်။

'သတိထား၊၊ ကျွန်မရဲ့ အဆိပ်ငွေ့တွေပြီ'

ထိုအလုံးလေး ပေါက်ကွဲသွားသောအခါ အစိမ်းရောင် မီး ခိုးများ ပန်းထွက်လာလေသည်။

ဝမ်ဝမ်ဆွေက ရင်ထိတ်သွားလေသည်။

ဝမ်ဝမ်ဆွေက ရင်ထိတ်သွားချိန်၌ အသက်ရှူရပ်ထားလိုက် ပြီးနောက် ကမန်းကတန်း ဆုတ်သွားလေသည်။

မိန်းကလေးက လက်ခုပ်လက်ဝါးတီး၊ ရယ်မောလိုက်လေ သည်။

'ဟား ဟား…ကျွန်မလိမ်တာ မိသွားပြီဟေ့'



ဝမ်ဝမ်ဆွေက အသက်ရှူကြည့်လိုက်လေသည်။ ထိုအစိမ်း ရောင်မီးခိုးများမှာ လုံးဝ အဆိပ်မရှိကြောင်း သိလိုက်ရလေ သည်။

သူက ဒေါသထွက်သွားလေတော့သည်။

'ငါ့ကိုလိမ်တဲ့ ခွေးမလေးမလေး၊ သေဖို့သာ ပြင်ပေတော့'

သူသည် မိန်းကလေးအား တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

မိန်းကလေးက…

'ရှေ့မတိုးနဲ့၊ ခုနက ကျွန်မ မှားပစ်မိတာ၊ ဒီတစ်ခါတော့ တကယ့် အဆိပ်လုံးတွေပြီ'

သူမက လက်ထဲမှ အနီလုံးတစ်လုံးကို မြေပေါ်သို့ ပစ်ပေါက် လိုက်သည်။

'ဒေါက်'

ဟူသော အသံနှင့်အတူ မည်းရောင်မီးခိုးလုံးများ လုံး၍ ထွက်လာလေသည်။

ဝမ်ဝမ်ဆွေက ထိတ်လန့်တုန်လှုပ်စွာ နောက်သို့ပြေးထွက် သွားလေသည်။

မီးခိုးများသည် အဆက်မပြတ် ထွက်ပေါ်လာလေသည်။ ထို့နောက် မြင်ကွင်းတစ်ခုလုံး ပိတ်ဆို့သွားလေသည်။

ဝမ်ဝမ်ဆွေသည် စေ့၍ကြည့်နေစဉ် ထင်းမီးခိုးများသည် တဖြည်းဖြည်း လွင့်မျော၍ပျောက်ကွယ်သွားလေသည်။

မိန်းကလေးအား မတွေ့ရတော့ပါ။ ထို့ပြင် ပေါက်လုံကိုလည်း မတွေ့ရတော့ပါ။

သူက ကြောင်အမ်းအမ်းဖြစ်၍ ရပ်၍ကြည့်နေစဉ်မှာ တောင်ခြေရင်းအက်တွင် လူတစ်စုက ထွက်လာနေကြသည်ကို လှမ်း၍ တွေ့မြင်ရလေသည်။

ဝမ်ဝမ်ဆွေသည် အခြေအနေမှာ ဟန်မှန်၊ သိလိုက်သဖြင့် ဓါးကြီးစွာဖြင့် ခြေထောက်တစ်ချက်ဆောင့်ပြီးလျှင် ထိုလူများကိုခေါ်၍ ထွက်ခွာသွားကြလေတော့သည်။

* * *

တရားသူကြီးဟောင်းသည် သူ၏ဖြစ်ကြောင်း အမှန်များကို မမေ့နိုင်မပြန်နိုင် ပြောပြနေ၏။



လုလုချန်းသည် နားထောင်ရင်း နားထောင်ရင်း စိတ်ဝင်စားလာလေသည်။

တရားသူကြီးဟောင်း၏ဖြစ်စဉ်က အလွန် ကြက်ပင်သွေးဖွယ်ရာ ဆန်းစရာကောင်းလှသည်ကိုလည်း ခံစားမိလာလေသည်။

ယခု သူမသည် အလွန်ကြောက်စရာကောင်းသော လူ့အတိုင်းနှင့် ရင်ဆိုင်နေရသည်ကို မေ့လျော့နေ၏။

တရားသူကြီးဟောင်းအပေါ် ကရုဏာ သက်မိလာလေသည်။

သူမက သက်ပြင်းရှည်တစ်ချက် ချလိုက်လေသည်။

'အင်း....'

'တရားသူကြီးမင်း ကြုံတွေ့ခဲ့တဲ့အဖြစ်ဟာ အလွန်ကြက်သီးထစရာ ကောင်းပါတယ်။ ကျွန်မ ကိုယ်ချင်းစာနာမိပါတယ်'

တရားသူကြီးဟောင်းက ခေါင်းညိတ်လိုက်သည်။

'ကျေးဇူးတင်ပါတယ်'

လုလုချန်းက....

'ဒါနဲ့ တရားသူကြီးမင်းက ဝမ်ဝမ်ဆွေကို လက်စားချေ ဖြစ်ရဲ့လား'

တရားသူကြီးဟောင်းက သက်ပြင်းတစ်ချက် ချလိုက်သည်။

'လက်စားတော့ ချေဖြစ်ပါတယ်၊ ဒါပေမယ့် သူ့ရဲ့ယုတ်မာမှုကို ဘယ်သူကမှ မယုံကြည်ဘူး။ အားလုံးက သူ့ကိုအပြစ်မဆောင်တဲ့အပြင် ကျုပ်ကို လူဆိုးလူမိုက်တစ်ယောက်လို မြင်ပြီး ကျုပ်ကိုဝိုင်းပြီး ရန်ရှာကြတယ်ဗျ'

လူလုချန်းက....

'ဘယ်လိုရန်ရှာကြတာလဲရှင့်'

တရားသူကြီးဟောင်းက သက်ပြင်းတစ်ချက် ချလိုက်ပြီး စကားဆက်လိုက်သည်။

'အကြောင်းက ဒီလိုပါ၊ ကျုပ်က ဝူတန်းတောင်ပေါ်မှာ ဒုတိယဂိုဏ်းချုပ် ကျောင်းကျောင်းကျူ့ဆီမှာ သိုင်းပညာသုံးနှစ် သင်ပြီး ကျောင်းကျောင်းကျူကစိတ်ချရတော့မှကျုပ်ကို လက်စား ချေခွင့်ပြုလိုက်တယ်'

လုလုချန်းက....

'ရှင် ဝူတန်းတောင်ပေါ်က ဆင်းမလာတာနဲ့ဝမ်ဝမ်ဆွေဆီ သွားပြီး လက်စားချေတယ် ဟုတ်လား'



တရားသူကြီးက....

'ဟုတ်တယ်'

လုလုချန်းက....

'ဘယ်လိုလက်စားချေတယ်ဆိုတာ ပြောပြနိုင်ရင် ကျွန်မ သိချင်ပါတယ်'

တရားသူကြီးဟောင်းက သူမအား စိုက်ကြည့်လိုက်သည်။

'ဘာလဲ....သူ့ကိုကျုပ်က အဆစ်ဝင်ရောင် တိုက်ခိုက်တယ် ထင်နေလို့လား'

လုလုချန်းက....

'နို့မဟုတ်ဘူးလား'

တရားသူကြီးဟောင်းက ခေါင်းခါယမ်းလိုက်သည်။

'မဟုတ်ဘူး၊ ကျုပ်ကလေးကျော်ပဲ၊ သူ့ကို အတိအကောင်း နှိပ်ခေါ်လိုက်တာပဲ'

လုလုချန်းက....

'ဘယ်နေရာမှာချိန်းပြီး ယှဉ်ပြိုင်ကြတာလဲ'

တရားသူကြီးဟောင်းက....

'ထိုက်စန်းတောင်ထိပ်'

လုလုချန်းက....

'သူတစ်ယောက်တည်းလာသလား'

တရားသူကြီးဟောင်းက....

'မဟုတ်ဘူး၊ သူနဲ့ကိုယ်ရံတော်လေးယောက် ပါလာတယ်'

လုလုချန်းက....

'အဲဒီလေးယောက်ကို သူက အရံခေါ်လာတာလား၊ ရှင့်ကို တိုက်ခိုက်ဖို့ ခေါ်လာတာလား'

တရားသူကြီးဟောင်းက နှုတ်ခမ်းမဲ့လိုက်လေသည်။

'ဒီလူဟာ ညာဏ်လဲများတယ် ယုတ်လဲယုတ်တယ်'

လုလုချန်းက....

'ဘယ်လိုယုတ်မာတာလဲ'

တရားသူကြီးဟောင်းက....



'ကျုပ်က ဟိုရောက်တော့ သူကိုယ်တိုင် ကျုပ်ကိုမတိုက်ဘဲ သူ့လူလေးယောက်ကို ဝိုင်းတိုက်ခိုင်းတယ်'

လုလုချန်းက မျက်မှောင်ကုတ်သွားသည်။

'အဲဒါဖြစ်ဖြစ် ဒီလေးယောက်ကိုတော့ တရားသူကြီး နိုင်လိမ့်မယ်'

တရားသူကြီးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ဒါပေမယ့် သူတို့ကို အနိုင်ရပြီးတဲ့အချိန်မှာ ကျုပ်က အတော်ပင်ပန်းသွားပြီပေါ့၊ အဲဒီအချိန်ကျမှ သူက ကျုပ်ကိုတိုက်ပါလေရော'

လုလုချန်းက နှုတ်ခမ်းမဲ့လိုက်သည်။

'တော်တော်ယုတ်မာတဲ့လူပဲ'

တရားသူကြီးဟောင်းက....

'ကျုပ်က သူ့ကို ဘယ်နိုင်တော့မှာလဲ၊ အလူးအလိမ့်ခံခဲ့ရတယ်၊ တစ်ကိုယ်လုံးမှာလဲ ဒဏ်ရာအပြည့်ရလိုက်တယ်'

လုလုချန်း၏ မျက်လုံးအစုံသည် ဝိုင်းစက်လာလေသည်။

'ဟယ်... ဟုတ်လား နောက်တော့'

သူမှာ နားထောင်ရင်း အလွန် စိတ်ဝင်စားသွားသည်။

တရားသူကြီးဟောင်းက...

'ကံကောင်းထောက်မလို့ ကယ်တင်ရှင်တစ်ယောက် အချိန်မီ ရောက်လာလို့ပေါ့'

လုလုချန်းက....

'သူက ဘယ်သူလဲ'

တရားသူကြီးဟောင်းက....

'ချွေဟုန်'

■ ■ ■

ညနေခင်းတစ်ခုလုံး တိတ်ဆိတ်သွားပြန်လေသည်။

လုလုချန်းက တစ်ခဏအကြာ စဉ်းစားပြီးမှ မေးလိုက်လေသည်။

'ချွေဟုန်ဆိုတာ ဘယ်သူလဲ'



တရားသူကြီးဟောင်းက....

'ကျုပ်ကို ဝမ်ဝမ်ဆွေရဲ့လက်ထဲက ကယ်တင်ခဲ့တဲ့မိန်းကလေး ပေါ့'

လုလုချန်းက....

'ဆက်ပြောပါဦး'

တရားသူကြီးဟောင်းက....

'ကျုပ်ဟာ အလူးအလဲ ခံနေရတဲ့အချိန်မှာ ချွေဟုန်က အချိန်မီရောက်လာပြီး ဝမ်ဝမ်ဆွေကို အချိန်မီတားထားလိုက်ပါတယ်'

လုလုချန်းက...

'နောက်တော့ ဘာဖြစ်သွားလဲ'

တရားသူကြီးဟောင်းက....

'သူက ဝမ်ဝမ်ဆွေကို စီးပြီးတိုက်ခိုက်ရင်း ကျုပ်ကိုလွတ်အောင်ပြေးဖို့ အော်ပြောပါတယ်'

လုလုချန်းက...

'တရားသူကြီးမင်းက သူပြောသလို ထွက်ပြေးသွားသလား'

တရားသူကြီးဟောင်းက ခေါင်းခါယမ်းလိုက်သည်။

'မိန်းကလေးတစ်ယောက်ကို ထားပစ်ခဲ့ပြီး ကျုပ်က ထွက်ပြေးရမယ်ဆိုတော့ တရားပါ့မလား၊ ဒါကြောင့် ကျုပ်က သူ့စကားကို နားမထောင်ဘူး၊ ရှိသမျှအင်အားကိုစုစည်းပြီး သူနဲ့ ပူးပေါင်းတိုက်ခိုက်လိုက်တယ်'

လုလုချန်းက နားထောင်နေ၏။

တရားသူကြီးဟောင်းက...

'ကျုပ်အနေနဲ့ ဝင်ရောက်ကူပြီး တိုက်ခိုက်ပေမယ့် ဘာမှ အရာမရောက်ပါဘူးဗျာ၊ ချေဟုန်က ကျုပ်ကိုနောက်ဆုတ်ပြီး ထိုင်ခိုင်းထားပါတယ်၊ ဒါမှ သူက အာရုံစူးစိုက်ပြီး ဝမ်ဝမ်ဆွေနဲ့ရင်ဆိုင်နိုင်မယ်လို့ ပြောပါတယ်'

လုလုချန်းက ခေါင်းညိတ်လိုက်သည်။

'သူပြောတာမှန်ပါတယ်'

တရားသူကြီးဟောင်းက...

'ကျုပ်ကလဲ မတတ်နိုင်တော့တဲ့အတွက် သူတို့တိုက်ခိုက်နေတာကို ထိုင်ပြီးကြည့်နေရတော့တာပဲ'



လုလုချန်းက...

'သူက ဝမ်ဝမ်ဆွေနဲ့ ကြာကြာယှဉ်လို့ရပါ့မလား'

တရားသူကြီးဟောင်းက...

'သူနဲ့ကျုပ်နဲ့ သိုင်းပညာကို ဆက်ပြီး လေ့ကျင့်လာတာ သိုင်းပညာအတော်လေးတိုးတက်လာတယ်၊ ဒါကြောင့် သူဟာ ဝမ်ဝမ်ဆွေနဲ့ သိုင်းကွက်ပေါင်းငါးဆယ်အထိ ယှဉ်ပြိုင်နိုင်ခဲ့ပါတယ်'

သူသည် ပြောရင်း အသံများတိမ်ဝင်လာလေသည်။

သူ၏မျက်နှာပြင်တွင် မျက်ရည်များစီးဝဲလာသည်ကို တွေ့လိုက်ရလေသည်။

လုလုချန်းသည် တရားသူကြီးဟောင်း ဆက်လက်ပြောလာမည့်အကြောင်းကို စောင့်စားနားထောင်နေ၏။

အတန်ကြာတော့မှ တရားသူကြီးဟောင်း၏ မျက်လုံးအစုံသည် အဝေးသို့ အဓိပ္ပာယ်မဲ့စွာ လှမ်းကြည့်ရင်း ဆက်လက်ပြောပြလာသည်။

'တရားစင်ပြိုင် တိုက်ခိုက်မယ်ဆိုရင် ချေဟုန်ဟာ ရှုံးမလှ ခံ့နိုင်ရှုံးအကြောင်းရှိပါဘူး၊ ဒါပေမယ့် ခင်ထားရှပ်

ခေါင်းသားမျက်နှာဖုံးတပ်ဆင်ထားတဲ့ လူယိုတီမာ ဝမ်ဝမ်ဆေ့က ယောက်ျားပီပီ သိုင်းပညာနဲ့ယှဉ်ပြိုင်ပြီးအနိုင်မယူဘဲ ကောက်ကျစ်စဉ်းလဲတဲ့နည်းကိုအသုံးပြုပြီး ချွဲဟုန်ကိုအနိုင်ယူသွားလိုက်ပါတယ်'

လုလုချန်း မျက်မှောင်ကုတ်သွားလေသည်။

'ဘယ်လို...ချွဲဟုန်ရှုံးနိမ့်သွားတယ်ဟုတ်လား'

တရားသူကြီးဟောင်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ သူရှုံးသွားပါတယ်'

လုလုချန်းက....

'ဝမ်ဝမ်ဆေ့က အကောက်ကြံတယ်ဆိုတော့ ဘယ်လိုအကောက်ကြံတာလဲ'

တရားသူကြီးဟောင်းက....

'ဝမ်ဝမ်ဆေ့က ရုတ်တရက် နိုင်ဖို့မလွယ်မှန်း သိလိုက်တာနဲ့ သူဟာ တိုက်ခိုက်ရာမှ ရပ်တန့်သွားပါတယ်၊ နောက်ပြီး လိမ်ညာပြောလိုက်ပါတယ်'

လုလုချန်းက....

'ဘယ်လိုလိမ်ညာပြောလိုက်တာလဲ'



တရားသူကြီးဟောင်းက....

'သူဟာဆက်မတိုက်တော့ပါဘူး၊ ကျုပ်ကလဲ မသတ်တော့ပါဘူး၊ နှစ်ယောက်နဲ့နှစ်ယောက် ငြိမ်းချမ်းကြပါစို့လို့ မေတ္တာရပ်ခံလိုက်ပါတယ်'

လုလုချန်းက အနည်းငယ်သဘောပေါက်လာလေသည်။

'ချွဲဟုန်ကလက်ခံလိုက်တယ်ဟုတ်လား'

တရားသူကြီးဟောင်းက ခေါင်းညိတ်လိုက်သည်။

'သူဟာ ငယ်ရွယ်သူပါ၊ စိတ်ထားသန့်ရှင်းတယ်၊ မှန်မြတ်တယ်၊ လောကအပေါ်မှာ အလွန်ရက်စက်ပြီး ကောက်ကျစ်စဉ်းလဲတဲ့လူရှိပါသေးတယ်ဆိုတာ သူမသိပါဘူး၊ သိုင်းလောကအတွေ့အကြုံနည်းနေတော့ ဝမ်ဝမ်ဆေ့အချိုသတ်ပြီးပြောတဲ့စကားကို ယုံကြည်သွားမိတယ်'

လုလုချန်း၏ရင်ထဲတွင် သွေးများအနည်းငယ် ဆူပွက်လာလေသည်။

တရားသူကြီးဟောင်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

'ဝမ်ဝမ်ဆေ့ရဲ့စကားကို ယုံကြည်မိတဲ့အတွက် ချွဲဟုန်က သူ့ရဲ့စကားကိုယုံကြည်ပြီး ကျုပ်ဆီကို လာဖို့ညွှန်ပို့ပါတယ်၊

ကျုပ်ကတော့ ဝမ်ဝမ်ဆွေရဲ့ကောက်ကျစ်စဉ်းလဲမှုကို သိရှိထားတဲ့အတွက် ဘယ်ယုံကြည်နိုင်ပါမလဲ၊ ဒါကြောင့် ချွဲဟုန်ကို သတိထားပါလို့အော်ပြောလိုက်သေးတယ်'

လုလုချန်းသည် တရားသူကြီးဟောင်း မြေ့ခမြင်ပင် အခြေအနေကိုသိရှိလိုက်ရလေသည်။

'ဝမ်ဝမ်ဆွေက အစစ်တိုက်ခိုက်လိုက်တယ်မဟုတ်လား'

တရားသူကြီးဟောင်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ကျုပ်ကအော်ပြီးသတိပေးပေမယ့် နောက်ကျသွားပါတယ်၊ ဝမ်ဝမ်ဆွေရဲ့ဓားက ဝါးဘင်ဖက်မှာ ချွဲဟုန်ရဲ့ကျောပြင်ကို ရိုက်ချလိုက်ပါတယ်'

လုလုချန်းကနားထောင်ရင်း ဒေါသထွက်လာလေသည်။

တရားသူကြီးဟောင်းက စကားဆက်လိုက်သည်။

'ချွဲဟုန်ဟာ မမျှော်လင့်ဘဲခံလိုက်ရတဲ့အတွက် သူ့ရဲ့သား ငယ်တုန်းကကိုယ်ဟာ လွင့်စင်လဲကျသွားတာပေါ့၊ ပါးစပ်ကလဲ သွေးတွေဝေါခနဲအန်ထွက်လာတယ်'

တရားသူကြီးမှာပြောရင်း အသံများတုန်ယင်လာလေသည်။

ဝိုင်းလာသောမျက်ရည်များတို့သည် ထိန်းမရနိုင်တော့ဘဲ ပါးပြင်ပေါ်သို့စီးဆင်းကျလာလေသည်။



လုလုချန်းက ဆက်၍မမေးတော့ပါ။

မေးရန်လည်းလိုတော့မည်မဟုတ်ပါ။

လုလုချန်းက နားထောင်ရင်း သူမ၏ရင်ထဲတွင် လှိုက်လှဲစွာခံစားလိုက်ရလေသည်။

လူကြီးလူကောင်းအသွင် ဟန်ဆောင်ထားသော လူယုတ်မာသည် မည်မျှ ကြောက်မက်ဖွယ်ရာကောင်းသည်ကို သူမက ကောင်းစွာသိရှိလာလေသည်။

အတန်ကြာသောအခါမှ သူမကမေးလိုက်သည်။

'ချွဲဟုန်သေသွားတယ်ဟုတ်လား'

တရားသူကြီးဟောင်း ခေါင်းညိတ်လိုက်သည်။

လုလုချန်းက....

'တရားသူကြီးမင်းကော ဘယ်လိုလုပ်အသက်ရှင်ပြီး လွတ်အောင်ပြေးလာနိုင်တာလဲ'

တရားသူကြီးဟောင်းက....

'ချွဲဟုန်လဲကျသွားတဲ့အခါမှာ ဝမ်ဝမ်ဆွေက အားရပါးရ ရယ်မောပြီး သူ့ဆီကိုလျှောက်သွားပြီး ငုံ့ကြည့်လိုက်တယ်။ အဲဒါဟာ သူ့ရဲ့ဟာကွက်မှားဖြစ်သွားပါတယ်'

သူက စကားဆက်လိုက်သည်။

'သူဟာ ချေဟုန်နဲ့ရင်ဆိုင်ခဲ့ဖူးတယ်၊ ချေဟုန်ဟာ ဘယ်လောက်ညာဏ်များတယ်ဆိုတာ သူကိုယ်တိုင်ခံခဲ့ရတယ်၊ အဲဒါကို သူကသတိရမိဘူး၊ သူကအဘွင်းအားတွေကို သူ့ရဲ့လက်ဝါးပေါ်ကစုပြီ ရိုက်လိုက်တဲ့အတွက် ချေဟုန်ဟာ ဘယ်လိုမှ အသက် မရှင်နိုင်တော့ဘူးဆိုတာကို သူကထင်မှတ်ထားတယ်၊ ဒီအမှားဟာ သူ့အတွက် တာဝနိဂုံးချုပ်သွားတဲ့အမှားတစ်ခု ဖြစ်သွားပါတယ်'

လုလုချန်းက စိတ်ဝင်စားစွာနားထောင်နေ၏။

တရားသူကြီးဟောင်းအသံသည် အနည်းငယ်တက်ကြွလာလေသည်။

'သူကငုံ့အကြည့်မှာ ခလှုပ်ယှက်လဲလျောင်းနေတဲ့ချေဟုန်ရဲ့ လက်တစ်ချက်မြောက်လိုက်တယ်၊ နောက်ပြီ၊ ဝမ်ဝမ်ဆွေရဲ့ ခန္ဓာကိုယ်ဟာ နောက်ကို ခြေသုံးလှမ်းခန့် ဆုတ်သွားပြီ၊ လဲကျသွားတာကို ကျုပ်ကမြင်တွေ့လိုက်ပါတယ်၊ သူ့ရဲ့ရင်ဝမှာ ဓားတစ်လက်စိုက်ဝင်နေတာကိုတွေ့ရတယ်၊ တစ်ချက်တည်းနဲ့ အသံတောင်မထွက်နိုင်အောင် ပစ်လိုက်တဲ့ပညာမျိုးပါပဲ'

သူ၏ မျက်နှာတစ်ခုလုံးမှာ အနည်းငယ်ပြုံးယောင်သမ်းလာလေသည်။



'အဲဒီအချိန်မှာ ဝမ်ဝမ်ဆွေရဲ့တပည့်လေးယောက်က ကျုပ်တို့ကိုထတ်ပြီး သူ့ဆရာအတွက် လက်စားချေဖို့ ရောက်လာကြပါတယ်၊ သူတို့ဟာ ချေဟုန်ဆီကိုချဉ်းကပ်လိုက်တာနဲ့ ချေဟုန်က လဲလျောင်းနေရာက လက်နှစ်ဖက်စလုံးလှုပ်ရှားလိုက်တာကို တွေ့မြင်လိုက်တယ်၊ အဲဒီလူ လေးယောက်စလုံးဟာလဲ ရှေ့ဆင့်နောက်ဆင့် လဲကျသွားတာပါပဲ'

လုလုချန်းက မေးလိုက်လေသည်။

'ချေဟုန်က ဓားနဲ့ ပေါက်လိုက်တာလား'

တရားသူကြီးဟောင်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ သူတို့လဲကျသွားတော့မှ သူတို့ရင်ဝတွေမှာ ဓားတစ်လက်စီစိုက်နေတာကို တွေ့မြင်လိုက်ရတော့တယ်'

လုလုချန်းက မျက်မှောင်ကုတ်သွားသည်။

'ချေဟုန်ရဲ့ ဓားပေါက်တဲ့ပညာဟာ ကြောက်စရာကောင်းလှချည်လား'

တရားသူကြီးဟောင်းက ခေါင်းညိတ်ပြလိုက်လေသည်။

'ဟုတ်တယ်၊ ကျုပ်က သူ့ဆီကို လှေးဖက်ထောက်ပြီး ရောက်အောင် သွားလိုက်တယ်၊ သူက ငါ့ကို ပြုံးပြနေသေးတယ်'

သူသည် ယင်းသို့ပြောရင်း ထိုင်ရာမှ ထ လိုက်ပြီး တံခါး ရှိရာသို့ လျှောက်သွားလေသည်။

ထို့နောက် ကောင်းကင်ပေါ်သို့ မော့ကြည့်ရင်း စကား ဆက်လိုက်ပြန်သည်။

'ကျုပ်ရဲ့ရင်ထဲမှာ ဘယ်လိုခံစားနေရသလဲဆိုတာ မင်း စဉ်းစားကြည့်၊ သိနိုင်ပါတယ်'

သူက သက်ပြင်းတစ်ချက်ချလိုက်ပြီး အသံတိုးတိုးဖြင့် ခေါ်လိုက်လေသည်။

'ချွဲဟုန်…ချွဲဟုန်ရယ်'



'ချွဲဟုန်….ချွဲဟုန်ရယ်'

ပေါက်လုံသည် ဝမ်းနည်းကြေကွဲမှုများ ခံစားရင်း တိုးတိုး ညင်ညင် ခေါ်လိုက်ခြင်းဖြစ်လေသည်။

ချွဲဟုန်က သူ့အား ပြုံးပြလိုက်သည်။

'အစ်ကို…လူယုတ်မာကို ချွဲဟုန်က ရှင်းပေးလိုက်ပြီလေ၊ ဝမ်းမသာဘူးလား'

ပေါက်လုံက ခေါင်းတွင်တွင် ခါယမ်းလိုက်သည်။

'အစ်ကို ဝမ်းမသာနိုင်ပါဘူး'

ချွဲဟုန်က….

'ဘာဖြစ်လို့လဲ... အစ်ကိုရယ်'

ပေါက်လုံက....

'ဟိုလူယုတ်မာရဲ့အကျက်ချက်နဲ့ မင်းရဲ့ ဒဏ်ရာဟာ...'

သူက ဆက်မပြောနိုင်တော့ပေ။

ပြောလည်း မပြောရက်ပါ။

ချွေဟုန်က ...

'ဒါတွေ မပြောပါနဲ့တော့၊ ကျွန်မ စိတ်မချမ်းသာစရာ စကားတွေကို မကြားချင်ဘူး'

ပေါက်လုံက....

'မင်း... မကြားချင်လဲ မပြောတော့ပါဘူး'

ချွေဟုန်က...,

'ကျွန်မ တစ်ခုပြောချင်ပါတယ်၊ အစ်ကို လက်ခံပါမလား၊'

ပေါက်လုံက....

'တစ်ခု မဟုတ်ဘူး၊ မင်းပြောသမျှကို အစ်ကို လက်ခံပါ့မယ်'



ချွေဟုန်က....

'ကျွန်မ ပြောလိုက်ရင် အစ်ကိုက ကျွန်မကို အရှက်မရှိတဲ့ မိန်းကလေးတစ်ယောက်လို့ ပြောမှာလားဟင်'

ပေါက်လုံက....

'ဘာဖြစ်လို့ ပြောရမှာလဲ ချွေဟုန်ရယ်... ပြောစမ်းပါ၊ ဘာပြောချင်လို့လဲ'

ချွေဟုန်က သူ့အားစိုက်ကြည့်လိုက်သည်။

'အစ်ကို စိတ်မဆိုးရဘူးနော်'

ပေါက်လုံက ခေါင်းခါယမ်းလိုက်သည်။

'စိတ်မဆိုးပါဘူးကွယ်'

ချွေဟုန်က ဆက်ပြင်းတစ်ချက် ချလိုက်လေသည်။

'ကျွန်မဟာ မိဘမဲ့တဲ့ မိန်းကလေးတစ်ယောက်ပါ၊ ကျွန်မ မိဘတွေဟာ အစ်ကို့လို မင်းသားမျက်နှာဖုံး တပ်ဆင်ထားတဲ့ လူယုတ်မာတွေရဲ့ လက်ချက်ကြောင့် ကွယ်လွန်သွားပါပြီ၊ ဝူတန်း တောင်က ဆရာကျင်းကျင်းကျူ ကျေဇူးကြောင့် ဝူတန်း တောင်ပေါ်ကို ရောက်ရှိလာပါတယ်၊ ဆရာကျင်းကျင်းကျူ ဟာ ကျွန်မကို သမီးတစ်ယောက်သဖွယ် တပည့်တစ်ယောက်

တစ်ဖုံ ပြုစုခဲ့ကျေးဇူးခဲ့တယ်၊ သိုင်းပညာကိုသင်ကြားပေးခဲ့တယ်၊ ဒါပေမယ့် ကျွန်မဟာ ဦးခရှည် ရောက်လာတဲ့အထိ အယ်သူ တစ်ဦးတစ်ယောက်မှ ယုယကြင်နာခြင်း မရှိခဲ့ဘူး၊ အဖော် မလုပ်ကြဘူး၊ ကျွန်မကိုတွေ့ရင် မျက်နှာရှုံ့သိုးသိုးနဲ့တစ်မျိုး ဆက်ဆံခံနေရတဲ့အဘွား ကျွန်မဟာ အသိုးကျွန်ကလေးနဲ့ ကြီးပြင်း လာရပါတယ်၊ ကံတရားသာ ဘာမှ မပြောတတ်ဘူး၊ အစ်ကိုနဲ့ တွေ့ဆုံပြီးတဲ့နောက်မှာ အစ်ကိုဟာ ကျွန်မအပေါ် ယုယကြင်နာ တယ်၊ အမှီသိုဟ်တယ်၊ အစစအရာရာ သွန်သင်ဆုံးမတယ်၊ ကူညီတယ်၊ ဒါကြောင့် ကျွန်မရဲ့ဘဝဟာ အဓိပ္ပာယ်ရှိလာ တယ်၊ စိတ်ချမ်းသာလာတယ်၊ အို .. ကံကုန်ခဲ့ပြီဆိုရင် အစ်ကို့ကို တွေ့ပြီးတော့မှ အမှားကြီးဟာ အလွန်လှ ပြီး ချစ်စရာကောင်းတယ်လို့ ခံစားမိလာရပါတော့တယ်’

သူမသည် ရှည်လျားစွာပြောပြလိုက်သောကြောင့် အနည်း ငယ် မောဟိုက်လာသေးသည်။

ပေါက်လုံး၏ ရင်ထဲတွင် ဖော်မပြနိုင်သော ခံစားမှုများ တလိပ်လိပ် တက်လာလေသည်။

သူသည် မျက်ရည်များ ကျဆင်းမလာစေရန် စိတ်ကိုထိန်း ချုပ်ထားလိုက်လေသည်။

ချွေဘုန်းက သူ့အားပြုံး၍ ဆိုက်သည်။

‘အစ်ကိုမခွန်ပြောရမယ်နေ့၊ အစ်ကိုကျွန်မကိုချစ်သလား’



ပေါက်လုံက ခေါင်းညိတ်ပြလိုက်သည်။

ချွေဘုန်းက—

‘ဒီလိုမရဘူးလေ၊ ပါးစပ်နဲ့ပြောပြမှ ကျွန်မယုံမယ်’

ပေါက်လုံက အံကြိတ်၍ပြုံးပြလိုက်လေသည်။

‘မင်းကို ငါသိပ်ချစ်ပါတယ်ကွယ်’

ချွေဘုန်းက—

‘ကျွန်မကိုတစ်ဘက်လုံး စောင့်ရှောက်မှာလားဟင်’

ပေါက်လုံက ခေါင်းညိတ်လိုက်သည်။

‘အခုအချိန်ကစပြီး မင်းနဲ့ငါနဲ့ဟာ ဇနီးမောင်နှံဖြစ်ပြီး အသက်ရှင်နေသလဲ ငါ့ရဲ့ဇနီး...’

သူ၏စကားမဆုံးမီ ချွေဘုန်းက စကားဆက်လိုက်သည်။

‘ကျွန်မသေသွားလဲ အစ်ကို့ရဲ့ဇနီး ဟုတ်တယ်နော်တီအေး’

ပေါက်လုံး၏ရင်ထဲတွင် မှောင်းသောနိမိတ်ပြသာအညိုကို တားမီလိုက်လေသည်။

သူက ခေါင်းညိတ်လိုက်သည်။

'မင်းမသေရဘူးချောဟုန်၊ မင်းကို ငါထမ်းပြီး လောကပေါ်မှာ ရှိသမျှ သမားတော်ကြီးကောင်းတွေဆီကို သွားပြီး ကုသပေးမယ်'

ချောဟုန်၏ မျက်နှာတစ်ခုလုံးမှာ ပြုံးယောင်သမ်းသွားလေသည်။

'အစ်ကို့စကားကို ကြားလိုက်ရတဲ့အတွက် ကျွန်မသေရမှာကို မကြောက်တော့ပါဘူး'

ချောဟုန်က နှစ်ကြိမ်တိတိ သေသည့်စကားပြောလိုက်သည်ကို ကြားမိလိုက်သောပေါက်လုံသည် အသည်းအူများအစိတ်စိတ် အပိုင်းပိုင်း ပြတ်ကျသွားသည့်အလား ခံစားလိုက်ရလေသည်။

သူမသည် ပေါက်လုံအား မော့ကြည့်လိုက်သည်။

'အစ်ကိုက ထ,ထိုင်နိုင်သေးဟင်'

ပေါက်လုံက ခေါင်းညိတ်လိုက်ပြီး ထလိုက်သည်။

ချောဟုန်က....

'အစ်ကို့ရင်ခွင်ထဲမှာ ကျွန်မတစ်ရေးလောက်အိပ်ချင်တယ်'



ပေါက်လုံက ခေါင်းညိတ်လိုက်ပြီး သူမအား ရင်ခွင်ထဲသို့ ပွေ့ချီပိုက်လေသည်။

ချောဟုန်က မျက်လွှာချလိုက်လေသည်။

သူ၏မျက်နှာတစ်ခုလုံးမှာ ကျေနပ်ပျော်ရွှင်သည့် ပြုံးယောင်များ သမ်းနေ၏။

ပေါက်လုံက ချောဟုန်အား တင်းကျပ်စွာ ပွေ့ပိုက်ထားလိုက်သည်။

သူ၏ရင်ထဲမှာမူ လှိုင်းတံပိုးထန်သည့်ပမာ ပွက်လောရိုက်ခတ်နေသည်။

ချောဟုန်က မျက်လွှာပင့်လိုက်လေသည်။

'မေ့လိုက်ဘာ အစ်ကိုရယ်၊ ကျွန်မရဲ့ကျောပေါ်က အိတ်ကလေးကို ဖြုတ်လိုက်စမ်းပါ'

ပေါက်လုံက သူမကျောပေါ်၌ လွယ်ထားသော အိတ်ကလေးကို ဖြုတ်လိုက်လေသည်။

ယင်းအိတ်ကလေးသည် အနည်းငယ် ဖောလုံးနေသည်ကို ခံစားလိုက်ရလေသည်။

ချောဟုန်က....

'အိတ်ကို ဖွင့်လိုက်ပါ၊ အထဲမှာဆိတ်သားရေနဲ့ ရေးသား ထားတဲ့ ပုရပိုက်တစ်ခုရှိတယ်၊ ထုတ်ယူလိုက်စမ်းပါ'

ပေါက်လုံက နှိုက်ယူလိုက်လေသည်။

ချွဲဟုန်က—

'အဲဒီပုရပိုက်ဟာ ဆရာကျင်းကျင်းကျူက ကျွန်မအတွက် အထူးသင်ကြားပေးလိုက်တဲ့ အသက်ကယ် ဓားပေါက်ပညာ ကျမ်း ဖြစ်ပါတယ်၊ အဲဒီဓားပေါက်ပညာကို အသုံးပြုတဲ့အခါ မှာ အိတ်ထဲမှာပါရှိတဲ့ဓားကလေးအတိုင်း အထူးမှာကြား ပြု လုပ်ရမှ အစွမ်းထက်ပါတယ်'

ပေါက်လုံက အိတ်ထဲမှ ဓားကလေးကို ယူကြည့်လိုက်ရာ ဓားငယ်အရွယ်ဖြစ်သည်။

ဓားမှာ အလွန်ထက်မြက်ပြီး အခြားဓားများနှင့်မတူဘဲ ပုံစံက ထူးခြားနေ၏။

ချွဲဟုန်ကပြုံးပြလိုက်သည်။

'ဒီပုရပိုက်နဲ့ဓားကို အစ်ကို သိမ်းထားလိုက်ပါ၊ ကျွန်မ အသုံးမလိုတော့ပါဘူး'

ပေါက်လုံ၏ရင်ထဲတွင် လှိုက်လှဲစွာ ခံစားလာရပြန်လေ၏။



ချွဲဟုန်က—

'အစ်ကိုက ဒီပုရပိုက်ကိုကြည့်ပြီး ဓားကိုလေ့ကျင့် တတ် မြောက်တဲ့အခါမှာ အထူးသတိပြုရမှာက ဓားဟာ အသက် ကယ်တဲ့ပညာပါတယ်၊ လူသတ်တဲ့ပညာ မဟုတ်ဘူး၊ ဒါကြောင့် အသက်အန္တရာယ်နဲ့ ကြုံမတွေ့တဲ့အခါမှာ ဘယ်တော့မှ မသုံးရ ဘူး၊ လွဲမရှောင်သာလို့သုံးတဲ့အခါမှာလဲ တစ်ဖက်လူမှာအဖြစ် မဲ့တဲ့လူ မဖြစ်စေရဘူး၊ ဒါကိုတော့ အစ်ကိုကတိပေးရလိမ့်မယ်'

ပေါက်လုံက ခေါင်းညိတ်လိုက်သည်။

'မိန်းမရယ်… အစ်ကို ကတိပေးပါတယ်'

ချွဲဟုန် မျက်နှာတစ်ခုလုံး ပြုံးယောင်သမ်းသွားလေသည်။

'ဝမ်းသာလိုက်တာ အစ်ကိုရယ်၊ ဘယ်လိုဝမ်းသာရမှန်း တောင် မသိဘူး'

သူမသည် ပေါက်လုံအား တစ်ချက်ကြည့်၍ပြုံးပြလိုက်သည်။

'အစ်ကိုရယ် ကျွန်မအိပ်ချင်လိုက်တာ၊ မျက်လုံးလဲ ဖွင့်လို့ ရတော့ဘူး၊ ကျွန်မ ခဏအိပ်လိုက်ဦးမယ်နော်'

ပေါက်လုံက ခေါင်းညိတ်ပြလိုက်သည်။

သူသည် ချွဲဟုန်၏ လှပသော မျက်နှာကို ကြည့်ရင်း သူမ၏ ရှုပ်ပွနေသော ဆံပင်များကို လက်ဖြင့်သပ်ပေးနေ၏။

သို့သော် ချွေဟုန်၏ခန္ဓာကိုယ်သည် တဖြည်းဖြည်းအေးစက်လာသည်ကို သိရှိရလေသည်။

သူက ရင်ထိတ်သွားသည်။

ချွေဟုန်အား သေသေချာချာကြည့်လိုက်ရာ သူမမှာ အသက်မရှိတော့သည်ကို သိရှိရလေသည်။

'ချွေဟုန်....'

ပေါက်လုံး၏ ရင်ကွဲမတတ် အော်လိုက်သော အသံသည် တောတောင်တစ်ခုလုံး ပဲ့တင်ထပ်သွားလေတော့သည်။

## ဘဝနာကြည်းခြင်း

ဝန်းကျင်တစ်ခုလုံးသည် တိတ်ဆိတ်ခြင်းမှာ တိတ်ဆိတ်နေ၏။

လေထုများသည် ရပ်တန့်သွားသည့်အလားထင်မိလေသည်။

နေရောင်ခြည်ကျဲကျဲအောက်တွင် လူလူချန်းသည် ခြေလက်များ အေးစက်သွားသည်ဟု ခံစားမိလေသည်။

တရားသူကြီးပေဟာဝ်း၏ မျက်နှာတစ်ခုလုံးမှာ ညှိုးနွမ်းသွားသည်ဟု ထင်မိလေသည်။

သူ၏မျက်ဝန်းအစုံတွင် မျက်ရည်များ ဝဲလျက်နေ၏။

အကယ်၍သာ သူကိုယ်တိုင် လူသတ်သမားဟု ဝန်ခံပြောဆိုခြင်း မပြုလျှင် မည်သူကမှ သူ့အား ထင်မှတ်မည်မဟုတ်ပါ။

အလွန်သနားဖွယ်ရာကောင်းသော ကံဆိုးသူတစ်ယောက်ဟု ထင်မှတ်ကြမည်သာ ဖြစ်လေသည်။

အတန်ကြာတော့မှ လုလုချန်းက သက်ပြင်းရှည် တစ်ချက်ချလိုက်သည်။

'တရားသူကြီးမင်းရဲ့ဘဝဟာ နာကြည်းခြင်း ဖြစ်မယ်ဆိုလို့ နာကြည်းစရာပါပဲလား'

တရားသူကြီးဟောင်း၏ မျက်နှာသည် ခက်ထန်သုန်မှုန်လာလေသည်။

သူ၏လက်တစ်ဖက်သည် လက်သီး ကျစ်ကျစ်ပါအောင် ဆုပ်ထားလေသည်။

'ဟုတ်ပါတယ်၊ အဲဒီအချိန်ကစပြီး သိုင်းလောကမှာ လူတော်လူကောင်း၊ ဗန်းပြီးတော့ နောက်ကွယ်မှာ ရက်ရက်စက်စက် လူသတ်တယ်၊ လုယက်တယ်၊ မတရားမှုပြုနေတဲ့လူများကို စုံစမ်းဖော်ထုတ်ပြီးပြစ်ဒဏ်ပေးမယ်လို့ ကျုပ်ကသန္နိဋ္ဌာန်ချမှတ်လိုက်ပါတယ်'

လုလုချန်းက ခေါင်းညိတ်လိုက်သည်။



'သိုင်းလောကမှာ သိုင်းတရားသူကြီး ဆိုတဲ့ ပုဂ္ဂိုလ်တစ်ယောက် ထွက်ပေါ်လာနေတယ်လို့ ကျွန်မ သတင်းကြားခဲ့ပါတယ်၊ ဓားကိစ္စနဲ့ပတ်သက်ပြီး သိုင်းလောကတစ်ခုလုံးက စိတ်ဝင်စားကြတယ်၊ အဲဒီ သိုင်းတရားသူကြီးဆိုတဲ့ ပုဂ္ဂိုလ်ကို သုတ်သင်ရှင်းလင်းဖို့ သိုင်းလောကသားတချို့က ကြိုးပမ်းလာနေကြတာကိုလဲ ကျွန်မ ကြားသိခဲ့ရပါတယ်'

သူမက ပြုံး၍ သူ့အား ကြည့်လိုက်သည်။

'တရားသူကြီးမင်း မှတ်မိသလောက် လူဘယ်လောက်များများ ပြစ်ဒဏ်ပေးခဲ့ပြီးပြီလဲ'

တရားသူကြီးဟောင်းက အနည်းငယ် စဉ်းစားလိုက်လေသည်။

'လူတော်လူကောင်း အတုအယောင်ဆောင်တဲ့ ထိပ်သီးသိုင်းသမားငါးယောက်နဲ့ ရှေ့မှာ သူတော်ကောင်းဗန်းပြပြီး နောက်ကွယ်မှာ လူသတ်မှု ကျူးလွန်တဲ့ သိုင်းပုဂ္ဂိုလ်တွေ နှစ်ဆယ်ဝန်းကျင်လောက် ရှိလိမ့်မယ်လို့ ထင်မိပါတယ်'

လုလုချန်းက...

'မနည်းပါလား'

တရားသူကြီးဟောင်းက...

လှ ... စာပေ
မှတ်ပုံ ၁၅/၁၃၈၊ ...
... ၄ ...

'မများပါဘူး၊ နည်းတောင်နည်းပါသေးတယ်'

လုလုချန်းက...

'တရားသူကြီးမင်း၊ သူတို့ကို သတ်ဖြတ်ဖို့ ကြံစည်တဲ့အခါမှာ ချွေဘုန်ဆီက တတ်ထားတဲ့ ဓားပညာကို အသုံးပြုလိုက်တာလား၊'

တရားသူကြီးဟောင်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ကျုပ်က ချွေဘုန် အတွက် လက်စားချေတဲ့ အခုနဲ့ လူသတ်တဲ့အခါမှာ သူ သင်ပေးတဲ့ ဓားပညာနဲ့ အသုံးပြုတာ များပါတယ်၊ ဒါပေမယ့် လူသတ်တိုင်း ဒီဓားပညာကို အသုံးပြုတာတော့ မဟုတ်ပါဘူး'

လုလုချန်းက....

'အခု တရားသူကြီးမင်းက ကျွန်မကို မဖုံးမကွယ်ပြောတဲ့ ရည်ရွယ်ချက်က ဘာလဲဆိုတာ ကျွန်မ သိချင်ပါတယ်'

တရားသူကြီးဟောင်းက လုလုချန်းချန်းအား စိုက်ကြည့်လိုက်သည်။

'ဒီလိုရှိပါတယ်၊ အခုနောက်ဆုံး ဒီအကြောင်းကို သိရှိတဲ့ လူဟာ မင်းနဲ့ငါ နှစ်ယောက်ပဲရှိတယ်၊ မင်းနဲ့ငါနဲ့ ဘာ သူ့အကိုယ်သေ ယှဉ်ရမှာပဲ၊ ဟုတ်တယ် မဟုတ်လား'



လုလုချန်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်၊ ပွင့်ပွင့်လင်းလင်း ပြောရမယ်ဆိုရင် ဘယ်သူကမှ သူများထက်မှာကို ယုံကြည်စိတ်ချပြီး ခိုကြမှာ မဟုတ်ပါဘူး'

တရားသူကြီးဟောင်းက ခေါင်းညိတ်လိုက်သည်။

'ဒါမှန်ပါတယ်၊ ဒါပေမယ့် မင်းက ငါ့ကိုနိုင်ဖို့ဆိုတာ အတော်လေး အလှမ်းဝေးပါသေးတယ်'

လုလုချန်းက....

'အတော်လေး အလှမ်းဝေးတယ်လို့ တရားသူကြီးမင်းက ဘယ်လိုလုပ် တတ်အပ်ပြောနိုင်တာလဲ'

တရားသူကြီးဟောင်းက....

'မင်းနဲ့ ဗိုလ်မှူးလေးရှေ့ခင်ဖုန်းနဲ့ တိုက်ခိုက်နေတာကို ငါ ဒီကနေ ထိုင်ကြည့်နေတယ်၊ မင်းရဲ့သိုင်းပညာ မဆိုးပါဘူး၊ ထိပ်တန်းအဆင့်လို့ မခေါ်နိုင်တောင် ထိပ်တန်းအဆင့်နီးနီး ရောက်နေပါပြီ၊ ဒါပေမယ့်...'

လုလုချန်းက...

'ဒါပေမယ့် ဘာဖြစ်သလဲ'

တရားသူကြီးဟောင်းက....

'ဒါပေမယ့် ယုံကြည်ပိုင်တို့ သိခိုင်တာယ်ဆိုတာ သိုင်းပညာတစ်ခု မှာပဲ မှုတည်သေးပါဘူး၊ ဉာဏ်နဲ့ ပရိယာယ်ကိုလဲ သည့်ပြီးတွက် ရပါလိမ့်မယ်၊ မင်းဟာ ဉာဏ်ပညာနဲ့ ပရိယာယ် အသွန်ကြွယ်ဝ တယ်လို့ ငါအကဲခတ်မိပါတယ်'

သူက စကားဆက်လိုက်လေသည်။

'ဒါပေမယ့် အတွေ့အကြုံ ကျတော့ မင်းမှာ နည်းပါသေး တယ်၊ ဘာပဲဖြစ်ဖြစ် ရှုံး သည်ပဲဖြစ်စေ၊ မရှုံး သည့် တဲ့ ဖြစ်စေ ငါ့ရဲ့ အကြောင်း အားလုံး ဖွင့်ဟ ပြောပြလိုက်တာ ဖြစ်ပါ တယ်'

လုလုချန်းက....

'ဆရာသူကြီးမင်း အခုလို ဘဝဇာတ်ကြောင်းစုံ ပြောပြတဲ့ ရည်ရွယ်ချက်က ဘာလဲဆိုတာ ကျွန်မ နားမရှင်းသေးပါဘူး'

တရားသူကြီးမင်းက...

'တကယ်လို့ မင်းဟာ သေသွားတယ်ဆိုရင် ငါ့အတော့ ငါ့ အလုပ်ကို ဆက်လုပ်မှာပဲ၊ တကယ်လို့ ငါ သေသွားတယ်ဆိုရင် ငါ့ရဲ့ဘဝဟာ နိဂုံးချုပ်သွားပြီပေါ့၊ ငါ့ရဲ့ ခါးသီးတဲ့ ဘဝ အကြောင်းကို မင်းကိုဖွင့်ပြောလိုက်တဲ့ အတွက် မင်းအနေ



နဲ့ဆင့် သိုင်းလောကတစ်ခုလုံးက သိုင်းဆရာသူကြီး၊ ဆိုတာ ဘယ်သူလဲ၊ သူက ဘာကြောင့် အခုလို လူသိုက် သတ်တယ်ဆို တာ ဖြစ်ရပ် အမှန်ကို သိသွားကြမှာ၊ ကျုပ်တာ စိတ်ဖောက်ပြန် ပြီး လူတွေ့တိုင်းသတ်တဲ့လူ သတ်ကောင်တစ်ကောင် မဟုတ်ဘူးဆို တာ သိရှိနားလည်သွားကြမယ် မဟုတ်လား'

လုလုချန်းက ခေါင်းညိတ်လိုက်သည်။

'စိတ်ချ တရားသူကြီးမင်း၊ ကျွန်မက ကံကောင်းလို့ အသက်ရှင်နေမယ်ဆိုရင် တရားသူကြီးမင်းရဲ့ဘဝဇာတ်ကြောင်း ကို အမှန်အတိုင်း သိုင်းလောကတစ်ခုလုံး နားလည်သိရှိသွား ရအောင် ကျွန်မ ပြောပြပါ့မယ်လို့ ကတိပေးပါတယ်'

တရားသူကြီးဟောင်းက ကျေနပ်စွာ ပြုံးလိုက်လေသည်။

'ကျေးဇူးတင်ပါတယ်'

လုလုချန်းက....

'တရားသူကြီးမင်းရဲ့ ဇာတ်လမ်းစုံကိုတော့ သိခွင့်ရရှိပြီး ပါပြီ၊ ကျွန်မတို့ကို ဇီကျွန်းပေါ်ကို မျှားခေါ်ပြီး လူကြီး မင်းက ဘယ်လိုအကွက်ချပြီး တစ်ယောက်ပြီးတစ်ယောက် သတ် ခဲ့တဲ့အကြောင်း တစ်ဆိတ်လောက် ရှင်းပြပါရှင်'

တရားသူကြီးဟောင်းက ခေါင်းညိတ်လိုက်လေသည်။

'ပြောမယ်....ပြောမယ်၊ ကျုပ်ရဲ့ပြောင်မြောက်တဲ့လက်ရာကို ပြောပြရင် ကျုပ်ရဲ့စိတ်ထဲမှာ ဘဝင်ကျမှာမဟုတ်ဘူး'

တရားသူကြီးဟောင်းက အနည်းငယ် စဉ်းစားလိုက်သည်။

'ကျုပ်ဟာ သိုင်းအောကတရားသူကြီးပီပီ အပြစ်ကျူးလွန်တဲ့ လူများရဲ့အကြောင်းကို လိုက်ပြီးစုံစမ်းလိုက်တဲ့အခါမှာ မင်း အပါအဝင် လူရှစ်ယောက်ကို တွေ့ရှိလိုက်တယ်၊ မင်းတို့ ရှစ်ယောက်ကို ဘယ်လိုသတ်ရမလဲဆိုတာ စဉ်းစားတဲ့အခါမှာ စိတ်ကူးတစ်ခု ပေါက်လာပါတယ်၊အဲဒီစိတ်ကူးကတော့ မင်းတို့ ရှစ်ယောက်ကို ဒီကျွန်းပေါ်မှာ မျှားခေါ်ပြီး တစ်ယောက်ပြီး တစ်ယောက်သတ်ဖို့ အစီအစဉ်ရေးဆွဲလိုက်တယ်၊ သုံးလအကြာ မှာ ကျုပ်က မင်းတို့ကိုသတ်ဖို့ အကောင်းဆုံး စီမံချက်တစ်ခုကို ရေးဆွဲနိုင်ခဲ့ပါတယ်၊ လိုအပ်တာတွေကို အားလုံးစီစဉ်ပြီးတဲ့ နောက်မှာ မင်းတို့ကို ဖိတ်ကြားစာပို့လိုက်တယ်လေ'

လုလုံချန်းက....

'ဟုတ်တယ်....ဆက်ပြောပါရှင်'

တရားသူကြီးဟောင်းက....

'မင်းတို့ ကျွန်းပေါ်အားလုံး ရောက်ရှိလာတဲ့ အခါမှာ ကျုပ်လဲ ဧည့်သည်စာရင်းထဲမှာ ပါတယ်ဆိုပြီး မင်းတို့နဲ့ ရောလိုက်တယ်ဆိုပါတော့'



လုလုချန်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့'

တရားသူကြီးဟောင်းက....

'ဒီကျွန်းပေါ် အခန့်ကြာလို့ဒီကဖြစ်ပျက်ခဲ့တဲ့ရာသီဥတုကို ကျုပ်က ကောင်းကောင်းခန့်မှန်းတတ်တယ်၊ ဘယ်နေ့ ဘယ် အချိန်ဟာ လေမုန်တိုင်းကျတတ်တယ်၊ ဘယ်အချိန်မျိုးဟာ ရာသီဥတုသာယာတယ်ဆိုတာ တွက်ချက်ရသေးတယ်ဗျ၊ ဘာ ဖြစ်လို့လဲဆိုရင် ကျုပ်ရဲ့ အစီအစဉ်ထဲမှာ ရာသီဥတုကို ထည့် တွက်လို့ မရဘူး'

လုလုချန်းက ခေါင်းညိတ်၍နားထောင်နေ၏။

တရားသူကြီးဟောင်းက စကားဆက်လိုက်သည်။

'မင်းတို့ ဒီကျွန်းပေါ် ရောက်လာခြင်း စိတ်ခံတတ် စစ် ဆင်ရေး အခန်းနဲ့ မင်းတို့ကျူးလွန်ခဲ့တဲ့ အပြစ်တွေကို ဖော်ထုတ် ပြထားတဲ့စာ ကြိုတင်ထားရှိခဲ့တယ်လေ၊ ပြီးတော့ နံရံပေါ်က ကဗျာရယ်၊ လူပုံကြွရုပ်ကလေးကို ရုပ်ရယ် စီမံသားတာဟာ မင်းတို့ရဲ့စိတ်ထဲမှာ ပိုပြီး ချောက်ချားလာစေအောင် အကွက်ဆင် ထားတာဖြစ်တယ်'

လုလုချန်းက ခေါင်းညိတ်လိုက်သည်။

'ဒါကို ကျွန်မလက်ခံပါတယ်'

တရားသူကြီးဟောင်းက....

'နောက်တစ်နေ့ဆိုရင်ပဲ ကျုပ်က လုပ်ငန်းစတော့မှာဖြစ်ပြီး ပထမအကြိမ် ထိုက်ရင်ကျောင်းကို တိုက်ခိုက်စဉ်တုန်းက လွယ်ပါတယ်၊ ဘာဖြစ်လို့လဲဆိုရင် အဲဒီအချိန်မှာ ဘယ်သူမှ အတိသိပြီး ထားကြမှာမဟုတ်ဘူးလေ'

လုလုချန်းက....

'ဒါကို ကျွန်မ ဝန်ခံပါတယ်၊ ဒါနဲ့ ထိုက်ရင်ကျောင်းကို ဘယ်လိုသတ်လိုက်တာလဲဆိုတာ ရှင်းပြပါဦး'

တရားသူကြီးဟောင်းက ခေါင်းညိတ်လိုက်သည်။

'စိတ်ချ၊ .. ရှင်းပြပါ့မယ်'

သူသည် အနည်းငယ်စဉ်းစားလိုက်ပြီးမှ....

'ဒီလိုကွယ့်၊ မင်းတို့ ကျွန်းပေါ်ရောက်လာပြီး အိမ်ကြီးတစ်ခုလုံးကို လှည့်ပတ်ရှာဖွေတဲ့အခါမှာ မြေအောက်ခန်းရောက်ရှိသွားပြီး လွတ်နေတဲ့ အခေါင်းကိုးလုံးကို တွေ့ခဲ့ကြတယ် မဟုတ်လား'

လုလုချန်းက ခေါင်းညိတ်လိုက်၏။



'ဟုတ်တယ်'

တရားသူကြီးဟောင်းက...

'အဲဒီအချိန်မှာ ကျုပ်က မင်းတို့အားလုံးကို အကဲခတ်ကြည့်လိုက်တယ်၊ မင်းတို့အားလုံးက နည်းနည်းတော့ ကြောက်ရွံ့နေကြပေမယ့် တုန်လှုပ်ချောက်ချားသွားတဲ့အထိတော့ မဖြစ်ပါဘူး၊ ထိုက်ရင်ကျောင်းတစ်ယောက်ပဲ မျက်စိပျက် မျက်နှာပျက်ဖြစ်နေတာကို တွေ့ရတယ်၊ ဒါဟာ ကျုပ်အတွက် အခွင့်ကောင်းတစ်ခု ရလာတာပေါ့ကွာ'

လုလုချန်းက....

'ဟုတ်ကဲ့....ဆက်ပြောပါဦး'

တရားသူကြီးဟောင်းက....

'အဲဒီည အိပ်ရာဝင်တဲ့အခါမှာ ကျုပ်က တိတ်တဆိတ် သူ့အခန်းကို သွားခေါက်တယ်၊ သူက တံခါးဖွင့်ပေးလို့ သူ့အခန်းထဲကို ဝင်ခဲ့တယ်'

လုလုချန်းက....

'တရားသူကြီးမင်းက အဲဒီအချိန်မှာ သူ့ကိုသတ်လိုက်တယ်ဟုတ်လား'

တရားသူကြီးဟောင်းက မေါင်းခါယမ်းလိုက်သည်။

'မဟုတ်ဘူး၊ ကျုပ်က သူ့ကိုမေးတယ်၊ ဒီကျွန်းပေါ်မှာ နေရတာ မကြိုက်ဘူးလား လို့၊ သူက ကြိုက်တာပေါ့လို့ ပြန်ပြောတယ်၊ ငါက ငါလဲ ကြိုက်တယ်၊ အတူတူ ထွက်ပြေးရအောင် ဆွဲဆောင်လိုက်တယ်၊ သူက သဘောတူတယ်၊ ဒါနဲ့ ကျုပ်က သူ့ကို မိုးမလင်းခင် သဲသောင်ပြင်မှာ စောင့်ပါလို့ မှာကြားခဲ့ပြီး ကိုယ့်အခန်းကိုယ်ပြန်လာပါတယ်'

လုလုချန်းက....

'ကျွန်မ နားလည်ပါပြီ၊ သူက မိုးမလင်းခင် သဲသောင်ပြင်မှာစောင့်နေလို့ တရားသူကြီးမင်းက သူ့ကိုသတ်ပြီး ချုံပုတ်ထဲမှာ ဝှက်ထားလိုက်တယ် မဟုတ်လား'

တရားသူကြီးဟောင်းက ခေါင်းညိတ်လိုက်သည်။

လုလုချန်းက....

'တရားသူကြီးမင်းက သူ့ကိုသတ်ပြီးပြန်အလာမှာ ဒြော်ခန်းက စကြွရုပ်ကို ရိုက်ခွဲလိုက်တယ်ဆိုပါတော့'

တရားသူကြီးဟောင်းက...

'ဟုတ်တယ်'



လုလုချန်းက...

'ဟုတ်ပါပြီ၊ အဲဒီပေါင်ဆိုဗိုင်ရှင်ဓလောက်ကြီးကို ဘယ်လို ထုတ်ခဲ့တယ်ဆိုတာလဲ ရှင်းပြပါဦး'

တရားသူကြီးဟောင်းက ပြုံးလိုက်လေသည်။

'သူ့ကို သတ်တုန်းကလဲ လွယ်ပါတယ်'

သူက စကားဆက်လိုက်သည်။

'အဲဒီညတုန်းက သူဟာ မီးဖိုဆောင်ထဲမှာ ထမင်းချက်နေပါတယ်၊ ကျုပ်ကသွားပြီး ကူညီချက်ပေးမယ်ဆိုပြီး ရောက်သွားပါတယ်၊ နောက်ပြီး ထင်းအခြောက်တွေကို စိုက်နေရင် တော်ကြာ ထင်းအခြောက်ကုန်သွားရင် ထမင်းချက်နိုင်တော့ ဖြစ်လိမ့်မယ်လို့ ကြိုတင် အခြောက်လှမ်းရအောင်ဆိုပြီး တိုက်တွန်းပေးလိုက်တယ်၊ ကျုပ်လဲ ဝိုင်းကူသယ်ပေးမယ်လို့ ပြောလိုက်ပါတယ်၊ သူကလဲ အလွန်သဘောကျသွားပါတယ်၊ ဒါနဲ့ နံနက်စောစော အောထဲမှာ ထင်းသွားခုတ်မလို့ ချိန်းလိုက်ပါတယ်'

လုလုချန်းက....

'ကျွန်မ သဘောပေါက်ပါပြီ၊ တရားသူကြီးမင်းက သူ့ကို တောအုပ်ထဲ စောစောခေါ်သွားပါတယ်၊ နောက်ပြီး သူ့အကိုထက်ရဲဘင်းကို လုပြီး သူ့ကို ခုတ်သတ်လိုက်တယ်မဟုတ်လား'

တရားသူကြီးက ခေါင်းခါယမ်းလိုက်သည်။

'မင်းပြောတာ တစ်ဝက်မှန်တယ်၊ တစ်ဝက်မှားနေတယ်'

လုလုချန်းက....

'ဘယ်ဟာမှန်ပြီး ဘယ်ဟာမှားသလဲ'

တရားသူကြီးဟောင်းက....

'ကျုပ်က သူ့ကိုစောစောစောခေါ်သွားတာမှန်တယ်၊ ဒါပေမယ့် သူ့ရဲ့ရဲတင်းကိုလုယူပြီးခုတ်သတ်တာမဟုတ်ဘူး၊ ကျုပ်က သူ့အလစ်မှာ သူ့ကို လက်ဝါးစောင်းနဲ့ ခုတ်လိုက်တယ်၊ သူ သတိမေ့လဲကျသွားတော့မှ သူ့ကို ပက်လက်အနေအထား ပြောင်းပြီး အားလုံးရဲ့စိတ်တွေ ချောက်ချားသွားရအောင် ကဗျာမှာပြဆိုထားတဲ့အတိုင်း ရဲတင်းနဲ့သူ့ခေါင်းကို ခုတ်သတ်လိုက်တယ်၊ နောက်ပြီး တိတ်တဆိတ်ပြန်လာပြီး ကိုယ့်အခန်းထဲဝင်နေလိုက်တာပေါ့'

လုလုချန်းက....

'ဒီမြင်း ကြေးရုပ်ကို ဘယ်သူ ရိုက်ခွဲလိုက်တာလဲ'

တရားသူကြီးဟောင်းက ပြုံးပြလိုက်သည်။



'ညအားလုံးအိပ်ရာဝင်ပြီးမှ ကျုပ်က တိတ်တဆိတ်ထပြီး ကြိုတင်ရိုက်ခွဲထားလိုက်တာလေ'

လုလုချန်းက ဆက်ပြီးတစ်ချက်ချလိုက်လေသည်။

'တတ်လည်းတတ်နိုင်ပါတယ် တရားသူကြီးမင်းရယ်'

တရားသူကြီးဟောင်းက သဘောကျစွာ ရယ်မောလိုက်သည်။

'လူတစ်ယောက်အသတ်ခံရရင် ကြေးရုပ်လေးတစ်ရုပ်အက်ကွဲသွားတယ်ဆိုတော့ အားလုံးစိတ်ချောက်ချားရောဖြစ်လာမယ်၊ ဒါပေမယ့် ဧည့်ခန်းမှာ ထားမယ်ဆိုရင် နောက်ထပ်ရိုက်ခွဲဖို့လွယ်မှာမဟုတ်တော့ဘူးလို့ သိလိုက်တယ်၊ ဒါကြောင့် ကျုပ်က သီးသန့်ခန်းမှာထားမယ်လို့ အကြံပြုတဲ့အခါမှာ အားလုံးက သဘောတူလက်ခံကြတယ်မဟုတ်လား'

လုလုချန်းက....

'ကောင်းလိုက်တဲ့အကြံပါပဲ၊ သီးသန့်ခန်းမှာ လျှို့ဝှက်တံခါး ရှိတယ်ဆိုတာ မသိခင်တုန်းကတော့ လူတစ်ယောက်သေရင် သော့ခတ်ပြီးထားတဲ့အခန်းမှာ ကြေးရုပ်တစ်ရုပ် အက်ကွဲသွားတာကိုတွေ့မြင်လိုက်တော့ ကျွန်မတို့မှာ အံ့ဩချောက်ချားသွားတာ အမှန်ပါပဲ'

တရားသူကြီးဟောင်းက ရယ်မောလိုက်လေသည်။

'စိတ်ချောက်ချားသွားရမယ်လေ၊ ဒီလိုစိတ်ချောက်ချားသွားမှသာ ကျုပ်ရဲ့အကြံအစည် အောင်မြင်ရမှာမဟုတ်လား၊'

လုလုချန်းက ခေါင်းညိတ်လိုက်လေသည်။

'ကဲပါရှင်...နောက် တစ် ယောက် ကို ဘယ် လို သတ် တဲ့ အကြောင်းလဲ ဆက်ပြီးရှင်းပြပါဦး'

တရားသူကြီးဟောင်းက...

'လူတစ်ယောက်ကိုသတ်မယ်ဆိုတာ သူ့ရဲ့အကျင့်စာရိတ္တကို ကြိုတင်လေ့လာထားဖို့လိုအပ်ပါတယ်၊ ငွေလခင်းလောင်းကစား ပိုင်ရှင် ချူရင်ထုံဟာ လောင်းကစားသမားပီသတယ်၊ သူ့အနိုင်ရမယ်ဆိုရင် ဘာမဆို လောင်းကစားတတ်တယ်၊ လိမ်နည်းမျိုးစုံနဲ့ သူ့ဆီကိုလာပြီး လောင်းကစားသူတွေဆီကငွေကို မတရားလိမ်ယူခဲ့တယ်၊ သူ့ကြောင့်လဲဆင်းရဲပြီး ထမင်းတောင်နပ်မှန်အောင် မစားနိုင်တဲ့ ဘဝရောက်သွားတဲ့ လူတွေဟာ ဒုနဲ့ဒေးပါပဲ၊ ငွေအလိမ်ခံရမှန်းသိလိုက်လို့ ယူကြုံးမရဖြစ်ပြီး ကိုယ့်ကိုယ်ကိုသတ်သေသွားတဲ့လူတွေလဲရှိခဲ့တယ်၊ ဒါကြောင့် ကျုပ်က သူ့ကိုသတ်ဖို့စီစဉ်တဲ့အခါမှာ သူ့အတတ်နဲ့သူစူးရအောင် ကျုပ်ကစီစဉ်ထားပါတယ်'

လုလုချန်းက...



'ဟုတ်ကဲ့၊ ဘယ်လိုစီစဉ်လိုက်တာလဲရှင်'

တရားသူကြီးဟောင်းက...

'ကျုပ်က သူနဲ့ လောင်းကစားလုပ်တယ်လေ၊ ဒီအောက်အေးတဲ့ဆောင်းဥတုတဲ့မှာ သူ့ရေထဲဆင်းပြီး ကူးရဲပါ့မလားလို့ စလိုက်တော့ သူက သူကူးရဲရင် ငွေဘယ်လောက်ပေးမလဲလို့ သူ့ရဲ့အကျင့်အတိုင်းလောင်းကစားဖို့ စိန်ခေါ်လိုက်တယ်လေ၊ ကျုပ်က ငွေတစ်သောင်းပေးမယ်လို့ လောင်းကြေးပေးလိုက်တော့ သူက လက်ခံသွားတယ်'

လုလုချန်းက မျက်မှောင်ကုတ်သွားလေသည်။

'ရေဆင်းကူးရုံနဲ့ ဘယ်လိုလုပ်သေနိုင်မှာလဲ၊ အလွန်ဆုံး အအေးမိပြီး ဖျားတာပဲဖြစ်မှာပေါ့'

တရားသူကြီးဟောင်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်၊ သူလဲဒါကိုသိထားတယ်၊ ဒါပေမယ့် သူမသိထားတာတစ်ခုကျန်ခဲ့လို့ အခုသေရတာ'

လုလုချန်းက...

'ဘာတစ်ခုကျန်ခဲ့လို့လဲ'

တရားသူကြီးဟောင်းက...

'ကျုပ်ဟာ ဆေးကြောထောက်ပညာ တတ်ထားတဲ့ သိုင်းပညာရှင်တစ်ယောက်ဆိုတာ သူမသိလိုက်လို့ပါ'

လုလုချန်း၏ လှပသောမျက်ဝန်းအစုံသည် ဝိုင်းစက်သွားလေသည်။

'တရားသူကြီးမင်းက သူ့ရဲ့ဆေးကြောကို ပိတ်လိုက်လို့လား'

တရားသူကြီးဟောင်းက ရယ်မောလိုက်သည်။

'ဟုတ်တယ်၊ ကျုပ်က သူ့ကိုအားပေးတဲ့သဘောနဲ့ သူ့ရဲ့ပခုံးကိုပုတ်ရင်း သူ့ကိုယ်ပေါ်မှာရှိနေတဲ့ ခွန်းထရက်သွေးကြောနေရာကို အနုတ်တမဲ့ ထောက်လိုက်ပါတယ်'

လုလုချန်းက ပါးစပ်ပိတ်ထားလိုက်လေသည်။

ခွန်းထရက်သွေးကြောအား ထောက်ပေးလိုက်လျှင် ခြေထောက်နှစ်ဖက်မှာ လုံးဝလှုပ်ရှားနိုင်မည် မဟုတ်တော့သည်ကို သူမကနားလည်ထားသောကြောင့် ဖြစ်လေသည်။

အတန်ကြာတော့မှ သူမသက်ပြင်းတစ်ချက်ချလိုက်သည်။

'သီးသန့်အခန်းထဲမှာ လျှို့ဝှက်တံခါးရှိတဲ့အတွက် ကြေးရုပ်ထင်ရှင်ကို တရားသူကြီးမင်းက အလွယ်တကူ ရိုက်ခွဲခဲ့ပေမယ့်



ကျွန်မတို့တစ်တွေ ပိုပိုပြီးစိတ်ချောက်ချားလာတာကို ခံလိုက်ရပါတယ်'

တရားသူကြီးမင်းက အားရပါးရရယ်မောလိုက်လေသည်။

'ဘယ်လိုအရေးမျိုးမဆို စိတ်ဓာတ်စင်ဆင်ရေးဟာ အခရာ အရေးပါအရာရောက်တယ်ဆိုတာ ကျုပ်ကောင်းကောင်းနားလည်ထားလို့ အခုလိုကိုယ်လုပ်ချင်တာတွေကို လုပ်နိုင်ခဲ့တာပါကွာ'

လုလုချန်းသည် အတန်ကြာ တိတ်ဆိတ်နေပြီးမှ...

'ဒါနဲ့ တရားသူကြီးမင်း၊ နှလုံးရောဂါကြောင့် ရုတ်တရက်သေဆုံးသွားတာကရော သမားတော်ကြီးနဲ့စည်းဝါးရိုက်ထားလိမ့်မယ်ထင်တယ်'

တရားသူကြီးဟောင်းက ခေါင်းညိတ်လိုက်သည်။

'မင်းဟာ အလွန်ဉာဏ်ကောင်းတဲ့မိန်းကလေးတစ်ယောက်ပါပဲ၊ နည်းနည်းလေးထောက်ပြလိုက်တာနဲ့ နားလည်သဘောပေါက်လွယ်တယ်'

သူက စကားဆက်လိုက်သည်။

'ဒီမှုခင်းတစ်ခုလုံးရဲ့သော့ချက်ဟာ အဲဒီမှာပဲရှိတယ်၊ ကျုပ်ကစသွားတယ်ဆိုတော့ ကျုပ်ကို ဘယ်သူကမှ ခေါ်ပြီးထဲမှာ

ထည့်ထားကြမှာ မဟုတ်တော့ဘူး၊ အဲဒီတော့ ကျုပ်ဟာ နောက်ကွယ်အလုပ်ချင်သလိုလုပ်ခွင့်ရသွားတာပေါ့ကွာ'

လုလုချန်းက ခေါင်းညိတ်လိုက်သည်။

'တရားသူကြီးမင်းကို ချီးကျူးပါတယ်'

တရားသူကြီးဟောင်းက ကျေနပ်စွာပြုံးလိုက်သည်။

'ကျုပ်ခံစားရမယ့်အခန်းဟာ အလွန်ကြီးတဲ့အခန်းဖြစ်တယ်၊ အကြံအထမြောက်အောင်မြင်ဖို့လဲ သခင်ကြီးပါမှ ဖြစ်မယ်၊ သူ့ကို ကိုယ့်ဘက်ပါလာအောင် စည်းရုံးထားရမယ် မဟုတ်လား'

လုလုချန်းက...

'ဒါတော့ဟုတ်တာပေါ့'

တရားသူကြီးဟောင်းက....

'ဒါကြောင့် ကျုပ်တို့က ဒီကျွန်းလေးပေါ်ရောက်တဲ့အချိန်ကစပြီး ကျုပ်က သူ့ကို စည်းရုံးနေခဲ့တာပေါ့'

လုလုချန်းက ခေါင်းညိတ်လိုက်သည်။



'ဒါကြောင့် တရားသူကြီးမင်းနဲ့သူနဲ့ တပူးတွဲတွဲဖြစ်နေတာ တရားသူကြီးမင်းက အကြံရှိနေတာကိုး'

တရားသူကြီးဟောင်းက ပြုံးလိုက်လေသည်။

'သူဟာ စစ်တုရင်အလွန်ဝါသနာပါမှန်း ကျုပ်ကသိထားတယ်၊ ဒါကြောင့် စစ်တုရင်ကို အသင့်ထားရှိပေးတာယ်၊ ဘယ်သူမဆို ဝါသနာချင်းတူရင် ရင်းနှီးဖို့ပိုပြီးလွယ်တယ် မဟုတ်လား'

လုလုချန်းက ရယ်မောလိုက်လေသည်။

'တရားသူကြီးမင်းက သိုင်းလောကတရားသူကြီးမလုပ်ဖြစ်ရင် စိတ်ပါရဂူဖြစ်ဖို့သင့်ပါတယ်'

တရားသူကြီးဟောင်းက ပြုံးလိုက်လေသည်။

'ကျေးဇူးတင်ပါတယ်ဗျာ'

လုလုချန်းက...

'ကဲ... ကျွန်မတော်တော် စိတ်ဝင်စားလာပြီ၊ ပြောပြပါတော့'

တရားသူကြီးဟောင်းက...

'လေမုန်တိုင်းကျတဲ့ညကို မင်းကမှတ်မိသေးမှာပေါ့'

လူလုချန်းက ရယ်မောလိုက်သည်။

'ဒီကျွန်းကအေးပေါ်မှာ လေမုန်တိုင်းခဏခဏကျနေတာပဲ၊ ဘယ်ညကိုဆိုလိုတာလဲ'

တရားသူကြီးဟောင်းက....

'ပထမဆုံးလေမုန်တိုင်းကျတဲ့ညမှာပေါ့၊ အဲဒီညမှာ အားလုံး စောစောပဲအိပ်ရာဝင်ကြတယ်လေ'

သူသည် အနည်းငယ်စဉ်းစားရင်း စကားဆက်လိုက်လေသည်။

'အဲဒီညမှာပေါ့'

* * *

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်၍နေ၏။



လူအများတို့သည် မိမိတို့အိပ်ခန်းထဲသို့ ဝင်ရောက်ပြီးအနားယူလျက် အိပ်စက်ကြပြီဖြစ်လေသည်။

လူရိပ်တစ်ခုသည် အိပ်ခန်းတစ်ခန်းမှ အခန်းတံခါးဖွင့်၍ ထွက်လာလေသည်။

ထို့နောက် အခန်းတံခါးကိုဆွဲပိတ်လိုက်ပြီး ဆက်လက်ရွေ့လျားလာလေသည်။

သူ၏လှုပ်ရှားပုံမှာ လူသားတစ်ယောက်နှင့်မတူဘဲ ဝိညာဉ်နှင့်တူလှပေသည်။

ထိုလူရိပ်သည် အခန်းတစ်ခန်း၏ တံခါးရှေ့တွင် ရပ်တန့်လိုက်သည်။

ယင်းအခန်းသည် အမားတော်ကြီး၏ အခန်းဖြစ်သည်။

အခန်းတံခါးမှာ မင်းတုပ်ချထားခြင်းမရှိဘဲ ပွင့်သွားလေသည်။

အခန်းထဲ၌ သခားတော်ကြီးသည် မအိပ်သေးဘဲ ဖယောင်းတိုင်ထွန်း၍ ထိုင်နေသည်ကို တွေ့မြင်လိုက်ရသည်။

ဖယောင်းတိုင်မီးရောင်ကြောင့် အခန်းထဲ ဝင်လာသူမှာ ဝိညာဉ်မဟုတ်ဘဲ တရားသူကြီးဟောင်း ဖြစ်နေသည်ကို တွေ့ရ

နေသည်။ တရားသူကြီးဟောင်းက အခန်းတံခါးကိုဆွဲပြီး ဖြန့်ပိတ်လိုက်ပြီး သမားတော်ကြီးရှေ့သို့ ထိုင်ချလိုက်လေသည်။

သမားတော်ကြီးက အသံတိုးတိုးဖြင့်...

'ကဲ... ဆိုစမ်းပါဦး၊ ဘာကိစ္စရှိလို့ ကျုပ်ကို ချိန်းထားရတာလဲ'

တရားသူကြီးဟောင်းက...

'တိုးတိုးပြောပါဗျာ... တော်ကြာ သူများကြားသွားပါဦးမယ်'

သမားတော်ကြီးက ပါးစပ်ပိတ်ထားလိုက်သည်။

တရားသူကြီးဟောင်းက...

'အခုကျုပ်တို့လူကိုးယောက်ထဲမှာ သုံးယောက်တော့အသတ်ခံလိုက်ရပြီ၊ အဲဒါကိုခင်ဗျားက ဘယ်လိုယူဆမိပါသလဲ'

သမားတော်ကြီးက ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်ဘယ်လိုမှ မယူဆတတ်ပါဘူး'

တရားသူကြီးဟောင်းက...



'ဒီကိစ္စ မလွယ်ဘူးနော်၊ လူသတ်သမားရဲ့ အကြံအစည်ဟာ ငါတို့လူစုကို တစ်ယောက်ပြီးတစ်ယောက် သတ်ဖို့စီစဉ်ထားတယ်ဆိုတာ သေချာနေပြီ'

သမားတော်ကြီးက ခေါင်းညိတ်လိုက်သည်။

'ဒါကိုတော့ ကျုပ်လည်းသိထားပါတယ်'

တရားသူကြီးဟောင်းက...

'ငါတို့က ဒီအတိုင်း သူလာသတ်မှာကို လည်စင်းခံနေရတော့မှာလား'

သမားတော်ကြီးက...

'ဘယ်သူက ခံချင်မှာလဲ၊ ဒါပေမယ့် လူသတ်သမားက ဘယ်မှာလဲ မသိဘူး၊ ကျုပ်လည်းမသိဘူး၊ ဘယ်သူမှလဲမသိကြဘူး'

တရားသူကြီးဟောင်းက...

'လူသတ်တရားခံ ဘယ်သူဘယ်ဝါ ဆိုတာ အတိအကျမပြောနိုင်ပေမယ့် ကျုပ်တို့ကိုးယောက်ထဲက တစ်ယောက်ယောက်ဖြစ်ရမယ်ဆိုတာ ကျုပ် တပ်အပ်ပြောရဲတယ်'

သမားတော်ကြီးက...

'ခင်ဗျားမှာ ဘာအထောက်အထားများ တွေ့ရှိထားလဲ'

တရားသူကြီးဟောင်းက...

'ဘာမှ မတွေ့ထားသေးပါဘူး။ ဒါပေမယ့် စဉ်းစားလို့ရတယ်'

သူက စကားဆက်လိုက်သည်။

'ခင်ဗျားက ကျုပ်နဲ့ ပူးပေါင်းမယ်ဆိုရင် လူသတ်တရားခံကို ကျုပ် မိအောင်ဖမ်းပြမယ်'

သမားတော်ကြီးက စိတ်ဝင်စားလာလေသည်။

'ဟုတ်ကဲ့ဗျာ၊ ကျုပ် စိတ်ဝင်စားလာပြီ၊ ခင်ဗျားနဲ့ ပူးပေါင်းကူညီပါ့မယ်'

တရားသူကြီးဟောင်းက...

'ဒီလူသတ်သမားကို ထုတ်ဖော်ဖို့ ကျုပ် အကြံတစ်ခုရထားတယ်၊ ဒီအကြံကို ကျုပ်တစ်ယောက်တည်းနဲ့မပြီးဘူး၊ ခင်ဗျား ပါမှ ဖြစ်မယ်'

သမားတော်ကြီးက...

'လူသတ်တရားခံကို ထုတ်ဖော်ဖမ်းဆီးနိုင်မယ်ဆိုရင် ဘာပဲ လုပ်ရလုပ်ရ ကျုပ် ကူညီပါ့မယ်'



တရားသူကြီးဟောင်းက သဘောကျသွားလေသည်။

'ခင်ဗျားအခုလို ကတိပေးတာ ကျုပ် ဝမ်းသာပါတယ်ဗျာ'

သမားတော်ကြီးက...

'ခင်ဗျားဆီက အကြံ ဘာလဲဆိုတာ ပြောပြပါဦးလေ'

တရားသူကြီးဟောင်းက ပြုံးပြလိုက်သည်။

'ပြောမှာပေါ့ဗျာ၊ ဒါပေမယ့် ခင်ဗျားက ကျုပ်ကို ကတိတစ်ခုပေးရမယ်'

သမားတော်ကြီးက...

'ပြောပါ၊ ကျုပ်က ဘာကတိပေးရမှာလဲ'

တရားသူကြီးဟောင်းက...

'အခု ကျုပ်ပြောပြမယ့်အကြံအစည်ကို ကျုပ်တို့နှစ်ယောက် အလွဲလို့ ဘယ်သူ့ကိုမှ မပြောမပြဘူးဆိုတာ ကတိပေးပါ'

သမားတော်ကြီးက ခေါင်းညိတ်လိုက်သည်။

'ကျုပ် ကတိပေးပါတယ်ဗျာ'

တရားသူကြီးဟောင်းက ခေါင်းညိတ်လိုက်သည်။

'ကောင်းပြီ…ကျုပ် ပြောပြပါမယ်'

သူသည် အနည်းငယ် စဉ်းစားပြီးမှ…

'မနက်ဖြန်ကစပြီး ကျုပ်အာ အရက်များများ သောက်မယ်။ ခင်ဗျားအာ ကျုပ်မှာ နှလုံးရောဂါရှိတယ်၊ အရက်မသောက်ရ ဘူးလို့ အားလုံးကြားအောင် ပြောရမယ်'

သမားတော်ကြီးအာ ခေါင်းညိတ်လိုက်သည်။

'ဒါ လွယ်ပါတယ်'

တရားသူကြီးဟောင်းက…

'ခင်ဗျားက ကျုပ်ကို အဲဒီလို ကြောခက သတိပေးပြောဆို တဲ့အခါမှာ အားလုံးက ကျုပ်မှာ နှလုံးရောဂါရှိမှန်း သိသွား ကြမယ်ဟုတ်လား'

သမားတော်ကြီးအာ ခေါင်းညိတ်လိုက်သည်။

'ဒါပေါ့…ဒါပေါ့…'

တရားသူကြီးဟောင်းက…

'အဲဒီလိုနဲ့ တစ်ရက်နှစ်ရက်အကြာမှာ ညနေခြအနေပေးသလို ကျုပ်အာ အိပ်ရာမထတဲ့ အခန်းထဲမှာပဲ နေမယ်'



သမားတော်ကြီးအာ မျက်မှောင်ကုတ်သွားသည်။

'ခင်ဗျားက အခန်းထဲမှာမထတဲ့ အိပ်နေမယ် ဟုတ်လား'

တရားသူကြီးဟောင်းအာ…

'အိပ်ပြီးနေမှာ မဟုတ်ဘူး၊ သေချင်ဟန်ဆောင်နေမှာ'

သမားတော်ကြီးအာ အံ့အားသင့်သွားလေသည်။

'သေချင်ဟန်ဆောင်ပြီး ဘာလုပ်ချင်လို့လဲ'

တရားသူကြီးဟောင်းအာ…

'ခင်ဗျားတို့ မနက်စာစားနေတုန်းမှာ ကျုပ်ရောက်မလာ ရင် ရဲမက်မှူးကတော့ သံသယဖြစ်လာမယ်၊ ကျုပ်ရဲ့အိပ်ခန်း ဆီ လာကြည့်ကြမယ်၊ ဒီလိုလာကြည့်တာနဲ့ ကျုပ် အခန်းထဲ လာကြမယ်၊ ကျုပ်ရဲ့ခန္ဓာကိုယ်ကို စစ်ဆေးတဲ့အခါနဲ့ ကြည့်ရှု ပြီးမှ ကျုပ်က နှလုံးရောဂါနဲ့ သေဆုံးကြောင်း ကြေညာလိုက် ပါ'

သမားတော်ကြီးအာ ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်သေသွားပါတယ်လို့ သူ့ကို ယုံကြည်အောင် နည်း တစ်မျိုးရှိပါတယ်'

သမားတော်ကြီးက....

'ခင်ဗျားဟာက ဘယ်နည်းလဲဗျ'

စာရေးသူကြီးဟောင်းက....

'ကျုပ်မှာ ရှားရှားပါးပါးရရှိတဲ့ ဆေးတစ်မျိုး ရှိတယ်ဗျ။ အဲဒီဆေးလုံးသောက်လိုက်ရင် သွေးခုန်နှုန်းအားနည်းသွားမယ်။ အသက်ရှူသံဟာလဲ သေချာမကြည့်ရင် မသိနိုင်ဘူး၊ အထူးသဖြင့် ခန္ဓာကိုယ်တစ်ခုလုံး ရေခဲလို အေးစက်လာမယ်၊ အဲဒီတော့ ရဲမက်မှူးက ကျုပ်သေနေပြီလို့ ယုံကြည်မှာပဲ'

သမားတော်ကြီးက....

'ဒီလိုဆို ခင်ဗျားက ဘယ်လိုလုပ် အသက်ပြန်ရှင်မှာလဲ'

စာရေးသူကြီးဟောင်းက....

'ဒီအတွက် မစိုးရိမ်ပါနဲ့၊ ဒီဆေးလုံးရဲ့ အာနိသင်ဟာ နှစ်ဆယ့်လေးနာရီပဲခံတယ်၊ နှစ်ဆယ့်လေးနာရီ ကျော်လွန်သွားတာနဲ့ ပကတိ လူကောင်းဖြစ်သွားမှာပါ'

သမားတော်ကြီးက မျက်မှောင်ကုတ်သွားလေသည်။

'ခင်ဗျား သေချာရဲ့လား၊ တော်ကြာ တကယ်သေသွားမှ ဖြင့်....'



စာရေးသူကြီးဟောင်းက....

'သေချာပါတယ်၊ မသေချာလဲ ကျုပ်ကံပေါ့ဗျာ၊ ဒီလို မစွန့်စားရင် လူသတ်တရားခံကို ဖမ်းမိနိုင်မှာ မဟုတ်ဘူး'

သမားတော်ကြီးက....

'အားလုံးက ခင်ဗျားကို သေသွားပြီလို့ ယုံကြည်ပြီးတဲ့အခါ ကျုပ်က ဘာဆက်လုပ်ရမှာလဲ'

စာရေးသူကြီးဟောင်းက....

'ခင်ဗျား ဘာမှ ဆက်လုပ်စရာ မလိုတော့ဘူး၊ ကျုပ်က မြေအောက်ခန်းထဲနေပြီး နေ့ဘက်မှာ အခေါင်းထဲမှာ အိပ်နေမယ်၊ ညဘက်ကျရင် လူသတ်သမားကို လိုက်ရှာမယ်'

သမားတော်ကြီးက....

'ခင်ဗျားအကြံ အလွန်ကောင်းပါတယ်၊ ဒါပေမယ့် မြေအောက်ခန်းကို ကျုပ်တို့လူတွေက တစ်ယောက်မဟုတ် တစ်ယောက် သွားစစ်တတ်ပါတယ်၊ သူတို့က ခင်ဗျား မသေဘဲ အိပ်နေတာ တွေ့သွားရင်ကော'

စာရေးသူကြီးဟောင်းက ရယ်မောလိုက်လေသည်။

'သူတို့ မတွေ့နိုင်ပါဘူး၊ လူသေအခေါင်းကို ဘယ်သူကမှ ဖွင့်ကြည့်ချင်ကြမှာမှ မဟုတ်ဘဲ'

သခင်တော်ကြီးက ပါးစပ်ပိတ်သွားလိုက်သည်။

တရားသူကြီးဟောင်းက....

'နောက်တစ်ချက်က အလွန်အရေးကြီးတဲ့ အချက်ပါပဲ'

သခင်တော်ကြီးက....

'ပြောပါ'

တရားသူကြီးက....

'ခင်ဗျားအိပ်ခန်းကို မင်းတုပ်သိုးမသွားနဲ့၊ ဒါမှ ကျုပ်က အရေးကြီးရင်ကြီးသလို ခင်ဗျားကို လာတွေ့နိုင်မှာ'

သခင်တော်ကြီးက ခေါင်းညိတ်လိုက်သည်။

'ဒါပြဿနာမရှိပါဘူး၊ အရေးကြီးတာက ခင်ဗျား၊ သွားလာလှုပ်ရှားတာကို သူတို့ မမြင်သွားစေနဲ့'

တရားသူကြီးဟောင်းက...

'စိတ်ချ'

သူတို့သည် ယင်းသို့ လျှို့ဝှက်စွာ တိုင်ပင်ပြီးနောက် တရား သူကြီးဟောင်းက အခန်းထဲမှ ထွက်ခွာသွားလေသည်။

• • •



လုလုချန်းသည် တရားသူကြီးဟောင်း ပြောပြသည်ကို စိတ်ရှည်လက်ရှည်နားထောင်ရင်း သက်ပြင်းတစ်ချက် ချလိုက်လေသည်။

'တရားသူကြီးမင်းကို ကျွန်မက မချီးကျူးဘဲ မနေနိုင်တော့ပါဘူး၊ သခင်တော်ကြီးရဲ့ သရုပ်ဆောင်မှုလဲ ပီပြင်လှပါတယ်၊ ဒါကြောင့် ကျွန်မတို့အားလုံး အလိမ်ခံလိုက်ရတယ်'

တရားသူကြီးဟောင်းက ရယ်ပြီလိုက်သည်။

'ကျုပ်ရဲ့အကြံဟာ တစ်ချက်ခုတ် နှစ်ချက်ပြတ်တဲ့ အကြံပါ'

လုလုချန်းက ခေါင်းညိတ်လိုက်လေသည်။

'ကျွန်မ သဘောပေါက်ပါတယ်၊ ဒီအကြံကြောင့် တရား သူကြီးဟောင်းသေပြီလို့ ထင်ကြပြီး၊ ဘယ်သူကမှ သတိမထား ကြတော့ဘူး၊ နောက်ပြီး သခင်တော်ကြီးကို မပေါက်ကြား နိုင်အောင် နှုတ်ပိတ်ခဲ့တာပေါ့'

သူမက ပြုံး၍ စကားဆက်လိုက်သည်။

'တရားသူကြီးက သူ့ကို အခန်းတံခါး မင်းတုပ် မထိုးဖို့ မှာလိုက်တာဟာ သူ့ကိုနှုတ်ပိတ်ဖို့ ကြိုတင်စီစဉ်သွားတဲ့အကြံပဲ ဟုတ်လား'

တရားသူကြီးဟောင်းက ခေါင်းညိတ်လိုက်သည်။

'သိပ်ဟုတ်တာပေါ့ကွာ'

လုလုချန်းက...

'ကောင်းပြီ၊ မြေပိုင်ရှင်တီကျူကို ဘယ်လိုနည်းနဲ့ သတ်သွားတယ်ဆိုတာ ကျွန်မ သိချင်ပါသေးတယ်'

တရားသူကြီးဟောင်းက ရယ်မောလိုက်လေသည်။

'ကျူစီက လွတ်လွတ်ကင်းကင်း လစ်သွားအောင်လုပ်ရှားနိုင်တဲ့အတွက် ကျုပ်အဖို့ ကြိုက်သလို အစီအစဉ် ချမှတ်နိုင်တာပေါ့'

သူက စကားဆက်လိုက်သည်။

'တစ်နေ့...မိုးလင်းခါနီးမှာ ကျုပ်က သူ့ရဲ့တံခါးကို သွားခေါက်လိုက်တယ်၊ ပြီးတော့ ကျုပ်က နောက်တက်တံခါးက ထွက်သွားတယ်၊ မြေပိုင်ရှင်တီကျူက တံခါးခေါက်သံကြားလို့ သင်္ကာမကင်းထွက်ကြည့်တဲ့အခါ နောက်တက်တံခါးပွင့်နေတာ တွေ့သွားတယ်လေ၊ အဲဒီတော့ သူက တံခါးခေါက်တာ ဘယ်သူလဲ သိချင်မှာပေါ့၊ ဟုတ်တယ်မဟုတ်လား'

လုလုချန်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တာပေါ့ရှင်'

တရားသူကြီးဟောင်းက...



'မြေပိုင်ရှင်တီကျူက နောက်ဖေးပေါက်က ထွက်တဲ့အခါမှာ မိုးမလင်းသေးတော့ ကျူစီကို ပီပီပြင်ပြင် မတွေ့ရဘူး၊ ကျုပ်က သူ့ကို ရပ်စောင့်နေတယ်လေ၊ အဲဒီတော့ သူက ကျူစီဆီကို လျှောက်လာခဲ့တာပေါ့၊ ကျုပ်အနီး ရောက်လာတဲ့အခါမှာ သေပြီးတဲ့လူတစ်ယောက်ကိုတွေ့လို့ ချောက်ချားသွားတယ်လေ၊ အဲဒီ တစ်ဒင်္ဂအချိန်မှာ ကျုပ်က သူ့ကို သတ်လိုက်တာပေါ့'

လုလုချန်းက သက်ပြင်းတစ်ချက်ချလိုက်လေသည်။

'တရားသူကြီးရဲ့ ဓားပညာက ချွဲဟုန်ဆီက အမှုအနှစ်တွေ ရအောင်ယူခဲ့တာကိုး'

တရားသူကြီးက ခေါင်းညိတ်လိုက်သည်။

'အခုလို ချီးကျူးတာ ကျေးဇူးတင်ပါတယ်'

လုလုချန်းက...

'တရားသူကြီးမင်းက ရဲမက်မှူးကိုသတ်သွားတာ သူတာ သီးသန့်ခန်းထဲကို ရောက်ရှိနေတယ်ဆိုတာ သိထားလို့လား'

တရားသူကြီးဟောင်းက ခေါင်းညိတ်လိုက်သည်။

'မသိဘဲနေပါ့မလား၊ ညစာခန်းထဲမှာ ကျုပ်က အပေါက် တစ်ခု ဖောက်ထားတာ ဘယ်သူကမှ မတွေ့ဘဲကိုး၊ မင်းတို့

ပြောတဲ့စကားတွေ၊ တိုင်ပင်တဲ့စကားတွေအားလုံး ကျုပ် မြေအောက်ခန်းကနေ နားထောင်နိုင်ပါတယ်၊ ဒါကြောင့်...'

သူ့ဒါစကားမဆုံးမီ လုလုချန်းက ကြားဖြတ်ပြောလိုက်လေသည်။

'ဒါကြောင့် ကျွန်မတို့စီစဉ်ထားတာကို သိရှိထားလို့ အခွင့်အရေး ရသွားတယ်ဆိုပါတော့'

တရားသူကြီးဟောင်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ဗျာ'

လုလုချန်းက လက်ခုပ်တီးလိုက်လေသည်။

'တရားသူကြီးမင်းရဲ့ အံ့မခန်းတဲ့ ဉာဏ်ချွားတဲ့ ပညာကို ကျွန်မ ချီးကျူးပါတယ်ရှင်'

တရားသူကြီးဟောင်းက ပြုံး၍ ခေါင်းညိတ်လိုက်လေသည်။

'အရွယ်လိုလှပတဲ့ မိန်းကလေးတစ်ယောက်က ချီးကျူးတာ ခံရလို့ ကျုပ် ဂုဏ်ယူမိပါတယ်'

လုလုချန်းက အားရပါးရ ရယ်မောလိုက်လေသည်။

'ဟား...ဟား...ဟား'



တရားသူကြီးဟောင်းက မျက်မှောင် ကုတ်သွားလေသည်။

'လူကိုးယောက်ထဲမှာ ရှစ်ယောက်သေသွားပြီ၊ အခုအချိန်မှာ မင်းအလှည့်ရောက်ပြီဆိုတာ မင်း နားလည်တယ် မဟုတ်လား၊ ဘာကြောင့် သဘောကျရယ်နေရတာလဲ'

လုလုချန်းက ရယ်မောရာမှရပ်တန့်လိုက်လေသည်။

'တရားသူကြီးမင်းရဲ့ အစီအစဉ်တွေ၊ အမြော်အမြင်တွေ၊ အယူအဆတွေက တကယ်ကို ချီးကျူးစရာ ကောင်းပါတယ်။ ဒါပေမယ့်....'

တရားသူကြီးဟောင်းက မျက်မှောင်ကုတ်သွားလေသည်။

'ဒါပေမယ့် ဘာဖြစ်သလဲ'

လုလုချန်းက....

'ဒုစရိုက်မှုကို ကျူးလွန်တဲ့နေရာမှာ ဘယ်လိုပဲ ဟာကွက် မရှိအောင် ပိပိရိရိစီစဉ်ထားပေမယ့် အမှားအယွင်း တွေ့ရှိတတ်မြဲပါပဲ'

တရားသူကြီးဟောင်းက....

'ဆိုပါဦး၊ ကျုပ်မှာ မှားယွင်းတဲ့ အချက်တွေ ရှိနေလို့လား'

လုလုချွန်းက ခေါင်းညိတ်လိုက်သည်။

'ရှိတာပေါ့ရှင်၊ အဲဒီအမှားဟာ တရားသူကြီးမင်းကို အကြီးအကျယ် ထိခိုက်နိုင်တဲ့အချက်ဖြစ်ပါတယ်'

တရားသူကြီးဟောင်းက မျက်မှောင်ကုတ်သွားလေသည်။

'ဟုတ်လား၊ ဒါဖြင့် ကျုပ်ရဲ့မှားကွက်ကို ထောက်ပြပေးပါလား'

လုလုချွန်းက ခေါင်းညိတ်လိုက်သည်။

'ပြောပြမှာပေါ့ရှင်'

သူမသည် တရားသူကြီးဟောင်းအား မျက်တောင်မခတ်စိုက်ကြည့်လိုက်သည်။

'ကျွန်မကို သေသေချာချာကြည့်စမ်း၊ ကြေးတန်းစားဂေဟာထဲက မိန်းကလေးတစ်ယောက်နဲ့ တူသလား'

တရားသူကြီးဟောင်းက ခေါင်းခါယမ်းလိုက်သည်။

'မတူပါဘူး၊ မင်းကို ကျုပ်ကျွန်းပေါ်ရောက်တဲ့ အချိန်အစပြီး မင်းဟာ ကြေးတန်းစားမယ် တစ်ယောက်နဲ့ မတူဘူးဆိုတာ ထင်မိပါတယ်၊ ဒါပေမယ့်...'



သူက စကားဆက်လိုက်သည်။

'ဒါပေမယ့် ကျုပ်ရဲ့ စိတ်ထဲမှာ မင်းဟာ တခြားကြေးတန်းစားမယ်တွေထက် ထူးခြားလို့သာ ဒီလောက်နာမည်ကြီးတာလို့ ယူဆမိပါတယ်'

လုလုချွန်းက...

'ဒါကြောင့် တရားသူကြီးမင်းဟာ အမှားကြီး မှားခဲ့တယ်လို့ ကျွန်မက ပြောလိုတာပေါ့'

တရားသူကြီးဟောင်းက...

'ပြောစမ်းပါဦးလေ၊ ကျုပ်နားထောင်နေပါတယ်'

လုလုချွန်းသည် သူမ၏အတွင်းအင်္ကျီထဲမှ လေးထောင့်စပ်စပ် ကြေးပြားတစ်ပြားကို ထုတ်ယူအား စားပွဲပေါ်သို့ ပစ်တင်လိုက်လေသည်။

'ကျွန်မ ဘယ်သူလဲဆိုတာ ဒီကြေးပြားက ပြောပြပါလိမ့်မယ်'

တရားသူကြီးဟောင်းက ကြေးပြားကိုယူ၍ ကြည့်လိုက်လေသည်။ သူ၏မျက်နှာသည် တစ်ချက်ကွက်ခနဲ ပျက်သွားပြီး ရှုံ့ချိုးဆည်လိုက်လေသည်။

ကြေးပြားပေါ်၌ရှိပါရှိသော စာလုံးများမှာ....

နေပြည်တော်ထောက်လှမ်းရေးဌာနမှ အထူးထောက်လှမ်းရေးအမှတ် လေးဟု ပါရှိလေသည်။

တရားသူကြီးမင်းက ဟန်မပျက်ဘဲ ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်တယ်၊ ဒါဟာ ကျုပ်ရဲ့ မှားယွင်းတဲ့အချက်ပါပဲ'

သူကလုလုချန်းအားလှမ်းကြည့်လိုက်သည်။

'ခင်ဗျားနာမည်ဘယ်လိုခေါ်သလဲ'

လုလုချန်းက....

'မစန္ဒာ'

တရားသူကြီးဟောင်းက လက်ခုတ်တီးလိုက်သည်။

'ကြေးအန်းစားဂေဟာအလှမယ်တစ်ယောက်လို ပီပီပြင်ပြင် ထရုပ်ဆောင်နိုင်တဲ့ ထောက်လှမ်းရေးမှူးမစန္ဒာကို ကျုပ်အချီးကျူးပါတယ်ဗျာ'

မစန္ဒာက ဦးညွှတ်လိုက်လေသည်။

'ကျေးဇူးတင်ပါတယ်ရှင်'



တရားသူကြီးဟောင်းက....

'ကျုပ်ကတော့ ကျုပ်ရဲ့လုပ်ရပ်တွေကို ဖွင့်ပြောပြီးပါပြီ၊ လုလုချန်းကနေ မစန္ဒာအဖြစ်ပြောင်းလဲလာပုံကိုလဲ ပြောပြမှ တရားရာကျမှာပေါ့'

လုလုချန်းက ခေါင်းညိတ်လိုက်သည်။

'တရားသူကြီးမင်း သိချင်တယ်ဆိုရင် ကျွန်မပြောပြဖို့ ဝန်မလေးပါဘူး'

တရားသူကြီးဟောင်းက ခေါင်းညိတ်လိုက်သည်။

'ကျုပ်နားထောင်နေပါတယ်ဗျာ'

လုလုချန်းက....

'ဒီအကြောင်းကို ပြောပြရမယ်ဆိုရင် ကျွန်မဘာဝင်ယူရတဲ့ အချိန်က စတင်တဲ့အကြောင်းကို ပြောပြမှ ပြည့်စုံပါလိမ့်မယ်'

တရားသူကြီးဟောင်းက ခေါင်းညိတ်လိုက်သည်။

'ပြောပါ၊ ကျုပ်အလွန်စိတ်ဝင်စားနေပါတယ်'

လုလုချန်းက...

'အခုနေမျာ၊ သိုင်းလောကတရားသူကြီးတစ်ယောက် ဘွားခနဲပေါ်ပေါက်လာရင် ထူးဟာသိုင်းလောကသားထဲက လူတွေ

ကို နည်းမျိုးစုံနဲ့ လိုက်လံသတိပြုတိနေပါတယ်၊ ဒီသတင်းကို နေပြည်တော်ရောက်သွားလို့ သက်ဆိုင်ရာ အာဏာပိုင်တွေက အနားယူသွားတဲ့ ထောက်လှမ်းရေးမှူးထောက်ချစ်ကို အကူအညီတောင်းပါတယ်'

တရားသူကြီးဟောင်းက မျက်မှောင်ကုတ်သွားလေသည်။

'ဒီအမှုကို သိမ်းငှက်ထောက်ချစ်က တာဝန်ယူလိုက်တယ် ဟုတ်လား'

လုလုချန်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ကျွန်မနာမည်စန္ဒာပါ၊ သိမ်းငှက်ထောက်ချစ် ပြုစုပျိုးထောင်ပေးတဲ့ တပည့်တစ်ယောက်ဆို ရမှာ ပါဘူး'

တရားသူကြီးက ခေါင်းညိတ်လိုက်သည်။

'မင်းရဲ့သိုင်းပညာတွေရကတည်းက ငါစဉ်းစားမိဖို့ကောင်း တယ်၊ ဒါလဲ ကျုပ်ရဲ့အမှားအယွင်းတစ်ခုပဲ'

လုလုချန်းက ခေါင်းညိတ်လိုက်သည်။

'ထောက်လှမ်းရေးမှူး ထောက်ချစ်က သုံးရက်လောက် လေ့လာပြီးတဲ့အခါမှာ တရားသူကြီးက ဖိတ်စာအမီးလှမ်း



တာကို သူကရရှိလိုက်တယ်လေ၊ အဲဒီဖိတ်စာရရှိတဲ့သူတွေထဲ မှာကြီးတန်းစားဂေဟာက လုလုချန်းအမည်ရှိတဲ့ အလှမယ်လဲ ပါတယ်လို့ သိရှိလိုက်တာနဲ့ ကျွန်မကိုအကြံပေးပြီး စေလွှတ် လိုက်ပါတယ်'

တရားသူကြီးဟောင်းက ခေါင်းညိတ်လိုက်သည်။

'သိမ်းငှက်ထောက်ချစ် နာမည်ကို ကျုပ်ကြားမိတာကြာပါ ပြီ၊ သူနဲ့ရင်ဆိုင်ရလိမ့်မယ်လို့ ကျုပ်မထင်မိဘူးဗျ'

လုလုချန်းက စကားဆက်လိုက်သည်။

'ကျွန်မက တာဝန်ယူလိုက်တာနဲ့ သက်ဆိုင်ရာ ရဲမက်ဌာန မှူးနဲ့ တိုင်ပင်လိုက်တဲ့အခါ လုလုချန်းကိုယ်စား ကျွန်မက ကျွန်းကလေးပေါ် လိုက်လာဖို့ အစီအစဉ် ချခဲ့ရပါတယ်၊ ဒါကြောင့် လုလုချန်းရဲ့လှုပ်ရှားမှုကို ကျွန်မတို့က မျက်ခြည် မပြတ် စောင့်ကြည့်ခဲ့ပါတယ်'

'တစ်နေ့ ရဲမက်ဌာနက အဖွဲ့သားတစ်ယောက် သတင်းအရ လုလုချန်းဟာ ရှောင်ကွမ်းတုံနယ်ဘက်ကို ထွက်ခွာသွားတော့ မယ်လို့ သိရှိလိုက်ရပါတယ်'

'ဒါကြောင့် ကျွန်မတို့က ကြိုတင်စီစဉ်ထားတဲ့အတိုင်း လုလု ချန်းရထားကိုရပ်ခိုင်းပြီး ရဲမက်ဌာနကိုခေါ်ပြီး အကူအညီ တောင်းခဲ့ရပါတယ်'

တရားသူကြီးဟောင်းက...

'ကျုပ်သဘောပေါက်ပါပြီ၊ ခင်ဗျားတို့က သူ့ကိုခေါ်ထား ပြီး သူ့ကိုယ်စားကျွန်းကလေးကို လာခဲ့ရတာလို့ဆိုပါတော့'

လုလုချွန်းတစ်ပြန်လဲ မစန္ဒာက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ရှင်'

တရားသူကြီးဟောင်းက ရယ်မောလိုက်လေသည်။

'ဟား...ဟား...ဟား'

* * *

'ဟား...ဟား...ဟား'

တရားသူကြီးဟောင်းသည် အားရပါးရ ရယ်မောလိုက်လေသည်။ ဧည့်ခန်းတစ်ခုလုံးသည်ပင် ပဲ့တင်ထပ်သွားလေသည်။

မစန္ဒာက တရားသူကြီး ရယ်မောနေသည်ကို ငြိမ်သက်စွာ ကြည့်နေ၏။



အတန်ကြာသောအခါမှ တရားသူကြီးဟောင်း၏ ရယ်မောသံ များ ရပ်တန့်သွားလေသည်။

သူက မစန္ဒာအား စိုက်ကြည့်လိုက်လေသည်။

'ကျုပ်က ဘာလို့ရယ်နေတာလဲလို့ မမေးတော့ဘူးလား'

မစန္ဒာက...

'မေးစရာမှ မလိုအပ်တဲ့'

တရားသူကြီးဟောင်းက...

'မေးစရာမလိုဘူး၊ ကျုပ်က ဘာကြောင့်ရယ်တာလဲ၊ မင်း သိလို့လား'

မစန္ဒာက ခေါင်းညိတ်လိုက်သည်။

'သိတယ်'

တရားသူကြီးဟောင်းက...

'ဘာသိသလဲ ပြောပါ'

မစန္ဒာက...

'ကျွန်မဟာ ရှင့်အကြောင်းကို အားလုံးသိထားလိုက်ပေမယ့် ဒီကျွန်းကလေးပေါ်ကနေ အသက်ရှင်ပြီး ထွက်ခွာသွားနိုင်

တော့ဘူးလို့ တရားသူကြီးက တွေးပြီး ရယ်နေတာ မဟုတ်လား'

တရားသူကြီးဟောင်းက ခေါင်းညိတ်လိုက်သည်။

'နို့ ဟုတ်ဘူးလား'

မစန္ဒာက ခေါင်းခါလိုက်သည်။

'ကျွန်မပြောပြီးပါပြီ၊ တရားသူကြီးမင်းဟာ ဘယ်လိုပဲ ပီပီပြင်ပြင်ကြံစည်ခဲ့ပေမယ့် အမှားနှစ်ချက်ပြုခဲ့တယ်လို့၊ ပထမဆုံးအချက် သိလိုက်ရပေမယ့် ဒုတိယအချက်က ဘာလဲဆိုတာ တရားသူကြီးမင်းက မှမေးသေးဘဲကိုး'

တရားသူကြီးဟောင်းက....

'ဒုတိယမှားတဲ့အချက်ဆိုတာ ဘာလဲ'

မစန္ဒာက....

'တရားသူကြီးမင်းဟာ ကျွန်မတို့ ရှစ်ယောက်ထဲမှာ ခုနစ်ယောက် သေဆုံးသွားတယ်ဆိုတာ မှားနေတာပေါ့'

တရားသူကြီးဟောင်းက မျက်မှောင်ကုတ်သွားသည်။

'နို့ မဟုတ်ဘူးလား'



မစန္ဒာက ခေါင်းခါယမ်းလိုက်သည်။

'မဟုတ်ဘူး'

တရားသူကြီးဟောင်းက သူမအား စိုက်ကြည့်လိုက်သည်။

'ဒါဖြင့် သေဆုံးသွားတဲ့လူ ဘယ်နှစ်ယောက်လဲ'

မစန္ဒာက....

'ခြောက်ယောက်'

တရားသူကြီးဟောင်းက မျက်မှောင်ကုတ်သွားလေသည်။

'ဒါဖြင့် ကျန်တဲ့တစ်ယောက်ကရော ဘယ်သူလဲ'

မစန္ဒာ ပါးစပ်ပိတ်ထားလိုက်လေသည်။ အကြောင်းမှာ သူမက ဖြေစရာမလိုတော့ပါ။

လူတစ်ယောက်သည် အေးဆေးစွာဖြင့် အိမ်ထဲသို့လှမ်းဝင်လာသည်ကို တွေ့မြင်လိုက်ရသောကြောင့် ဖြစ်လေသည်။

## သေရွာပြန် နောက်တစ်ယောက်

လူတစ်ယောက်သည် အေးအေးဆေးဆေးစွာဖြင့် အိမ်ထဲသို့လှမ်းဝင်လာခဲ့လေသည်။

တရားသူကြီးဟောင်းသည် ထိုလူအား မြင်တွေ့လိုက်ရသော အခါ မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော် ဖြစ်သွားလေသည်။

ထိုလူမှာ သေဆုံးသွားပြီဟု သူထင်ထားသော ဗိုလ်မှူးလေး ဟောင်း ရှောင်ဖုန်းပင် ဖြစ်နေသည်။

ဗိုလ်မှူးလေးဟောင်းရှောင်ဖုန်းက အိမ်ထဲသို့လှမ်းဝင်လိုက် သည်နှင့် သူ့အား ပြုံးပြလိုက်လေသည်။

'တရားသူကြီးမင်း တော်တော် အံ့သြသွားတယ်ထင်တယ်'



တရားသူကြီးဟောင်းက စိတ်ကို ချက်ချင်း ထိန်းချုပ်နိုင်ခဲ့ လေသည်။

သူက ပြန်၍ ပြုံးပြလိုက်လေသည်။

'နည်းနည်းအံ့သြသွားမိတာ အမှန်ပါပဲ'

ဗိုလ်မှူးလေးဟောင်းက....

'မနေ့ညက ပြောပြလိုက်တဲ့ ခင်ဗျားရဲ့ ဒုတိယအမှားဟာ ကျုပ်ကို သေသွားပြီလို့ ထင်မှတ်လိုက်တဲ့ အမှားပါပဲ'

တရားသူကြီးဟောင်းက သက်ပြင်းတစ်ချက် ချလိုက်သည်။

'မင်းတို့လူငယ်တွေကို ကျုပ်က လိုက်မမီတော့ပါဘူးဗျာ'

သူက ဗိုလ်မှူးလေးဟောင်းအား မျက်တောင်မခတ် စိုက် ကြည့်လိုက်သည်။

'ခင်ဗျားတို့ ဘယ်လိုအစီအစဉ် လုပ်ထားတယ် ဆိုတာ ကိုလဲ ပြောပြဦးလေ'

ဗိုလ်မှူးလေးဟောင်းက စားပွဲရှိရာသို့ လျှောက်သွားပြီး ကုလားထိုင်တစ်လုံးပေါ်သို့ ထိုင်ချလိုက်လေသည်။

'အမှန်အတိုင်းပြောရမယ်ဆိုရင် ကျုပ်ဟာ ဗိုလ်မှူးလေး ဟောင်း ရှောင်ဖုန်းမဟုတ်ပါဘူး။ ဒါပေမယ့် ဗိုလ်မှူးလေး

ဟောင်း ရှောင်ဖုန်းဆိုတာ ကျုပ်ရဲ့အစ်ကိုပါ၊ ကျုပ်က သူ့ကိုယ်စား လာခဲ့တာဖြစ်ပါတယ်'

'ကျုပ်က ရှောင်လုံပါ၊ ထောက်လှမ်းရေးအရာရှိငယ် တစ်ယောက် ဖြစ်ပါတယ်'

တရားသူကြီးဟောင်းက…

'ဪ…ခင်ဗျားတို့က ထောက်လှမ်းရေး အရာရှိငယ်တွေကိုး၊ လေးစားပါတယ်ဗျာ'

ရှောင်လုံက ပြုံးပြလိုက်လေသည်။

'ဟုတ်ကဲ့၊ ကျုပ်လဲ လေးစားပါတယ်'

တရားသူကြီးဟောင်းက မစန္ဒာအား တစ်ချက်ကြည့်လိုက်သည်။

'မင်းတို့နှစ်ယောက်က အဆက်အသွယ်လုပ်ပြီး ရောက်လာကြတယ် ဆိုပါတော့'

ရှောင်လုံနှင့် မစန္ဒာတို့က ခေါင်းခါယမ်းလိုက်သည်။

'မဟုတ်ဘူး'

ရှောင်လုံက စကားဆက်လိုက်သည်။



'ကျုပ်ကတော့ အထက်ကပေးတဲ့တာဝန်အရသိုင်းလောက တရားသူကြီးကို လိုက်လံစုံစမ်းဖော်ထုတ်ရလို့ပါ၊ မမျှော်လင့်တဲ့ ကျုပ်အစ်ကိုကို ဖိတ်တဲ့ ဖိတ်စာကို ရရှိလိုက်တာနဲ့ စိတ်ထဲမှာ သံသယ ဖြစ်ခဲ့ပါတယ်၊ အထက်က အာဏာပိုင်ကို အကျိုးအကြောင်း တင်ပြလိုက်တဲ့အခါ သူတို့ကကျုပ်ကို ကျုပ်အစ်ကို ဗိုလ်မှူးဟောင်း ရှောင်ဖုန်းနေရာ အစားထိုးပြီး စုံစမ်းဖို့ တာဝန်ပေးလိုက်ပါတယ်'

မစန္ဒာက ပြုံးလိုက်လေသည်။

'အမှန်ကိုပြောရမယ်ဆိုရင် လူကိုးယောက်ထဲမှာ ကျွန်မတို့ နှစ်ယောက်တည်းသာကျန်တယ်ဆိုတော့ ကျွန်မ သူ့ကို လူသတ်သမားလို့ အသေအချာ ထင်မှတ်လိုက်တယ်၊ သူကလဲ ကျွန်မဟာ လူသတ်သမားဖြစ်ရမယ်လို့ ယုံကြည်လာတယ်၊ ဒါကြောင့် ထူနဲ့ကျွန်မနဲ့ ထူသေကိုယ်သေ ယှဉ်ပြိုင်ဖို့ သဲသောင်ပြင်ဆီကို ထွက်လာကြပါတယ်'

တရားသူကြီးဟောင်းက ခေါင်းညိတ်လိုက်သည်။

'မင်းတို့ တစ်ယောက်နဲ့တစ်ယောက် ယှဉ်ပြိုင်ဖို့ပြောနေကြတာကို ကျုပ်ကမြေအောက်ခန်းက ထွက်လာပြီး ဒီပြတင်းပေါက်ကနေ မင်းတို့ရဲ့လုပ်ရပ်ကို ကြည့်နေတာပေါ့'

ရှောင်လုံက…

'အစကတော့ သူ့အကိုယ်ဒေါ ကိုက်ခိုက်တာပေါ့၊ ဒါပေမယ့် ကျုပ်တို့နှစ်ယောက်ဟာ လက်ရှည်လဲတူတယ်၊ သိုင်းကွက်ချင်းလဲတူတယ်၊ ဒါကြောင့် အသာစီးကြောကြောင်းကိုမှတော့ ဘယ်သူကမှ အနိုင်မရကြပါဘူး'

ရဟန်းကြီးဟောင်းက ခေါင်းညိတ်ပြသည်။

'ဒါကြောင့်ကိုး၊ မင်းတို့က သွေးအကိုယ်ဒေါ ကိုက်ခိုက်နေကြတယ်ဆိုတာ ငါမျက်မြင်ကိုယ်တွေ့ တွေ့ခဲ့ပါတယ်၊ နောက် ဘယ်လိုဖြစ်သွားတာလဲ'

မစန္ဒာက စကားကြားဖြတ်ပြောလိုက်သည်။

'ကျွန်မတို့မှာ တိုက်ခိုက်ရင်း ခြေလှန်းအကပ်ပန်းကျသွားပါတယ်၊ ဒါကြောင့် ကိုယ်ပေါ်မှာရှိတဲ့ ထောက်လှမ်းရေးတံဆိပ် ပါတဲ့ကြေးပြား လွင့်စဉ် ကျသွားတာကစပြီး ဘဝတူချင်း ဖြစ်ကြတယ်ဆိုတာ သိလိုက်ကြပါတယ်'

ရွှေခင်လုံက...

'အဲဒီအချိန်မှာ ကျုပ်တို့ ပြဿနာတစ်ခုကို ပြိုင်တူ စဉ်းစားမိတယ်'

ရဟန်းကြီးဟောင်းက....

'ဘာပြဿနာလဲ'



ရွှေခင်လုံက...

'မစန္ဒာနဲ့ကျုပ်ဟာ ထောက်လှမ်းရေး တာဝန်ကို ယူနေကြတဲ့လူဆိုရင် လူသတ်သမား မဟုတ်တာတော့ သေချာပြီ၊ ကျုပ်တို့နှစ်ယောက် လူသတ်သမားမဟုတ်ရင် အိမ်ထဲမှာရှိနေမယ့် လူသတ်သမားဟာ အကဲခတ်ကြည့်နေလိမ့်မယ်လို့ ထင်တယ်၊ ဒါကြောင့် ကျုပ်က မစန္ဒာကို ချက်ချင်း သတိပေးလိုက်တယ်'

* * *

'လုလုချုန်း...မင်းနဲ့ငါ ဆက်ပြီးတိုက်ခိုက်ကြမယ်၊ ကျုပ်အထင် မလွဲဘူးဆိုရင် အိမ်ကြီးထဲမှာ၊ ဒါမှမဟုတ်ရင် တစ်နေရာမှာပဲဖြစ်ဖြစ် လူသတ်သမားက ငါတို့ကို အကဲခတ်ကြည့်နေမှာ သေချာတယ်'

လုလုံချုန်းက...

'ဟုတ်နိုင်တယ်၊ ကျွန်မတို့ ဘာလုပ်ကြရင် ကောင်းမလဲ၊ အိမ်ကြီးထဲကို တစ်ခါတည်းဝင်ပြီးဖမ်းကြမလား'

ဗိုလ်မှူးကလေးဟောင်းက....

'မဖြစ်ဘူး၊ သူတယ်ခွာရှိသလဲဆိုတာ အသေအချာမသိဘဲ တော်ကြာ အလွဲလွဲအချော်ချော် ဖြစ်သွားနိုင်တယ်'

လုလုချန်းက....

'ဒါဖြင့် ဘာလုပ်ကြမလဲ'

သူတို့သည် အသံတိုးတိုးနှင့် တိုင်ပင်ဆွေးနွေးရင်း သူတစ်ပြန် ကိုယ်တစ်ပြန် ဟန်မပျက် တိုက်ခိုက်နေ၏။

ဗိုလ်မှူးကလေးဟောင်းက....

'ဒီလိုလုပ်ရင်ကောင်းမယ်ထင်တယ်၊ ငါ့ကို အလဲထိုးလိုက်၊ ငါလဲသွားတဲ့အခါမှာ မင်းကငါ့ကို အနေသေချတ်လိုက်တဲ့သဘော ပြလိုက်ပါ၊ ပြီးမှ အပေါ်ကိုတက်သွား၊ ကျုပ်ထင်တဲ့အတိုင်း ဖြစ်မယ်ဆိုရင် လူဘတ်သားကို တွေ့ပါလိမ့်မယ်၊ တကယ်လို့ တွေ့ရင် သူ့ကိုရှုတ်ဘရက်ဝင်ပြီး မတိုက်ခိုက်နဲ့၊ ဘာဖြစ်လို့လဲ ဆိုရင် အခုအခါမှာ မင်းဟာ ခြေကုန်လက်ပန်းကျနေပြီ၊ သူ့ကို အချိန်ရသလောက်ဆွဲထား၊ သူ့ရဲ့အာရုံကို ဆွဲထားလိုက်တာနဲ့ ကျုပ်က ထလာပြီး အိမ်ဘက်အရောက် ချဉ်းကပ်လာခဲ့ပါ၊ အချိန်ကျရင် ကျုပ်ကဝင်ကူမယ်၊ ဒါဆိုရင် သူ့ကို ဖမ်းမိနိုင်မယ်လို့ ထင်တယ်'



လုလုချန်းက သဘောတူလိုက်လေသည်။

'ကောင်းတယ်'

ဗိုလ်မှူးကလေးဟောင်းက....

'ငါ့ကို တိုက်ခိုက်တဲ့အခါမှာ ဟန်မလုပ်နဲ့၊ ဒီအောက်မှာ စောင့်ကြည့်နိုင်ရည်ရှိပါတယ်'

လုလုချန်းက ခေါင်းကိုမသိမသာညိတ်ပြလိုက်ပြီး ရှုတ်ဘရက် ခြေထောက်ဖြင့် ကန်လိုက်လေသည်။

ဗိုလ်မှူးကလေးဟောင်းသည် အရှိန်နှင့် ပက်လက်လန် လဲ့ချလိုက်သည်။

သူသည် လူးလှိမ့်ထ,ရန် ဟန်ဆောင်လိုက်သည်။

လုလုချန်းသည် ပြေးဝင်သွားပြီး လက်ဝါးစောင်းဖြင့် သုံးချက်တိတိ ခုတ်ချလိုက်လေသည်။

သူ၏ ခုတ်ချက်မှာ အားသွန်ရောက်နေ၏။

သို့သော် အိမ်ကြီးနှင့် အတော်အတန် ဝေးကွာနေသဖြင့် တွေ့ရှိသွားမည် မဟုတ်ပါ။

ဗိုလ်မှူးကလေးဟောင်းသည် မထ,တော့ပါ။ ငြိမ်သက်စွာ လဲလျောင်းနေ၏။

ထိုအခါ လုလုချန်းသည် အိမ်ကြီးရှိရာသို့ တစ်လှမ်းချင်း လှမ်းသွားလေသည်။

သူမ၏ရင်ထဲတွင် မည်သည့်လူသတ်သမားအား တွေ့ရမည်ကို ရင်တထိတ်ထိတ်ဖြင့် တွေးတောရင်း အိမ်ကြီးထဲသို့ လှမ်းဝင်လိုက်လေသည်။

❋ ❋ ❋

တရားသူကြီးဟောင်းသည် သူတို့အား တစ်ချက်စေ့ကြည့်လိုက်ပြီး ပြုံးပြလိုက်လေသည်။

'ကျုပ်ဟာ သိပ်မကြာခင်က တရားသူကြီးဖြစ်တယ်ဆိုတာတော့ ကျုပ်ဝန်ခံပါတယ်၊ ကျုပ်ရဲ့ စီရင်ချက်ကြောင့် လူအတော်များများ အသက်ဆုံးရှုံးသွားတယ်ဆိုတာလဲ ကျုပ် မငြင်းပါဘူး၊ ဒါပေမယ့်...'

သူသည် ပြောရင်း စိတ်ဓာတ်တက်ကြွလာလေသည်။

'ဒါပေမယ့် ကျုပ် သတ်ခဲ့တဲ့လူတွေဟာ သေသင့်သေထိုက်တဲ့ လူတွေသာဖြစ်တယ်လို့ ကျုပ်ယုံကြည်တယ်၊ သူတို့ထဲမှာ အပြစ်မဲ့တဲ့လူ တစ်ယောက်မှ မပါရှိပါဘူး'



သူက စကားဆက်လိုက်သည်။

'အခု ကျွန်းပေါ်ကို ဖိတ်ခေါ်ပြီးသေဒဏ်ပေးခံရတဲ့လူတွေဟာလဲ သေသင့်သေထိုက်တဲ့ အပြစ်ကျူးလွန်ခဲ့တဲ့ လူတွေပါပဲ၊ သူတို့ကို ဘယ်သူက ပြစ်ဒဏ်ခတ်ကြသလဲ၊ သူတို့ကို ဘယ်သူက သူတို့ရဲ့ အမှားအပြစ်တွေကို ဖော်ထုတ်ခဲ့ဖူးသလဲ၊ ဒါတရားသလား'

သူက စကားဆက်လိုက်သည်။

'အပြစ်ကျူးလွန်ခဲ့တဲ့လူတွေကို ဘယ်အာဏာပိုင်ကမှ စုံစမ်းဖော်ထုတ်ပြီး အပြစ်ဒဏ်မပေးကြဘူး၊ ကျုပ်က ဒါတွေကို မခံချင်လို့ တရားသူကြီးရဲ့ နေရာကိုဝင်ပြီးတော့ ပြစ်မှုကျူးလွန်ခဲ့တဲ့လူတွေကို ပြစ်ဒဏ်ခတ်ပြီ၊ စီရင်ချက်ချတာကို ကျုပ်ကို လူသတ်သမားဆိုပြီ၊ အာဏာပိုင်တို့က ဖမ်းဖို့ဆီးဖို့၊ အရေးယူဖို့လုပ်တာ တရားသလား'

ရှောင်လုံနှင့်မစန္ဒာတို့သည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြလေသည်။

တရားသူကြီးဟောင်း ပြောလိုက်သောစကားသည် မှန်ကန်သည်ဟု သူတို့က ထင်မိလေသည်။

ထို့ကြောင့် သူတို့သည် အတန်ကြာ စကားမပြောနိုင်ဘဲ ငေးငိုင်တွေဝေသွားလေသည်။

တရားသူကြီးဟောင်းက သူ၏မျက်နှာကို လက်နှင့်ဖက်ဖြင့် အသာအယာခွာလိုက်ရာ ပါးလွှာသော မျက်နှာတုတစ်ခုကွာကျသွားလေသည်။

မစန္ဒာနှင့် ရှောင်လုံတို့ အံ့ဩသွားကြလေသည်။

တရားသူကြီးဟောင်း၏ မျက်နှာမှာ အသက်ငါးဆယ်ကျော် အရွယ် မျက်နှာမျိုးမဟုတ်ပေ၊ အသက်သုံးဆယ်နှင့်လေး ဆယ်ကြားရှိသော လူငယ်တစ်ယောက် မျက်နှာမျိုး ဖြစ်နေ၏။

ထိုလူကို ယသည်၊ သူတို့အ မြင်ဖူး၏။

ယင်းလူမှာ သူတို့အား ကျွန်းကလေးပေါ်သို့ ပို့ဆောင် ရန် အားကွန့်ခွန်စိုက် ကူညီခဲ့သော ကျွန်းကလေး၏ စား သောက်ဆိုင်ပိုင်ရှင် ဖြစ်နေ၏။

သူက ပြုံးပြလိုက်သည်။

'မင်းတို့နှစ်ယောက်သား အတုမှ ဟုတ်ဘူး၊ တရားသူကြီး ဟောင်းလဲ အတုပါပဲ'

မစန္ဒာက...

'ရှင်က ပေါက်လုံ ဟုတ်လား'

ထိုလူသည် မြို့စားကြီး ပေါက်ထင်း၏သား ပေါက်လုံပင် ဖြစ်နေ၏။

ပေါက်လုံက ခေါင်းညိတ်ပြလိုက်ပြီး ထိုင်ရာမှ ဖြည်းညင်းစွာ ထလိုက်လေသည်။

ထို့နောက် တံခါးပေါက်ရှိရာသို့ အေးအေးဆေးဆေးစွာ လျှောက် သွားလေသည်။

ရှောင်လုံနှင့် မစန္ဒာတို့သည် ပေါက်လုံ၏ ဓားပညာမှာ အလွန် ကြောက်မက်ဖွယ်ရာ ကောင်းသည်ကို ကောင်းစွာ သိ ရှိထားပြီးဖြစ်ရာ သူတို့သည် ပေါက်လုံက အလစ်ဝင်ရောက် တိုက်ခိုက်လာခြင်းကို သတိကြီးစွာဖြင့် မျက်တောင်မခတ် စိုက် ကြည့်နေ၏။



ပေါက်လုံမှာမူ သူတို့ကို လှည့်ပင်မကြည့်ဘဲ ငြိမ်သက်နေ သော ရေပြင်ကို လှမ်း၍ကြည့်နေ၏။

သူသည် မစန္ဒာဘက်သို့ လှည့်ကြည့်လိုက်ပြီး...

'ဒီနေ့ ဘယ်နှစ်ရက်လဲဗျ'

မစန္ဒာက...

'ဆယ့်လေးရက်ပါရှင်'

ပေါက်လုံက...

'မနက်ဖြန်ဆို ဆယ့်ငါးရက်၊ ကူးတို့လှေရောက်လာပါလိမ့် မယ်၊ ရာသီဥတုကောင်းပါစေလို့သာ ဆုတောင်းရမှာပဲ'

သူက ပြောရင်း အပြင်သို့ လှမ်းထွက်လိုက်လေသည်။

ရှောင်လုံနှင့် မစန္ဒာတို့သည် တစ်ယောက်မျက်နှာကို တစ် ယောက်ကြည့်ကာ ပေါက်လုံနောက်သို့ ပြိုင်တူ လိုက်သွားကြ လေသည်။

သူသည် လက်နှစ်ဖက်နောက်ပစ်၍ တစ်ဖက်ကမ်းသို့ ဝေးမော မျှော်ကြည့်နေ၏။

ရှောင်လုံနှင့် မစန္ဒာတို့သည် သူ့နောက်နှစ်လံခန့်အကွာတွင် ခြေလှမ်းပြိုင်တူ ရပ်တန့်လိုက်လေသည်။

အတန်ကြာတော့မှ ပေါက်လုံက သူတို့ဘက်သို့ ဖြည်းဖြည်းနှင့် နှေးနှေး လှည့်ကြည့်လိုက်သည်။

သူ့လက်နှစ်ဖက်သည် နေဝင်တွင် ပစ်လျက် သူကမစန္ဒာနှင့် ရှောင်လုံအား တစ်လှည့်စီ ကြည့်လိုက်သည်။

'ခင်းတို့က ငါ့ကိုဖမ်းဖို့ လာကြတာမဟုတ်အား'

ရှောင်လုံက ထက်မြက်းတစ်ချက်ချလိုက်သည်။

'ကျုပ်တို့ဟာ မင်းမှုထမ်းတွေပါ၊ တရားအယ် မတရားတယ်ဆိုတာဟာ တရားရုံးကမှ ဆုံးဖြတ်ပေးနိုင်တာပါ၊ ကျုပ်တို့ကတော့ အထက်ကအလိုရှိတဲ့ပုဂ္ဂိုလ်ကိုဖမ်းပြီး ပို့ပေးဖို့ တာဝန်ရှိပါတယ်'

ပေါက်လုံက—

'ကျုပ် သဘောပေါက်ပါတယ်'

ရှောင်လုံက—

'ခင်ဗျား၏ ဘဝဇာတ်ကြောင်းကို ကျုပ်လဲ တစေ့တစောင်းနားထောင်ခဲ့ပါတယ်၊ ကိုယ်ချင်းလဲစာမိပါတယ်၊ ဒါကြောင့် ဝတ္ထုများအရ ကျုပ်တို့နောက်ကို လိုက်ခဲ့ပါ၊ တရားရုံးရောက်ရင် ခင်ဗျား ထုချေပိုင်ခွင့်ရရှိအောင် ကျုပ်တို့က အစွမ်းကုန် ကြိုးစားပါမယ်၊ ဒါဟာ ကျုပ်တို့ရဲ့ လုပ်ပိုင်ခွင့်တစ်ခုပဲ ရှိပါတယ်'

ပေါက်လုံက ပြုံးပြုံးလိုက်သည်။

## နိဂုံး

ပြောလဲ့လဲ့ ကောင်းကင်ပေါ်၌ တိမ်လိပ်တိမ်တိုက်ဟူ၍ စိုးစဉ်းမျှ မရှိပါ။

တသွင်သွင် စီးဆင်းနေသော ရေပြင်သည် နေရောင်ခြည်အောက်တွင် ရွှေရောင်သမ်းနေ၏။

ပေါက်လုံသည် နောက်သို့လှည့်မကြည့်ဘဲ ရှေ့သို့ ခြေလှမ်းစာင်လှမ်းချင်း မှန်မှန် လှမ်းသွားလေသည်။

ရှောင်လုံနှင့် မစန္ဒာတို့သည် ဆိတ်ဆိတ်နေ၍ လိုက်သွားလေသည်။

သူသည် သဲသောင်ပြင်သို့ ရောက်ရှိသွားသည်နှင့် ခြေလှမ်းရပ်တန့်လိုက်လေသည်။

'ကျေးဇူးတင်ပါတယ်၊ ခင်ဗျားတို့ရဲ့ စေတနာကိုလဲ နားလည်လိုက်ပါတယ်'

သူက ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်က အဖမ်းခံချင်ပါတယ်၊ ဒါပေမယ့် အရှင်လတ်လတ်တော့ အဖမ်းမခံချင်ပါဘူး'

မစန္ဒာက....

'ကျွန်မတို့ကတော့ စတ္တရားအရ လုပ်နေရပေမယ့် စိတ်ကောင်းဘူးဆိုတာ ယုံကြည်ပါ'

ပေါက်လုံက ပြုံးလိုက်သည်။

'ကျုပ် ယုံကြည်ပါတယ်၊ မစန္ဒာကိုလဲ ကျေးဇူးတင်ပါတယ်'

သူသည် တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

'ကဲ... အချိန်ကုန်ပါတယ်၊ ကျုပ်ကို မိအောင် ကြိုးစားပေတော့'

ရှောင်လုံက လက်နှင့်ဖျသ်ဆုပ်လိုက်သည်။

'ကျုပ်တို့ကတော့ စမ်းလို့မရတော့ပါဘူး၊ ရှိဘူးရင်လဲ ထည်းခံပါခင်ဗျာ'

သူသည် ပြောပြီးသည်နှင့် ပေါက်လုံအား စတင်တိုက်ခိုက်လိုက်လေသည်။

မစန္ဒာကလည်း ညှပ်ပူးညှပ်ပိတ် တိုက်ခိုက်လိုက်လေသည်။

ပေါက်လုံမှ အပြုံးပျက် တုံ့ပြန်တိုက်ခိုက်လိုက်သည်။

သူတို့သုံးယောက်သည် သူတစ်ပြန်ကိုယ်တစ်ပြန် တိုက်ခိုက်နေကြလေသည်။



မစန္ဒာနှင့် ရှောင်လုံတို့သည် ပေါက်လုံနှင့် နပန်းတွေ့နေတော့ တိုက်ခိုက်လာသောအခါ ပေါက်လုံ၏ သိုင်းပညာမှာ အလွန်ကြောက်မက်ဖွယ်ရာကောင်းသည်ကို တွေ့ရှိလိုက်ရလေသည်။

အကောင်း၌ တစ်ဦးချင်းသာ တိုက်ခိုက်မည်ဆိုလျှင် ပေါက်လုံအား နိုင်မည်မဟုတ်ဟု သူတို့က နားလည်ထားကြလေသည်။

ထို့ကြောင့် သူတို့သည် အားရှုံးစိုက်စွာဖြင့် မိမိတတ်ကျွမ်းသမျှသိုင်းကွက်ကို ထုတ်ဖော်အသုံးပြုပြီး တိုက်ခိုက်လိုက်လေသည်။

သူတို့၏ သုံးပွင့်ဆိုင်တိုက်ပွဲသည် တစ်ထောက်တစ်စ ပြင်းထန်လာလေသည်။

သူတို့သည် သိုင်းကွက်တစ်ရာကျော်ခန့် တိုက်ခိုက်သွားပြီးသောအခါ မှောင်စပြုလာလေသည်။

သူတို့သုံးယောက်လုံးမှာ ခြေကုန်လက်ပန်း ကျလာကြလေသည်။

တိုက်ခိုက်ရင်း ပေါက်လုံက နောက်သို့ ခြေနှစ်လှမ်းခန့် ဆုတ်သွားပြီး လက်ကာပြလိုက်သည်။

'ခေတ္တနားကြပါစို့'

မစန္ဒာနှင့် ရှောင်လုံတို့လည်း ရပ်တန့်သွားလေသည်။

ပေါက်လုံက....

'ညမှောင်လာပြီ၊ မိုးတုတ်လဲမရှိဘူး၊ ဒါကြောင့် ငါတို့ရဲ့ ယှဉ်ပြိုင်မှုပွဲကို တစ်ညတာနားပြီး မနက်ဖြန် အရှက်လင်းတော့တဲ့ အချိန်မှာ ပြန်စကြမယ်'

မစန္ဒာနှင့် ရှောင်လုံတို့သည် မည်ကဲ့သို့ အဖြေပေးရမည်ကို မသိဘဲ ကြောင်အမ်းအမ်းဖြစ်၍ ရပ်နေ၏။

ပေါက်လုံက....

'ကျုပ် ဗိုက်ဆာလှပြီ၊ ခင်ဗျားတို့လဲ ဗိုက်ဆာကြရောပေါ့၊ ပြန်စားကြဦးမယ်'

ပေါက်လုံ၏ ဟန်မူရာများသည် သူသေကိုယ်သေ တိုက်ခိုက်နေကြသော ရန်သူနှင့် လုံးဝမတူဘဲ မိတ်ဆွေများ၏အလေသံနှင့် တူလှပေသည်။

ရှောင်လုံနှင့် မစန္ဒာတို့သည် မဘက်သနတော့ဘဲ သူ့နောက်သို့ လိုက်သွားကြလေသည်။

* * *

ဧည့်ခန်းထဲတွင် ဖယောင်းတိုင်မီးများဖြင့် လင်းထိန်နေ၏။

ပေါက်လုံသည် စားသောက်ဖွယ်ရာများကို ကိုယ်တိုင်သယ်ယူ၍ စားပွဲပေါ်၌ တည်ခင်းဧည့်ခံလေသည်။

'အားရပါးရ စားကြပါခင်ဗျာ၊ ဒီသို့ ဆိတ်သားကင်နဲ့ ထမင်းခြောက်တွေဟာ ကျုပ် အထူးသိမ်းဆည်းထားတဲ့ ရိက္ခာတွေပါ'

သူသည် ရင်းနှီးသော မိတ်ဆွေကို တည်ခင်းဧည့်ခံနေသည့်အလား ပြုံးပြုံးရွှင်ရွှင် ပြောဆိုနေ၏။

ရှောင်လုံနှင့် မစန္ဒာတို့မှာ မည်ကဲ့သို့ ပြောရမှန်းမသိ ခေါင်းငိုက်စိုက်ချကာ စားသောက်နေကြလေသည်။

စားသောက်ပြီးသောအခါ ပေါက်လုံက ဤသို့ အကြံပြုသည်။



'ခင်ဗျားတို့ အိပ်ခန်းထဲမှာ မင်းတုပ်ထိုးပြီး အိပ်ကြပါ၊ ကျုပ်ကတော့ မအိပ်ချင်သေးဘူး၊ ဒီမှာပဲ နေခဲ့မယ်၊ အိပ်ချင်ရင် ဒီမှာပဲအိပ်မယ်၊ မနက်ဖြန်အရုဏ်တက်ရင် ဆက်ပြီးတိုက်ခိုက်ရအောင် ကျုပ် သဲသောင်ပြင်မှာ စောင့်နေမယ်'

မစန္ဒာနှင့် ရှောင်လုံတို့သည် စကားတစ်ခွန်းမျှ မပြောကြတော့ဘဲ မိမိ၏အိပ်ခန်းရှိရာသို့ ကိုယ်စီကိုယ်ငပြန်သွားကြလေသည်။

သူတို့သည် အလွန်ပင်ပန်းနေပြီဖြစ်ရာ အခန်းတံခါးကို မင်းတုပ်ချကာ အိပ်ရာပေါ်သို့ လဲလျောင်းလိုက်သည်နှင့် အိပ်ပျော်သွားလေသည်။

* * *

အရုဏ်ဦး၏ရောင်ခြည်သည် အရှေ့ဘက်မှစတင် ပေါ်ထွက်လာပြီ ဖြစ်လေသည်။

ရှောင်လုံနှင့်မစန္ဒာတို့သည် သဲသောင်ပြင်သို့ ပြိုင်တူရောက်ရှိလာကြလေသည်။

'ကဲ....စကြမယ်၊ နေထွက်လာတာနဲ့ ကူးတို့လှေရောက်လာပါတော့မယ်'

ရှောင်လုံနှင့် မစန္ဒာတို့က စကားတစ်ခွန်းမျှမပြောဘဲ ပြိုင်တူ တိုက်ခိုက်လိုက်သည်။

ပေါက်လုံကလည်း တုံ့ပြန်တိုက်ခိုက်လိုက်သည်။

သူတို့သည် သိုင်းကွက်သုံးဆယ်ခန့်အထိ တိုက်ခိုက်သွားသည့်တိုင်အောင် လက်ရည်ညီနေ၏။

သူတို့သည် ဆက်လက်တိုက်ခိုက်လိုက်ရာ သိုင်းကွက်ခြောက်ဆယ်အထိ ရောက်ရှိလာသောအခါ ပေါက်လုံး ရုတ်တရက် နောက်သို့ဆုတ်သွားပြီး လက်နှစ်ဖက်ပြိုင်တူ ဝှေ့ရမ်းလိုက်ရာ သူ့လက်ထဲတွင် အရောင်ဝင်းလက်နေသော ဓားလွယ်နှစ်လက် ပါရှိလာလေသည်။

'ဟား…'

သူက ယင်းသို့အော်ရင်း သူတို့ထံ တစ်ဟုန်ထိုးပြေးဝင်လာလေသည်။

ရှောင်လုံနှင့်မစန္ဒာတို့က ထိတ်လန့်ဖြစ်သွားသည်။

လက်ဝါးနှစ်ဖက်စီဖြင့် ပြိုင်တူဘုန်းထုတ်လိုက်လေသည်။

ဤတိုက်ကွက်သည် သူသေကိုယ်သေတိုက်ခိုက်သော နောက်ဆုံးတိုက်ကွက်ဖြစ်သည်။

ပေါက်လုံး၏ဓားပညာမှာ စည်မျဉ်းကျမ်းကျင်သည်ကို သူတို့အသိနှင့်ပြီးဖြစ်သည်။

ထို့ကြောင့် ပေါက်လုံက ဓားလွယ်နှစ်လက်ဖြင့် တစ်ဟုန်ထိုးပြေးဝင်လာသောအခါ သူတို့သည် ရှောင်တိမ်း၍မရမှန်း သိလိုက်သဖြင့် အံကိုတင်းတင်းကြိတ်လိုက်ပြီး သူသေကိုယ်သေဟူသောသိုင်းကွက် ပြိုင်တူအသုံးပြုလိုက်ကြလေသည်။

'ဝုန်း'

ပေါက်လုံး၏ခန္ဓာကိုယ်သည် လွင့်စဉ်သွားလေသည်။

ထို့နောက် သဲသောင်ပြင်ပေါ်သို့ လဲကျသွားသည်။

ရှောင်လုံနှင့် မစန္ဒာတို့က အံ့သြခြင်းမစ အံ့သြသွားသည်။



သူတို့တင်ထားသည်မှာ ပေါက်လုံး၏ဓားနှစ်လက်က သူတို့ရင်ဝကိုထိုးစိုက်လိုက်လိမ့်မည်ဟု ထင်မှတ်ထားသည်။

ယခုမှာမူ သူတို့၏ရင်ဝမှာ ဓားကိုမတွေ့ရပါ။

သူတို့သည် လဲကျနေသော ပေါက်လုံးအား ကြည့်လိုက်ရာ ပေါက်လုံး၏လက်ထဲမှာလည်း ဓားကိုမတွေ့ရပါ။

သူတို့သည် နောက်သို့လှည့်ကြည့်လိုက်သောအခါ ဓားလွယ်နှစ်လက်သည် သူတို့နောက် တစ်လံအကွာရှိ သဲသောင်ပြင်ပေါ်သို့စိုက်နေသည်ကို တွေ့မြင်ရလေသည်။

ထို့နောက် သူတို့သည် သဘောပေါက်နားလည်သွားကြပြီး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပေါက်လုံးအနားသို့ ပြိုင်တူလျှောက်သွားကြလေသည်။

ထို့နောက် ပေါက်လုံးအား တွဲထူလိုက်သည်။

ပေါက်လုံး၏ နှုတ်ခမ်းထောင့်မှာ သွေးများစီးဆင်းကျနေသည်ကို တွေ့လိုက်ရလေသည်။

မစန္ဒာက ကရုဏာသက်စွာကြည့်ရင်း…

'ရှင်က ကျွန်မတို့ကို ဓားနဲ့ပေါက်သတ်ပြီလို့ထင်ပြီး ကျွန်မတို့လဲ သူသေကိုယ်သေပြီးတော့ တုံ့ပြန်လိုက်တာ'

ပေါက်လုံက ဖြည်းညင်းစွာ ခေါင်းညိတ်လိုက်သည်။

'ကျုပ်နားလည်ပါတယ်၊ မင်းတို့ကို ဒီလိုတိုက်ကွက်မျိုး အသုံးပြုလာအောင် ကျုပ်က ဓားထုတ်ပြလိုက်တာဖြစ်ပါတယ်'

ရှောင်လုံက…

'ခင်ဗျားက ကျုပ်တို့ကိုသတ်ဖို့အခွင့်အရေးရှိရဲ့သားနဲ့ ဘာကြောင့် လက်လွှတ်ဆုံးရှုံးခံလိုက်ရတာလဲ'

ပေါက်လုံက မချိပြုံးပြုံးလိုက်လေသည်။

'ကျုပ်က ချောဟုန်ကိုပေးထားတဲ့ကတိကို ဘယ်တော့မှမဖျက်နိုင်ပါဘူး၊ ချောဟုန်က ကျုပ်ကို ဒီမြေပုံတစ်ခုသာ ချန်းကိုပေးခဲ့စဉ်တုန်းက အပြစ်မဲ့တဲ့သူအပေါ် အသုံးမပြုရဘူးလို့ ကတိတောင်းထားပါတယ်'

သူသည် မောဟိုက်လာသဖြင့် ခေတ္တနားလိုက်ပြီးမှ စကားဆက်လိုက်ပြန်လေသည်။

'ကျုပ်မှာ လူအများကြီးကို သတ်ခဲ့တဲ့အတွက် အပြစ်ရှိပါတယ်၊ ဒါပေမယ့် အခုထိ ကျုပ်သတ်ခဲ့တဲ့လူတွေဟာ အပြစ်မဲ့တဲ့လူတစ်ယောက်မှ မပါပါဘူး'

သူသည် ဝေဒနာခံစားလာရသဖြင့် မျက်နှာတစ်ခုလုံးရှုံ့မဲ့လိုက်လေသည်။ သို့သော် သူ၏စကားကို ကြိုးစား၍ဆက်ပြောပြသည်။

'မင်းတို့နှစ်ယောက်ဟာ ဘာအပြစ်မှမရှိတဲ့ ကျုပ်ကမင်းတို့ကို သတ်လိုက်ရင် ချောဟုန်ကိုပေးထားတဲ့ကတိ ပျက်သွားမှာပေါ့၊ ကျုပ်ကသူနဲ့ပြန်တွေ့တဲ့အခါမှာ မျက်နှာဘယ်လိုလုပ် ပြရမှာလဲ'

မစန္ဒာက ကျိတ်၍ အက်ပြင်းချလိုက်လေသည်။

ပေါက်လုံသည် တစ်ပတ်စွန်းရောက်နေသည်မှန်သော်လည်း လူ၏လုပ်ရပ်မှာ မှားသည်ဟောဟု မှတ်ချက်ချရန်ခက်ခဲနေ၏။

ပေါက်လုံသည် ဒုစရိုက်သားကောင် တစ်ယောက်အဖြစ် သတ်မှတ်ခြင်း ခံရသော်လည်း သူ့ချစ်သူအပေါ် ကတိသစ္စာရှိသည်။



ထို့ကြောင့် သူမသည် ပေါက်လုံအပေါ် အပြစ်ဘင်္ဂရခည်လော၊ သနားရမည်လောဟု ဝေခွဲမရ ဖြစ်နေ၏။

ရှောင်လုံကလည်း တိတ်ဆိတ်နေ၏။

သူသည် ပေါက်လုံအပေါ် ကြောက်မက်ဖွယ်ရာ ကောင်းသော လူသတ်သမားတစ်ယောက်ဟု ထင်မှတ်ထားခြင်းမရှိတဲ့ မိတ်ဆွေတစ်ယောက်ဟု ထင်မှတ်နေသည်လော။

သူ့မျက်နှာပေါ်တွင် ပေါ်နေသော ဟန်အမူအရာများမှာ ဆို့နင့်နေ၏။

ထိုအချိန်တွင် ပေါက်လုံ၏ ခန္ဓာကိုယ်တစ်ချက် တွန့်လိမ်လိုက်သည်။ ထို့နောက် အသံတိုးတိုးညင်းညင်း ထွက်ပေါ်လာသည်။

'ကျုပ်သွားတော့မယ်၊ ချောဟုန်ကလာခေါ်နေပြီလေ'

သူသည် စကားဆုံးသွားသည်နှင့် မျက်လွှာချလိုက်လေသည်။

ခေါင်းငိုက်စိုက်ချကာ ငြိမ်သက်သွားလေသည်။

ရှောင်လုံနှင့်မစန္ဒာတို့က သူ့အား ဝေခွဲ၍မရသောအကြည့်မျိုးဖြင့်ကြည့်နေကြ၏။

ပေါက်လုံသည် တမလွန်ဘဝ ရောက်ရှိနေသော ချောဟုန်အား တွေ့ဆုံမိသည်လော။

သူတို့ မသိကြပါ။

သို့သော် ပေါက်လုံ၏မျက်နှာတစ်ခုလုံးမှာ အေးချမ်းသာယာသော အမူအရာများ ဖြစ်ပေါ်နေ၏။

သူ၏ နှုတ်ခမ်းမှလည်း ပြုံးသယောင်သမ်း၍နေသည်။

ရှောင်လုံသည် ပေါက်လုံ၏အလောင်းကို ပွေ့ချီလိုက်သည်။ ထို့နောက် ခြေလှမ်းမှန်မှန်ဖြင့် အိမ်ကြီးထဲသို့ ဝင်သွားလေသည်။

သူတို့သည် သူ၏ခေါင်းထဲသို့ မြန်သည် ထည့်ပေးလိုက်သည်။

ထို့နောက် သူတို့နှစ်ယောက်သည် ငြိမ်သက်စွာဖြင့် ပေါက်လုံ၏ အလောင်းကို နှုတ်ဆိတ်ကြည့်သည်အခန့်နှင့် ကြည့်လိုက်လေသည်။

ရှောင်လုံ၏ရင်ထဲတွင် ဤသို့ ပြောဆိုလိုက်လေသည်။

'ပေါက်လုံ... ဤလောကပေါ်မှာ တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ ဘယ်သူကမှ တယ်သူ့ရဲ့အသက်ကို ကိုယ့်ဆန္ဒနဲ့ကိုယ် အဆုံးပိုင်ခွင့် မရှိဘူး၊ ခင်ဗျား သတ်လိုက်တဲ့ လူဟာ အပြစ်ကျူးလွန်ခဲ့ရင်လဲ သက်ဆိုင်ရာ အာဏာပိုင်ကို တိုင်ကြားရပါလိမ့်မယ်၊ သက်ဆိုင်ရာ အာဏာပိုင်တို့က စီရင်မှုကို လက်ခံပြီး စုံစမ်းစစ်ဆေးပါလိမ့်မယ်၊ အပြစ်ကျူးလွန်တာကို အထောက်အထား ထင်ရှားရင်တော့ ကျူးလွန်တဲ့ပြစ်အလိုက် ပြစ်ဒဏ်ချမှတ်ပေးမှာသာ ဖြစ်ပါတယ်၊ ဒါဟာ အမှန်တန်ဆုံးနဲ့ တရားအမျှတဆုံးနည်းလမ်းပဲ ဖြစ်ပါတယ်၊ သို့သော်လောကမှာတော့ အကြောင်းအမျိုးမျိုးကြောင့် ကိုယ့်လူတစ်ယောက် အသတ်ခံလိုက်ရရင် သက်ဆိုင်ရာ အာဏာပိုင်ကို တိုင်ကြားခြင်း မရှိဘဲ လူစုဖွဲ့ပြီး တစ်ဖက်လူကို သွားပြီး လက်စားချေတယ်၊ တစ်ဖက်လူကလဲ ပြန်ပြီး လက်စားချေတယ်၊ ဒီလိုနဲ့ပဲ အသက်မသေသင့်



တဲ့ လူတွေဟာ အလဟဿ အသက်များ ဆုံးရှုံးသွားရပါတယ်၊ သို့သော် တစ်ခုလုံးမှာလဲ သွေးစိမ်းနံ့တွေ လွှမ်းမိုးသွားတော့ ဖြစ်ပါတယ်၊ ဒီလို မင်းမဲ့စရိုက်ဆန်တဲ့ အပြုအမူတွေဟာ ဘယ်သူ့ကိုမှ အကျိုးမပြုပါဘူး၊ အားလုံးအတွက် သောကပင်လယ်ဝေ သာထဲကို ဆွဲသွင်းလိုက်တာနဲ့ အတူတူပဲ၊ အသင်ပေါက်လုံ၊ အသင်ကတော့ လွန်ခဲ့တဲ့ဝမှာကျူးပ်ရင်ထဲမှာဖြစ်နေပါနေတဲ့ စကားလုံးများကို ကြားသိနိုင်မယ်ဆိုရင် အသင်ပေါက်လုံရဲ့ လုပ်ရပ်ဟာ တယ်သောက်ထိ မှားနေတယ်ဆိုတာ သတိသံဝေဂ ရဖို့ကောင်းပါပြီ'

သူသည် ယင်းသို့ တစ်ကိုယ်တည်း တွေးတောရင်း၊ အေးစိမ့်ပြီး မှောင်မည်းနေသော မြေအောက်ခန်းထဲမှ လှမ်းထွက်လိုက်လေသည်။

အပြင်ဘက်၌ နေလုံးကြီးက ဘက်သာနေပြီဖြစ်လေသည်။

နွေးထွေးသော နေရောင်ခြည်များသည် ကျွန်း ကလေး တစ်ခုလုံးသို့ ထိုးကျနေ၏။

သူတို့နှစ်ယောက်သည် စကားတစ်ခွန်းမျှ မပြောကြဘဲ ပခုံးချင်းယှဉ်၍ အိမ်ကြီးထဲမှ ထွက်လာကြလေသည်။

ထို့နောက် သဲသောင်ပြင်ရှိရာသို့ လျှောက်သွားလေသည်။

သူတို့သည် စောစောကခင်းသေသန့်များကို တဝကြီး ရှူရှိုက်လိုက်ကြသည်။

ဝန်းကျင်တစ်ခုလုံးကိုလည်း ဝေ့ကြည့်လိုက်သည်။

တောတောင်ရေမြေ၏ ရှုခင်းများသည် လှပ၍ သာယာနေ၏။

မစန္ဒာက သက်ပြင်းတစ်ချက် ချလိုက်လေသည်။

'သဘာဝ စွမ်းအားရှင်ဟာ ကျွန်မတို့ကို ဒီလောက် အေးချမ်းသာယာတဲ့ကမ္ဘာကို ဖန်တီးပေးထားလျက်နဲ့ လူတချို့ဟာ ဘာကြောင့် အေးအေးချမ်းချမ်း၊ သာသာယာယာမနေနိုင်ကြတဲ့ သောကပင်လယ်ဝေရအောင် လုပ်နေကြတယ်ဆိုတာ ကျွန်မဖြေရှင်း စဉ်းစားလို့ကို မရဘူး'

ရွှောင်လုံက ရေပြင်ကိုလှမ်းကြည့်ရင်း ရှုတ်တရက် အော်လိုက်လေသည်။

'ဟိုမှာ... ကူးတို့လှေလာနေပြီ'

မစန္ဒာက လှမ်းကြည့်လိုက်ရာ ကူးတို့လှေတစ်စင်းသည် ကျွန်းအဝေးရှိသို့ လှမ်း၍ ဦးတည်ရွေ့လျားလာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ရွှောင်လုံက မစန္ဒာ၏ လက်ကလေးကို အသာအယာ ဆုပ်ကိုင်လိုက်လေသည်။

မစန္ဒာကလည်း လက်ကို ရုပ်သိမ်းခြင်း မပြုပါ။

သူတို့သည် တစ်ယောက်မျက်နှာကိုတစ်ယောက် အတန်ကြာစိုက်ကြည့်နေကြပြီးမှ တံတားရှိရာသို့ ယှဉ်၍ လျှောက်သွားကြလေသည်။

ကူးတို့လှေသည် သူတို့ထံ တဖြည်းဖြည်း ကပ်လာနေတော့သည်။

(ပြီးပါပြီ။)